# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်   ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့၊   အတွဲ [၅၅]၊ အမှတ် [၀၅၅]


**အရိယ သစ္စာန ဒဿနံ**
**တော်မင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**




# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

( စာမျက်နှာ - ၃ )

## ယနေ့ ဖတ်စရာ

ပြည်ထောင်စုလွှတ်တော်

**မြန်မာ-အစ္စရေး ကာကွယ်ရေး နယ်ပယ်ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ**

**မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ပါက အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အကျိုးကျေးဇူးများရရှိမည်**

စာ » ၇

**မိုးညှင်းမြို့အနီး တိုက်ပွဲဖြစ်ပွားမှုများရပ်ဆိုင်း ဒေသခံပြည်သူတို့ အေးချမ်းစွာ သွားလာနေထိုင်လျက်ရှိ**

စာ » ၁၁

# ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲကျင်းပ

သတင်းနှင့် ဓာတ်ပုံ-သက်နိုင်(ပြင်ဦးလွင်)

ပြင်ဦးလွင် နိုဝင်ဘာ ၂၃

၂၀၁၅ ခုနှစ် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ(ပြည်ချစ်) ဘုရားကြီး၏ (၁၁)ကြိမ်မြောက် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယခင်နှစ်များနည်းတူ အထက်တန်း၊ အလယ်တန်းကျောင်းသားကျောင်းသူလေးများ၏ အကအလှများ၊ မီးရှူးမီးပန်းများ ဖောက်လုပ်ပစ်လွှတ်ခြင်းတို့အပြင် ပြင်ဦးလွင်မြို့၏ အထင်ကရ အမှတ်သင်္ကေတတစ်ခုဖြစ်သည့် ရထားလုံးမြင်းယာဉ် အဖြူရောင် ၂၅ စီးကို ရောင်စုံမီးများဆင်မြန်းတပ်ဆင်လျက် လာရောက်ကြည့်ရှုကြသူ ဧည့်ပရိသတ်များ အပြင်ထူး အသွင်ထူးဖြင့် မျက်စိပသာဒကျအောင် မီးပုံးပျံကွင်းအတွင်း လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

ယခုနှစ် ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို နေ့အလှအရုပ် ၆၅ လုံး၊ စိန်နားပန် ၂၉ လုံး၊ ညမီးကျည် ၁၅ လုံး စုစုပေါင်း ၁၀၉ လုံးဖြင့် ယှဉ်ပြိုင်လွှတ်တင်ကြမည်ဖြစ်ရာ ဖွင့်ပွဲကျင်းပရာ ကွင်းအတွင်းသို့ ကျောင်းသား ကျောင်းသူလေးများ၏ အကအလှအဖွဲ့က နေရာယူ

စာမျက်နှာ ၃ ကော်လံ ၁ ❇



ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကို မြို့၏ အမှတ်သင်္ကေတ ရထားလုံးများရောင်စုံမီးထွန်း၍ ကွင်းအတွင်းလှည့်ပတ်ခြင်းဖြင့် ထူးခြားစွာ ဖွင့်ပွဲကျင်းပသည်ကို ဤသို့တွေ့ရသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အာဆီယံစီးပွားရေး

အာဆီယံဒေသသည် လူဦးရေသန်းပေါင်း ၆၂၅ သန်းနေထိုင်ရာ ဒေသကြီးဖြစ်ပါသည်။ အာဆီယံသည် ကျွန်ုပ်တို့မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံကို ကိုယ်စားပြုသည့်ဒေသဆိုင်ရာအဖွဲ့အစည်းကြီးလည်း ဖြစ်ပါသည်။ အာဆီယံကို အဓိကအားဖြင့် ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းစွာဖွံ့ဖြိုးရေးနှင့် ဒေသတွင်းပြဿနာများကို ပူးပေါင်းဖြေရှင်းရေးစသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ယခုအခါ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသော (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအသိုက်အဝန်းကို တရားဝင်ထူထောင်လိုက်ပြီဖြစ်ပါသည်။ အာဆီယံအသိုက်အဝန်းထူထောင်ခြင်းသည် အာဆီယံအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါသည်။ လာမည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်လာတော့မည်ဖြစ်ပါသည်။ အာဆီယံအသိုက်အဝန်းသည် လုံခြုံရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကဏ္ဍများအပေါ်တွင် အခြေခံထားပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) သည် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုအပေါ် အဟန့်အတားများကို ဖယ်ရှားနိုင်မည်ဖြစ်သည့်အတွက် သွင်းကုန်များအပေါ် စည်းကြပ်ကောက်ခံသော အခွန်လျှော့ချခြင်းထက် ပိုမိုကောင်းမွန်သော စီးပွားရေးအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာတော့မည်ဖြစ်ပါသည်။

အာဆီယံနိုင်ငံများအတွင်း ကုန်သွယ်မှုသည် ၂၄ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ မြင့်တက်လာပါက အာဆီယံစီးပွားရေးသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံတိုးတက်လာမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ဧပြီလ ထိပ်သီးအစည်းအဝေးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။ ဤသို့ကုန်သွယ်မှုမြင့်တက်လာသည်နှင့်အမျှ အာဆီယံတစ်နိုင်ငံချင်း စီးပွားရေးရော လူနေမှုအဆင့်အတန်းပါ မြင့်မားလာမည်ဖြစ်ပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဂျီဒီပီတိုးတက်ရေးကိုလည်း မြှင့်တင်ပေးမည်ဖြစ်သကဲ့သို့ ကမ္ဘာ့သတ္တမမြောက်အကြီးဆုံး စီးပွားရေးအင်အားကြီးဒေသကြီး ဖြစ်လာမည်ဖြစ်ပါသည်။ အာဆီယံဒေသသည် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး အလုပ်သမားအင်အားကို ပိုင်ဆိုင်ထားပြီး ယင်းတို့အထဲတွင် ငယ်ရွယ်ထက်မြက်၍ အရည်အချင်းမြင့်မားသည့် လူဦးရေမှာ သန်း ၆၀၀ ကျော်ရှိကြောင်း သိရပါသည်။ ဆိုရလျှင် အာဆီယံဒေသနေပြည်သူအများစုသည် ခေတ်အမြင်ရှိပြီး စီးပွားရေးမျက်စိအားကောင်းသူများဖြစ်ကြသည့်အလျောက် အာဆီယံနိုင်ငံများ၏ စီးပွားရေးသည် တစ်ဟုန်ထိုးမြင့်မားတိုးတက်လာဖွယ်ရှိပါသည်။ အထူးသဖြင့် အာဆီယံဒေသ၌ စီးပွားရေးမျက်နှာစာတွင် အနည်းငယ်ရှေ့ရောက်နေသည့် စင်ကာပူ၊ မလေးရှား၊ ထိုင်းတို့ကိုမှီ၍ ကျန်နိုင်ငံများက အလုပ်အကိုင်အခွင့်အလမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ နည်းပညာများစသော အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်၍ လာမည့်နှစ်များအတွင်း ကျွန်ုပ်တို့မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၏ စီးပွားရေးသည် အကောင်းဘက်ကို ဦးတည်၍ တိုးတက်ပြောင်းလဲမှုများ ရရှိလာတော့မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ယူနန်ပြည်နယ် နိုင်ငံတကာဆက်ဆံမှုတိုးမြှင့်ရေးအသင်းမှ တတိယအကြိမ် မျက်စိအတွင်းတိမ်အခမဲ့ခွဲစိတ်ကုသပေးမည်

**မန္တလေး နိုဝင်ဘာ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ကြီးကြပ်စီစဉ်မှုဖြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်လူမှုရေးအဖွဲ့အစည်း နိုင်ငံတကာကူးလူးဆက်ဆံမှုတိုးမြှင့်ရေးအသင်း၏ တတိယအကြိမ် မြန်မာ့အလင်းရောင်ခရီးစဉ်လှုပ်ရှားမှုအဖြစ် မျက်စိအတွင်းတိမ်အခမဲ့ခွဲစိတ်ကုသပေးခြင်းကို နိုဝင်ဘာ ၃၀ ရက်မှ စတင်၍ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့အလင်းရောင်ခရီးစဉ်လှုပ်ရှားမှုအဖြစ် မျက်စိအတွင်းတိမ်ဝေဒနာရှင်များကို မန္တလေးမြို့တွင် တတိယအကြိမ်မြောက် လာရောက်ခွဲစိတ်ကုသပေးခြင်းဖြစ်ပြီး တစ်ကြိမ်လျှင် လူနာ ၂၀၀ ကျော် ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခု တတိယအကြိမ်မြောက် မြန်မာ့အလင်းရောင်လှုပ်ရှားမှုတွင် ယူနန်ပြည်နယ်အမှတ်(၁)ဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်ကြီးနှင့် မျက်စိအထူးကုသမားတော်ကြီး Ms.Mei wan ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများက နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ အခမဲ့လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ရာ အဆိုပါမျက်စိအတွင်းတိမ်ရောဂါဝေဒနာရှင်များ ကြိုတင်စာရင်းပေး၍ ကုသမှုခံယူနိုင်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ကြည်ခိုင်ထံမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရေကြီးမှုကြောင့် ပျက်စီးသွားသော အင်းတော်-ဗန်းမောက်ကားလမ်း အမြန်ဆုံးပြုပြင်ပေးရန်မျှော်လင့်




စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်-ဗန်းမောက်ကားလမ်းမှ အင်းရွာကျေးရွာအနီးလမ်းမိုင်တိုင်အမှတ် (၁၉/၇)မှ(၂၀/၃) အတွင်းလမ်းမှာ ဇူလိုင်နှင့်ဩဂုတ်လများက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးသွားခဲ့သည်။

ထိုသို့ ပျက်စီးသွားသောကားလမ်းနေရာအား ယနေ့အချိန်ထိ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးခြင်း မရှိသည့်အတွက် ကားလမ်းပျက်နေရာနှင့်ကပ်လျက်ကွင်းလမ်းမှ ခရီးသွားပြည်သူများ၊ ယာဉ်ကြီး/ ယာဉ်ငယ်များမှာ အန္တရာယ်ကြားမှ ခက်ခဲဆိုးရွားစွာလမ်းကို သွားလာနေကြရကြောင်း သိရသည်။

“အင်းတော်-ဗန်းမောက် ကားလမ်းမှာ ဒီနေရာက ပျက်စီးမှုဖြစ်တာ အချိန်ကာလအတော်ကြာနေပါပြီ။ ယနေ့အချိန်ထိပြုပြင်ဆောင်ရွက်ပေးတာမတွေ့ရဘူး။ ကားလမ်းပျက်နဲ့ကပ်လျက်ကွင်းလမ်းကလည်း တော်တော်ကိုဆိုးပါတယ်။ အန္တရာယ်ကြားက ခက်ခက်ခဲခဲကို မောင်းနှင်သွားလာရတာပါ။ ဒီလမ်းနေရာလေးကို စိတ်အေးချမ်းသာစွာဖြတ်သန်းသွားလာနိုင်ရေး အမြန်ဆုံးပြုပြင်ပေးစေချင်ပါတယ်”ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

“ကျွန်တော်က ဒီ အင်းတော်-ဗန်းမောက်ကားလမ်းမှာ မကြာခဏဆိုသလို သွားလာနေတာပါ။ ဒီကားလမ်းပျက်အနီးကပ်လျက် ကျားခေါင်းတောင်တန်းတောင်ခြေက မြေသားများ ဒီနှစ်ထဲမှာပြိုကျပြီး ကတ္တရာကားလမ်းပေါ် မြေများဖုံးလွှမ်းသွားခဲ့ပါတယ်။ ဒီတစ်ရက် နှစ်ရက်အတွင်းမှာလည်း တောင်ခြေမှမြေများ အက်ကွဲနိမ့်ဆင်း ပြိုကျလာတာတွေ့ရလို့ လမ်းဌာနနဲ့ သက်ဆိုင်ရာဆက်စပ်ဌာန၊ အဖွဲ့အစည်းတွေကို ထူးခြားဖြစ်စဉ်အဖြစ် အကြောင်းကြားသတင်းပို့ခဲ့ပါတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

ထို့ကြောင့် လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ် ဘေးကင်းဝေးစေရေးအတွက် တောင်မြေထိန်းနံရံကို သက်ဆိုင်ရာများက အမြန်ဆုံးဆောင်ရွက်ပေးရန်ဒေသခံ ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**




## မိုးပွင့်အထူး(၂) စီမံချက်ကွင်းဆင်းဆောင်ရွက်

**သိန်းနီ နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ကောင်းဟော်ကျေးရွာအုပ်စု ကောင်းလောက်စောက်ကျေးရွာ ခလရ (၆၉) တပ်ကွင်းကျောင်း အထက(၂)၌ မြို့နယ်လဝကဦးစီးအရာရှိ ဦးဖုန်းမြင့်ဝေနှင့် ဝန်ထမ်းများ ကွင်းဆင်း၍ မိုးပွင့်အထူး(၂) စီမံချက်အရ နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ အသက်(၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၁၈၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၁၁-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၄၅၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀/၆၉၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၇၀/၇၉၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၀.၈၄ |
| ထိုင်း | တစ်ဘတ် | ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၅ |
| တရုတ် | တစ်ယွမ် | ၂၀၁.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၂၅ |

ခင်ရတနာ-စုစည်းသည်။

၉-၁၁-၂၀၁၅ မှ ၁၃-၁၁-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၇၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၆၈ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ပြီး နေပြည်တော်သို့ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီး ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မလေးရှားနိုင်ငံ အမျိုးသမီး၊ မိသားစုရေးရာနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးက ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**
(ဓာတ်ပုံ-ပြန်/ဆက်)

ထွက်ခွာရာ မလေးရှားနိုင်ငံ အမျိုးသမီး၊ မိသားစုရေးရာနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး YB Dato Sri Rohani Binti Abdul Karim၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်နှင့် တာဝန်ရှိသူများက ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E.Mr. Mohd Haniff Bin Abd Rahman နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(ဓာတ်ပုံ-ပြန်/ဆက်)

*❊ ရှေ့ဖုံးမှ*

ကပြတင်ဆက်ကြပြီး ပြိုင်ပွဲဝင်အသင်းများမှ အဖွဲ့ဝင်များက အသင်းဆိုင်းဘုတ်များ ကိုင်ဆောင်လျက် အိုးစည်ဒိုးပတ်၊ တိုးနရား၊ ကျောက်ဆည်ဆင်အက စသည်ဖြင့် ကပြတင်ဆက်ကာ သတ်မှတ်ထားသည့်နေရာတို့တွင် အသီးသီးနေရာယူကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူတို့က "၂၀၁၅ ခုနှစ် ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးကို ယခုအချိန်မှစ၍ ဖွင့်လှစ်လိုက်သည်" ဟု ကြေညာချက်အပြီးတွင် အရှေ့ဘက်ပွဲကြည့်စင်လေကာကုန်းပေါ်မှ ရောင်စုံမီးရှူးမီးပန်းများသည် တဖောင်းဖောင်း၊ တဒိုင်းဒိုင်းဖြင့် လှလှပပဝေဝေဆာဆာ အထက်မိုးကောင်းကင်ယံသို့ တက်ရောက်ပေါက်ကွဲသွားသည့် မြင်ကွင်းကို လာရောက်ကြည့်ရှုသူ ဧည့်ပရိသတ်များ တအံ့တသြနှင့် လက်ခုပ်လက်ဝါးများတီးပြီး ပျော်ပျော်ပါးပါးခံစားမြင်တွေ့ခဲ့ကြရသည်။

ထို့အပြင် ယခုနှစ်တွင် တစ်မူထူးခြားစွာဖြင့် ဆင်တူအဖြူရောင်ရထားလုံးမြင်းယာဉ် ၂၅ စီးတို့မှာလည်း ရောင်စုံမီးများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ကွင်းအတွင်းလှည့်ပတ်သွားလာ၍ ပြင်ဦးလွင်၏ မရိုးနိုင်သည့် အမှတ်သင်္ကေတတစ်ခုကို ဖော်ညွှန်းပြသ၍ လည်းကောင်း၊ ဖြူလွလွ ငွေနှင်းမှုန်တို့အကြား ပြာလဲ့လဲ့ မိုးသားအောက်တွင် အလှဆုံးသော ညတစ်ညဖြစ်အောင် ပုံဖော်ပေးနေ၍လည်းကောင်း ဧည့်ပရိသတ်တို့မှာ ရင်ခုန်စရာ၊ ကြည်နူးဖွယ်ရာများနှင့် ဖွင့်ပွဲအခမ်းအနားကို ဘဝအမောပြေစွာ မှတ်မှတ်ရရကြည့်ရှုခဲ့ရသည်ဟု ဆိုကြသည်။

ဖွင့်ပွဲအပြီးတွင် ၂၀၁၅ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်၏ ပထမဦးဆုံးလွှတ်တင်သည့် ဘုရားကြီးဦးစီးကော်မတီက စိန်နားပန်မီးပုံးပျံနှင့် ဆက်လက်လွှတ်တင်သည့် မီးပုံးပျံတို့ကို ဧည့်ပရိသတ်တို့က အေးချမ်းလှသည့် ရာသီဥတုကို အန်တုလျက် ငြိမ်းငြိမ်းချမ်းချမ်း ကြည့်ရှုအားပေးကြကြောင်း သိရသည်။

## ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသောစုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ဆွေးနွေးဆုံးဖြတ်ရန်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း သုံးသပ်ချက်အစီရင်ခံစာမူကြမ်းကို အတည်ပြုခြင်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းကို မှန်ကန်သော ဥပဒေကောင်းတစ်ရပ်ဖြစ်ရန်အတွက် ထပ်မံညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(သတင်းစဉ်)**

**လှိုင်းအသင့်အတင့်ရှိမည်**

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# တရုတ်နှင့်အာဆီယံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်

**ပေကျင်း နိုဝင်ဘာ ၂၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့အကြား တနင်္ဂနွေနေ့က နှစ်ဖက်ကုန်သွယ်မှုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးလိုက်ကြသည်။

အဆိုပါ သဘောတူညီချက်တွင် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုတို့ပါဝင်ပြီး မူလ အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်(အေစီအက်ဖ်တီအေ)ကို ထပ်လောင်းဖြည့်စွက်ခြင်းဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများက တရုတ်နိုင်ငံနှင့်အတူ ကူးသန်းရောင်းဝယ်ရေး ဆက်သွယ်ရေးနည်းပညာ၊ ဆောက်လုပ်ရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ရေးရာ၊ ဘဏ္ဍာရေး၊ ခရီးသွားနှင့်ပို့ဆောင်ရေးကဏ္ဍများ မြှင့်တင်ရန်ကြိုးပမ်းနေချိန် တရုတ်နိုင်ငံကလည်း ဝန်ဆောင်မှု၊ ဆောက်လုပ်ရေးအင်ဂျင်နီယာအတတ်ပညာများ၊ ခရီးသွားအေဂျင်စီနှင့်ခရီးသွားလုပ်ငန်းများတွင် မြှင့်တင်သွားရန် သန္နိဋ္ဌာန်ချထားသည်ဟု ဆိုသည်။

အေစီအက်ဖ်တီအေသည် အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ၂၀၀၂ခုနှစ်တွင် ကနဦးသဘောတူညီပြီး ၂၀၁၀ ခုနှစ်တွင်အပြီးသတ်သဘောတူခဲ့သည့် လွတ်လပ်စွာ ကုန်သွယ်ရေးဒေသဖြစ်သည်။ နှစ်ဖက်ကုန်သွယ်မှုပမာဏသည် ၂၀၀၂ ခုနှစ်က အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၈ ဘီလီယံသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၄၈၀ ဒသမ ၄ဘီလီယံအထိတိုးလာခဲ့ရာ ကိုးဆနီးပါးကုန်သွယ်မှုမှာ တိုးတက်လာခဲ့သည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် အာဆီယံ၏အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သကဲ့သို့ အာဆီယံသည်လည်း တရုတ်နိုင်ငံ၏တတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သည်။ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ ကျော်အထိရှိလာကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ နှစ်ဖက်က ၂၀၂၀ ပြည့်နှစ်အရောက်တွင် နှစ်ဖက်ကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ တစ်ထရီလီယံ အထိရောက်ရှိရန် မျှော်မှန်းထားသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**




## ဘရပ်ဆဲလ်၌ အရေးပေါ်အကြမ်းဖက်တိုက်ခိုက်မည့်အန္တရာယ်သတိပေးမှု ဆက်လက်ထားရှိမည်ဟု ဘယ်လ်ဂျီယံဝန်ကြီးချုပ်ပြောကြား

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂၃**

အမြင့်ဆုံး ဖြစ်နိုင်သော အရေးပေါ် အကြမ်းဖက်တိုက်ခိုက်မည့်အန္တရာယ် သတိပေးမှုအဆင့် ၄ ကို ဘရပ်ဆဲလ်ဒေသ၌ ဆက်လက်ထားရှိမည်ဟု ဘယ်လ်ဂျီယံ ဝန်ကြီးချုပ် ချားစ်မိုက်ကယ်က နိုဝင်ဘာ ၂၂ရက် ညနေ၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ အတည်ပြုပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံ အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်လေ့လာရေးအဖွဲ့၏ ခန့်မှန်းဆုံးဖြတ်ချက်အရ ဘယ်လ်ဂျီယံနိုင်ငံ၏ အခြားဒေသများတွင် အရေးပေါ် အကြမ်းဖက်တိုက်ခိုက်မည့် အန္တရာယ်သတိပေးမှုအဆင့် ၃ ကို ထားရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ပါရီတိုက်ခိုက်မှုနှင့် ပုံစံတူ တိုက်ခိုက်မှုမျိုး ဖြစ်ပွားမှာ စိုးရိမ်ကြောက်လန့်မိကြောင်း ဘယ်လ်ဂျီယံ ဝန်ကြီးချုပ်က ပြောကြားသည်။

ဘရပ်ဆဲလ်ဒေသရှိ ကျောင်းများနှင့် တက္ကသိုလ်များကို နိုဝင်ဘာ ၂၃ ရက်တွင်ပိတ်ထားခဲ့ပြီး ဒေသခံများကို အေးဆေးတည်ငြိမ်စွာ နေထိုင်ရန် အမြဲသတိရှိရန် ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားလိုက်သည်။

အရာအားလုံးကို ပုံမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်နေကြောင်း ၎င်းက ထပ်ကာထပ်ကာပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

## ရုရှားလုံခြုံရေးတပ်ဖွဲ့များ စစ်သွေးကြွ ၁၁ ဦးကို သုတ်သင်သတ်ဖြတ်

**မော်စကို နိုဝင်ဘာ ၂၃**

ရုရှားလုံခြုံရေးတပ်ဖွဲ့များက အိုင်အက်စ်စစ်သွေးကြွအုပ်စုများနှင့် ချိတ်ဆက်မှုရှိသည့် စစ်သွေးကြွ ၁၁ ဦးကို သုတ်သင်သတ်ဖြတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၌ဖော်ပြ သည်။

ရုရှားတောင်ပိုင်းရှိ ခါဘာဒီနို-ဘော်ခါရီယာပြည်နယ်မြို့တော် နယ်ချစ်အနီး အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးတစ်ရပ်ကို နိုဝင်ဘာ ၂၂ရက်က ရုရှားလုံခြုံရေးတပ်ဖွဲ့များက ပြုလုပ်ခဲ့ကြောင်း ရုရှားတန်ပြန်အကြမ်းဖက်နှိမ်နင်းရေးကော်မတီက ပြောခဲ့သည်။

စုံစမ်းထောက်လှမ်းမှုများမှ ရရှိခဲ့သော သတင်းအရ စစ်သွေးကြွများသည် ယင်းဒေသရှိ တောင်ကုန်းထူထပ်သောနေရာများတွင် ခိုလှုံနေကြောင်းသိရ၍ ရုရှားလုံခြုံရေးတပ်ဖွဲ့များက စစ်ဆင်ရေးပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စစ်သွေးကြွများသည် ခါဘာဒီနို-ဘော်ခါရီယာပြည်နယ်များမှ လူသစ်စုဆောင်းမှုများပြုလုပ်ပြီးနောက် ၎င်းတို့ကို ဆီးရီးယားသို့စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စစ်သွေးကြွများက လူစည်ကားရာနေရာများကို ပစ်မှတ်ထား၍ ဖောက်ခွဲတိုက်ခိုက်မှုများကို ကြိုတင်အကွက်ချ ဆောင်ရွက်နေကြောင်း ကော်မတီကပြောခဲ့သည်။ ရုရှားလုံခြုံရေးတပ်ဖွဲ့များက စစ်သွေးကြွခြေကုပ်စခန်းများမှ ဖောက်ခွဲပစ္စည်းနှစ်ခုကို သိမ်းယူနိုင်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## တိုကျိုရာဆူကူနီဘုရားကျောင်းပေါက်ကွဲမှု စုံစမ်းမှုများပြုလုပ်

**တိုကျို နိုဝင်ဘာ ၂၃**

တိုကျိုမြို့တော် ရဲဌာနချုပ်က မြို့လယ်ရှိ ရာဆူကူနီဘုရားကျောင်း၏ သန့်စင်ခန်းထဲတွင်ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုကို လေ့လာစုံစမ်းမှုများပြုလုပ်နေသည်။ နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခန့်တွင် ရဲများက ဘုရားကျောင်းတောင်ဘက်ဂိတ်အနီး သန့်စင်ခန်းတွင် ပေါက်ကွဲမှုတစ်ခုကြားရကြောင်း ဖုန်းခေါ်ဆို သတင်းပေးမှုကို လက်ခံရရှိခဲ့သည်။

သတင်းပေးချက်အရ ရဲများက အခင်းဖြစ်ပွားရာနေရာတွင် သဲလွန်စများကိုရှာဖွေရာ မျက်နှာကြက်တွင် ၃၀ စင်တီမီတာခန့်ရှိ အပေါက်တစ်ခုကို တွေ့ရှိခဲ့သည်။ သို့သော် မည်သူမှထိခိုက်ဒဏ်ရာရခြင်းမရှိပေ။ ရဲများက အဆိုပါပေါက်ကွဲမှုသည် ဘုရားကျောင်းကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်မည်ဟု သံသယရှိနေသည်။ **(အင်န်အိတ်ချ်ကေ)**

## အမေရိကန်ပြည်ထောင်စု နယူးအော်လန်း ပစ်ခတ်မှု လူ ၁၀ ဦး ဒဏ်ရာရ

**ဟောက်စတန် နိုဝင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စု နယူးအော်လန်းတွင် နိုဝင်ဘာ ၂၂ ရက်ညက ဖြစ်ပွားခဲ့သော ပစ်ခတ်မှုကြောင့် အနည်းဆုံး လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရသိရသည်။

ယင်းမြို့၏ ပန်းခြံတစ်ခုတွင် ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများကို ဆေးကုသမှုခံယူရန် ဆေးရုံသို့ပို့ ဆောင်ပေးခဲ့သည်။ လက်ရှိအချိန်တွင် မည်သူမျှသေဆုံးခြင်း မရှိသေးကြောင်း၊ သို့သော် ဒဏ်ရာရရှိမှု အခြေအနေကို မသိသေးကြောင်း၊ မည်သည့်အတွက် ပစ်ခတ်မှုဖြစ်ပွားရသည်ကို မသိရသေးကြောင်း ရဲများက ပြောကြားသည်။

**(ဆင်ဟွာ)**

## ဘယ်လ်ဂျီယံအကြမ်းဖက်တိုက်ဖျက်ရေးစစ်ဆင်ရေး သံသယရှိသူ ၁၆ ဦးအား ဖမ်းဆီးထားဟုဆို

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂၃**

ဘယ်လ်ဂျီယံရဲတပ်ဖွဲ့က အကြမ်းဖက်တိုက်ဖျက်ရေးစစ်ဆင်ရေးအတွင်း သံသယရှိသူ ၁၆ ဦးကို ဖမ်းဆီးနိုင်ခဲ့သော်လည်း ပါရီတိုက်ခိုက်ရေးသေနတ်သမား ဆလက်အက်ဒက်ဆလမ်မှာ လွတ်မြောက်နေခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

တနင်္ဂနွေနေ့က ဘရပ်ဆဲလ်နှင့် ချာလီရွိုင်းတို့တွင် အကြမ်းဖက်တိုက်ဖျက်ရေး စစ်ဆင်မှု ၂၂ ကြိမ် ပြုလုပ်ခဲ့ကြောင်း ဘယ်လ်ဂျီယံအစိုးရရှေ့နေအဲရစ်ဗန်ဒါဆစ်က သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

ရဲအဖွဲ့က မွန်လန်ဘတ်တွင် စစ်ဆင်ရေးပြုလုပ်စဉ် ကားတစ်စီးကို သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ရပြီး တစ်ဦးဒဏ်ရာရခဲ့သည်ဟုဆိုသည်။ ပါရီမြို့တိုက်ခိုက်မှုအတွင်း လူပေါင်း ၁၃၀ နီးပါးသေဆုံးကာ ၃၅၀ ခန့် ဒဏ်ရာရခဲ့သည်။

တနင်္ဂနွေနေ့က ရှာဖွေစစ်ဆေးမှုများတွင် လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများ မတွေ့ခဲ့ကြောင်း မစ္စတာဗန်ဒါဆစ်က ပြောသည်။

ဘရပ်ဆဲလ်တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားနိုင်ခြေနှင့် ပတ်သက်ပြီး အမြင့်ဆုံးတပ်လှန့်သတိပေးမှုများ ပြုလုပ်ထားဆဲဖြစ်ကြောင်း၊ ကျောင်းများ၊ တက္ကသိုလ်များနှင့် မြေအောက်ရထားစနစ်များ ပိတ်ထားဆဲဖြစ်ကြောင်း ဘယ်လ်ဂျီယံဝန်ကြီးချုပ် ချာလီမိုက်ကယ်က ပြောသည်။ **(ရိုက်တာ)**



# ကမ္ဘာ့နိုင်ငံအားလုံးနဲ့သဟဇာတဖြစ်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမယ်၊ ကမ္ဘာ့ရေးရာတွေမှာ မြန်မာနိုင်ငံအနေနဲ့ တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားမယ်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်

**(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မလေးရှားနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ နိုဝင်ဘာ ၂၁ နှင့် ၂၂ ရက်တို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါအစည်းအဝေးမှ အာဆီယံအသိုက်အဝန်းထူထောင်ခြင်းဆိုင်ရာ ၂၀၁၅ ခုနှစ် ကွာလာလမ်ပူကြေညာချက်နှင့် အာဆီယံဆိုင်ရာ ၂၀၂၅ ခုနှစ် ကွာလာလမ်ပူကြေညာချက်များကို ထုတ်ပြန်ခဲ့သည်။**

**အဆိုပါထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း တက်ရောက်ပါဝင်ခဲ့ရာ တက်ရောက်ခဲ့ကြသည့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက်ပါသည်။**




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နိုင်ငံခြားရေးဝန်ကြီးဌာန

နိုဝင်ဘာ ၂၁ ရက်နဲ့ ၂၂ ရက်မှာ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်ထိပ်သီးအစည်းအဝေးတွေ ကျင်းပခဲ့ပါတယ်။ ဒီလိုကျင်းပတဲ့နေရာမှာ ၂၁ ရက် နံနက် ၉ နာရီ အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲစပြီး အာဆီယံထိပ်သီးအစည်းအဝေး Plannary Section ကို စတာပါ။ Plannary Section က အာဆီယံရဲ့ ရှေ့လုပ်ငန်းစဥ်တွေနဲ့ ပြီးခဲ့တဲ့ လုပ်ငန်းစဥ်တွေကို ပြန်လည်သုံးသပ်တာပါ။ ရှေ့လုပ်ငန်းစဥ်တွေအတွက်ကတော့ ၂၀၁၅ ခုနှစ် အာဆီယံ အသိုက်အဝန်းထူထောင်တဲ့ Conversion မှာ ထိပ်သီးနိုင်ငံ့ခေါင်းဆောင်တွေ အကုန်လုံးပါဝင်လက်မှတ်ရေးထိုးတဲ့ အစီအစဥ်၊ နောက်တစ်ခုက အာဆီယံစီမံချက်တွေကို ၂၀၂၅ အထိ ရှေ့ဆက်ပြီး ဘယ်လိုအကောင်အထည်ဖော်သွားမလဲဆိုတာ ASEAN 2025 Forging Ahead Together ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဘယ်လို အကောင်အထည်ဖော်သွားမလဲဆိုတာတွေ ဆွေးနွေးကြပါတယ်။ ပြီးရင်တော့ အာဆီယံဆွေးနွေးဖက်နိုင်ငံတွေ အာဆီယံ+၁ နိုင်ငံတွေ၊ အပေါင်း ၁ ဆိုတာ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေဖြစ်တဲ့ အာဆီယံ+ တရုတ်၊ အာဆီယံ+ ဂျပန်၊ အာဆီယံ+ ကိုရီးယား၊ အာဆီယံ+US၊ အာဆီယံ+နယူးဇီလန်၊ အာဆီယံ+ အိန္ဒိယစတဲ့ ဆွေးနွေးဖက်နိုင်ငံတွေနဲ့ ထိပ်သီးအစည်းအဝေးပွဲတွေ လုပ်တာပါ။

နောက်တစ်ခုကတော့ EAS ပါ။ EAS ဆိုတာ အရှေ့အာရှထိပ်သီးအစည်းအဝေး East Asia Summit လို့ခေါ်တယ်။ ဒီအရှေ့အာရှထိပ်သီးအစည်းအဝေးမှာတော့ နိုင်ငံပေါင်း ၁၈ နိုင်ငံပါပြီး ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးတွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှား၊ အိန္ဒိယစသည်ဖြင့် နိုင်ငံတွေအပါအဝင် အားလုံး ၁၈ နိုင်ငံက ခေါင်းဆောင်တွေ တက်ရောက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ဆွေးနွေးခဲ့ကြတဲ့ ဘာသာရပ်တွေကတော့ ကမ္ဘာတစ်လွှားမှာ ဖြစ်ပေါ်နေတဲ့ အစွန်းရောက်အကြမ်းဖက် တိုက်ခိုက်မှုတွေနဲ့ ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ အပြစ်မဲ့တဲ့ပြည်သူတွေ အတိဒုက္ခရောက်အောင် ဆောင်ရွက်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ရပ်တန့်သွားအောင် ဘယ်လိုဆက်လက်ဆောင်ရွက်ကြမလဲ။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံအားလုံးကနေ တာဝန်သိစွာနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ သတင်းအချက်အလက်တွေ ဖလှယ်ပြီးတော့ ဆွေးနွေးခဲ့ကြသလို ဒီအာဆီယံဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်ရေးကိစ္စ၊ အထူးသဖြင့် ပင်လယ်ရေကြောင်းသွားရေးကိစ္စ လုံခြုံမှုနဲ့ ကုန်သွယ်လေကြောင်းသွားလာမှုတွေမှာ လွတ်လွတ်လပ်လပ်နဲ့ လုံလုံခြုံခြုံသွားနိုင်ဖို့၊ လေယာဥ်တွေရဲ့ ပျံသန်းမှုတွေမှာလည်း လွတ်လွတ်လပ်လပ် ပျံသန်းနိုင်ခွင့်ရရှိရေး၊ တောင်တရုတ်ပင်လယ်မှာ ငြိမ်းချမ်းမှုရရှိရေး၊ တင်းမာမှုတွေမရှိဘဲနဲ့ စစ်ရေးအရ တိုးချဲ့တည်ဆောက်မှုတွေ မပြုလုပ်ရေး စသဖြင့် တောင်တရုတ်ပင်လယ်ကိစ္စရပ်တွေမှာ သက်ဆိုင်ရာနိုင်ငံတွေအချင်းချင်းငြိမ်းချမ်းစွာနဲ့ ပြေလည်စွာ ဖြေရှင်းဖို့ဆိုတဲ့ ကိစ္စရပ်တွေ အဓိကထား ဆွေးနွေးခဲ့ပါတယ်။

အလားတူပဲ ကမ္ဘာကြီးပေါ်မှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်တွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးတော့ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေအနေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ အထူးသဖြင့် အာဆီယံဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့ ပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ ပြဿနာတစ်ခုကတော့ တောမီးတွေလောင်တဲ့ နေရာကနေပြီး မီးခိုးငွေ့တွေ ပျံ့နှံ့နေတဲ့အတွက် နိုင်ငံတစ်နိုင်ငံတည်းသာမကဘဲ တခြားနိုင်ငံအတွင်းမှာပါ သက်ရောက်မှုတွေရှိတယ်။ ဒါတွေကိုလည်း ရှေ့လျှောက်ပြီးတော့ ဘယ်လိုပြုပြင်ပြောင်းလဲသွားမလဲ၊ ဘယ်လိုကာကွယ်သွားမလဲ။ နောက်တစ်ခုက ကပ်ရောဂါတွေပါ။ ကပ်ရောဂါနဲ့ပတ်သက်ပြီးတော့ ပျံ့နှံ့မှုတွေနဲ့ ကာကွယ်မှုတွေ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတဲ့ ဘာသာရပ်တော်တော်များများမှာ အမြင်ချင်းဖလှယ်ပြီးတော့ ဆွေးနွေးခဲ့တယ်။ အထူးသဖြင့်ကတော့ အာဆီယံအသိုက်အဝန်း ထူထောင်ရေးကိစ္စ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ အာဆီယံအသိုက်အဝန်း ထူထောင်တော့မှာဖြစ်တဲ့အတွက်ကြောင့် အာဆီယံအဖွဲ့ကြီးရဲ့ နှစ်ပေါင်းများစွာ ကြိုးစားဆောင်ရွက်လာခြင်းရဲ့ ရလဒ်အသီးအပွင့်အဖြစ်နဲ့ အာဆီယံအသိုက်အဝန်းတစ်ခုကို စတင်ထူထောင်တော့မယ်။ ဒီလို စတင်ထူထောင်တဲ့အခါမှာ အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းဆိုင်ရာ ကိစ္စရပ်တွေနဲ့ နိုင်ငံအသီးသီးက ဖြည့်စွမ်းရမယ့် မဏ္ဍိုင်သုံးခုရှိပါတယ်။ မဏ္ဍိုင်သုံးခုက နိုင်ငံရေးနဲ့ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ယဥ်ကျေးမှုနဲ့ ဒီမဏ္ဍိုင်ကြီးသုံးရပ်လုံးက အာဆီယံ Community လို့ ပေါ်ပေါက်လာရင် ဘယ်လိုလုပ်ငန်းတွေကို စတင်ပူးပေါင်းဆောင်ရွက်ကြမလဲ။ ပြည်သူလူထုတွေအနေနဲ့ အာဆီယံ ၁၀ နိုင်ငံရဲ့ နိုင်ငံသူနိုင်ငံသားတွေအနေနဲ့ ဘယ်လိုအကျိုးကျေးဇူးတွေ ခံစားရမလဲ။ ရှေ့ဆက်ပြီးတော့ ဘယ်လိုညီညီညွတ်ညွတ်နဲ့ဆောင်ရွက်သွားကြမလဲ။ ဥပမာ ASEAN Free Trade Area တွေပေါ်လာမယ်။ ပေါ်လာတဲ့အခါမှာ အခွန်အတုပ်တွေနဲ့ ပတ်သက်ပြီး ကင်းလွတ်ခွင့်တွေ ရရှိလာမယ်။ ပြီးရင်အဖွဲ့ဝင်နိုင်ငံအသီးသီးမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေအနေနဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကို လွယ်လွယ်ကူကူနဲ့ လွတ်လွတ်လပ်လပ်ပိုမိုပြီးတော့ ကူးလူးဆက်ဆံနိုင်မယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံတင်ပို့တဲ့ ကုန်တွေနဲ့ ပတ်သက်ပြီးတော့ အခွန်အတုပ်ကင်းလွတ်ခွင့်တွေရမယ် စသည်ဖြင့် ရှေ့ဆက်လုပ်ဆောင်သွားရမယ့် လုပ်ငန်းတွေကို အသိုက်အဝန်းတစ်ခုအနေနဲ့ သန်း ၆၀၀ ကျော်သော ၁၀ နိုင်ငံက ပြည်သူတွေအနေနဲ့ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းနဲ့ သာတူညီမျှရှိတဲ့ အခွင့်အလမ်းတွေ ရရှိဖို့အတွက် ဆက်လက်တည်ဆောက်သွားမယ်ဆိုတဲ့ ရှေ့လုပ်ငန်းစဥ်တွေ ဆွေးနွေးခဲ့တယ်။

ထိပ်သီးအစည်းအဝေးတွေ မတိုင်ခင်မှာလည်း ဝန်ကြီးများအဆင့် အစည်းအဝေးတွေ လုပ်တဲ့အခါမှာ အထူးသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တာကတော့ နိုင်ငံရေးနဲ့ လုံခြုံရေးအစည်းအဝေး၊ နောက်တစ်ခုကတော့ ACC လို့ခေါ်တဲ့ ASEAN Coordinate Counsel ဒီအစည်းအဝေးနှစ်ခုလုပ်ပြီးတဲ့အခါမှာ နိုင်ငံရေးနဲ့ လုံခြုံရေးဆိုင်ရာ ကဏ္ဍတွေမှာလည်း ဘယ်လိုရှေ့ဆက်ပြီးတော့ ဆောင်ရွက်သွားကြမလဲ။ အဓိကကတော့ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးကို ထိန်းသိမ်းသွားကြဖို့၊ အာဆီယံနိုင်ငံတွေအတွင်းမှာလည်း ရှိခဲ့ပြီးသား အစဥ်အလာဖြစ်တဲ့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကိစ္စရပ်တွေနဲ့ ဆွေးနွေးစရာကိစ္စရပ်တွေ ပေါ်ပေါက်လာရင်လည်း မိသားစုစိတ်ဓာတ်နဲ့ အဆင်ပြေချောမွေ့စွာနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းရမယ့် လမ်းစဥ်ကို ဆက်လက်ပြီးတော့ ကိုင်တွယ်ထားဖို့ဆိုတဲ့ နည်းလမ်းဖြစ်ပါတယ်။

အာဆီယံအသိုက်အဝန်းတစ်ခု ပေါ်ပေါက်လာတဲ့အခါမှာ နိုင်ငံခြားရေး မူဝါဒပိုင်းဆိုင်ရာမှာတော့ အထူးတစ်လည် ပြောင်းလဲစရာမရှိဘဲနဲ့ ဒီထက်ပိုပြီးတော့ ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ကောင်းမွန်တဲ့ တူညီဆန္ဒတွေကိုရယူပြီး ဒေသကြီးတစ်ခုလုံးနဲ့ ပြင်ပကမ္ဘာ့နိုင်ငံတွေ၊ အထူးသဖြင့် ဆွေးနွေးဖက်နိုင်ငံတွေ၊ နောက်တစ်ခါ EAS ဆိုတဲ့ အာရှထိပ်သီးအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံတွေတင်မကဘဲနဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရဲ့ ကျန်တဲ့ ဒေသအသီးသီးကနိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံတဲ့အခါမှာလည်း အာဆီယံ ၁၀ နိုင်ငံရဲ့ အခန်းကဏ္ဍနဲ့ အာဆီယံရဲ့ ဗဟိုကျမှုကို ဆက်လက်ထိန်းသိမ်းသွားပြီး ရှေ့ကဏ္ဍအသီးသီးမှာလည်း အာဆီယံရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ စည်းလုံးညီညွတ်မှုကို ပြသနိုင်တဲ့ ရှေ့လုပ်ငန်းစဥ်ချမှတ်သွားဖို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကလည်း အခုအချိန်မှာတော့ နိုင်ငံအားလုံးနဲ့ တန်းတူရည်တူရှိမှု၊ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်မှုကြီး (၅)ချက်ကို အခြေခံပြီးတဲ့အခါမှာ နိုင်ငံအားလုံးနဲ့ မိတ်ဝတ်မပျက် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားဖို့ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေရဲ့ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းထားဖို့၊ မြန်မာနိုင်ငံရဲ့ လွတ်လပ်တက်ကြွပြီးတော့ ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒအရပဲ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိနဲ့ နိုင်ငံအားလုံးနဲ့ တန်းတူရည်တူရှိရှိ ရှေ့ကိုလျှောက်လှမ်းဆက်ဆံသွားဖို့ လိုပါတယ်။ နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာလည်း ပိုမိုပွင့်လင်းမြင်သာလာတဲ့အလျောက် မိမိနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာလည်းပဲ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ သဟဇာတဖြစ်ပြီးတော့ ညီညီညွတ်ညွတ်နဲ့ ချစ်ချစ်ခင်ခင်ပူးပေါင်းဆောင်ရွက်သွားမယ်။ ကမ္ဘာ့အရေးအခင်းတွေ၊ ကမ္ဘာ့ရေးရာတွေရှိလာရင်လည်းပဲ မြန်မာနိုင်ငံအနေနဲ့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားမယ်ဆိုတဲ့ မူဝါဒကိုလည်း ဆက်လက်ပြီးတော့ အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်တဲ့အခါမှာလည်း အခုလို Community ပေါ်ပေါက်လာတဲ့အတွက် မိမိတို့ချမှတ်တဲ့ နိုင်ငံခြားရေး မူဝါဒနဲ့အညီ နိုင်ငံအားလုံးနဲ့ ဒီထက်ဒီထက်ပိုပြီးတော့ ကောင်းမွန်တဲ့ ဆက်ဆံရေးတွေ ထူထောင်ပြီးတဲ့အခါမှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုအားလုံးရဲ့ တိုးတက်စည်ပင်ဖွံ့ဖြိုးရေးအတွက်ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

အခုအစည်းအဝေးမှာ အဓိကအားဖြင့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်း အဓိကထားပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်းထူထောင်ခြင်းအပိုင်းမှာ အသိုက်အဝန်းသုံးခုရှိပါတယ်။ အသိုက်အဝန်းတစ်ခုကတော့ အာဆီယံနိုင်ငံရေးနဲ့ လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနဲ့ ယဥ်ကျေးမှုအသိုက်အဝန်းတို့ဖြစ်ပါတယ်။ အသိုက်အဝန်း သုံးခုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ တစ်ပြိုင်နက်တည်း နိုင်ငံအားလုံးမှာ ထူထောင်ဖို့အတွက် အဆုံးအဖြတ်လုပ်ကြတာဖြစ်ပါတယ်။ အဲဒါက အာဆီယံအသိုက်အဝန်းကြီးတစ်ခုလုံးရဲ့ အောင်မြင်မှုအနေနဲ့ဆွေးနွေးကြတာဖြစ်ပြီး မလေးရှားနိုင်ငံအနေနဲ့ မနှစ်က ကျွန်တော်တို့နိုင်ငံက ဥက္ကဋ္ဌလုပ်ခဲ့တဲ့ အာဆီယံအသိုက်အဝန်းထူထောင်ခြင်းဆိုင်ရာ ကြိုတင်ဆောင်ရွက်ချက်အပေါ်မှာအခြေခံပြီး မလေးရှားက ဒီအာဆီယံအသိုက်အဝန်းကို လာမယ့် ဒီဇင်ဘာ ၃၁ ရက်မှာ အပြီးထူထောင်သွားမယ်ဆိုတဲ့ သဘောတူညီချက်ကို ကွာလာလမ်ပူကြေညာစာတမ်းမှာ ဖော်ပြပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

စီးပွားရေးအတွက်က အထူးသဖြင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြင်ဆင်ပြီး ဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေး အသိုက်အဝန်းမှာ အပိုင်းလေးပိုင်းရှိပါတယ်။ နံပါတ်တစ်က အာဆီယံ၏ တစ်ခုတည်းသော ထုတ်လုပ်မှုဖြစ်ပါတယ်။ အာဆီယံဒေသတွင်းထုတ်လုပ်မှုဆိုရင် အခုဥရောပနိုင်ငံမှာ Made in EU လို့ရေးတယ်။ ကာလရှည်မှာ Made in ASEAN လို့ရေးနိုင်အောင် တစ်ခုတည်းသော ထုတ်လုပ်မှုမှာ ပုံစံလည်းတူမယ်။ အရည်အသွေးလည်းတူမယ်ဆိုတာတွေကို ညှိနှိုင်းဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်တစ်ခုက ကုန်စည်ကုန်သွယ်ရေးလို့ခေါ်တဲ့ ကုန်စည်တွေကို အာဆီယံဒေသတွင်း ၁၀ နိုင်ငံမှာ လွတ်လပ်စွာ စီးဆင်းခွင့်ဖြစ်ပါတယ်။ ကျွမ်းကျင်တဲ့ လုပ်သားတွေ၊ ပညာရှင်တွေက အာဆီယံဒေသတွင်းမှာ လွတ်လွတ်လပ်လပ်သွားလာခွင့်ကို အဓိကအားဖြင့် ထူထောင်တာရှိသလို အာဆီယံဒေသတွင်းမှာ ငွေကြေးအရင်းအနှီးတွေကို လွတ်လွတ်လပ်လပ် ကူးသန်းနိုင်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်လိုက်တဲ့အခါ နိုင်ငံတစ်နိုင်ငံမှာ လိုအပ်နေတဲ့ ငွေကြေး၊ ကုန်ပစ္စည်း၊ ကျွမ်းကျင်လုပ်သားတွေအတွက် အခွင့်အလမ်းတွေရှိသလို တစ်ဖက်ကလည်း လိုအပ်တဲ့ နေရာမှာ ကျွမ်းကျင်သူတွေကို လိုသလို ဖြည့်ဆည်းပေးနိုင်တာရှိသလို ပြန်ပို့နိုင်တာလည်း ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခုက ယှဉ်ပြိုင်မှုရှိပြီး ပွင့်လင်းတဲ့ ဒေသစီးပွားရေးပုံစံ ပြန်လည်တည်ထောင်ခြင်းဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုရှိတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံက လုပ်ငန်းတွေ၊ စက်ရုံတွေ၊ ပညာရှင်တွေ အားလုံးကလည်း ယှဉ်ပြိုင်မှုဈေးကွက်ထဲဝင်ရမှာဖြစ်တဲ့အတွက် အရည်အသွေး ပိုကောင်းလာဖို့ လိုသလို အရည်အသွေးလည်း ပိုကောင်းလာရမှာဖြစ်ပါတယ်။

နောက်အချက်က အာဆီယံမှာ မူလအာဆီယံငါးနိုင်ငံဆိုတာ သပ်သပ်၊ ဘရူနိုင်းက သပ်သပ်၊ နောက် CLMV လို့ခေါ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ဒီလေးနိုင်ငံက သပ်သပ်ဖြစ်နေတာကို အတတ်နိုင်ဆုံး ညီမျှသွားအောင်၊ ဖွံ့ဖြိုးမှုတွေညီမျှသွားအောင်၊ တိုးတက်မှုတွေညီမျှသွားအောင်၊ လူမှုရေး၊ ကျန်းမာရေးကအစ အကုန်လုံးဆောင်ရွက်သွားနိုင်အောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကြိုတင်ပြင်ဆင်မှုအနေနဲ့ ၉၅ ဒသမ ၄ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်တဲ့အချိန်အတွင်းမှာ ရာနှုန်းပြည့်ဖြစ်အောင် ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဆောင်ရွက်မှုတွေ အများကြီးပြီးနေတဲ့နိုင်ငံဖြစ်ပါတယ်။ သွင်းကုန်ခွန်ကိစ္စပြီးပါပြီ။ ကျန်တာကတော့ သွင်းကုန်ခွန်မဟုတ်သော ကုန်သွယ်ရေး အတားအဆီးတွေ၊ ပါမစ်တို့၊ ကုန်သွယ်ရေးမူဝါဒအချို့တို့ပဲ ကျန်တယ်။ အာဆီယံတစ်ခုလုံးအနေနဲ့ ကြည့်မယ်ဆိုရင် ၉၂ ဒသမ ၇ ရာခိုင်နှုန်းပဲ ပြီးသေးတာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ကြိုတင်ပြင်ဆင်မှုအနေနဲ့က ၉၅ ရာခိုင်နှုန်းကျော်ပြီးနေပြီဖြစ်တဲ့အတွက် တော်တော်ပြီးနေပါပြီ။

စီးပွားရေးနဲ့ပတ်သက်ပြီး သဘောတူညီချက်က အာဆီယံ-တရုတ် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဘောင် သဘောတူစာချုပ်နဲ့ အဲ့ဒီအောက်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူစာချုပ်တွေကို ပြင်ဆင်တဲ့ အခြေပြစာချုပ်ကို ပြန်လည်ပြင်ဆင်ပါတယ်။ အာဆီယံ-တရုတ် ကုန်သွယ်မှုစာချုပ်ကတော့ အစောဆုံးအနေနဲ့ ဘက်စုံပူးပေါင်းမှု မူဘောင်ကို ၂၀၀၂ ခုနှစ်ကတည်းက စထိုးခဲ့တာဖြစ်တဲ့အတွက် ၁၃ နှစ်လောက်ရှိပါပြီ။ ကုန်စည်ကုန်သွယ်ရေးနဲ့ပတ်သက်လို့ ၂၀၀၄ မှာထိုးခဲ့တာဖြစ်တဲ့အတွက် ၁၁ နှစ်ရှိပါပြီ။ ဝန်ဆောင်မှုကုန်သွယ်ရေးမူဘောင်ကို ၂၀၀၇ ခုနှစ်က ထိုးခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုကုန်သွယ်ရေးမူဘောင်ကို ၂၀၀၉ ခုနှစ်က ထိုးခဲ့တယ်။ လက်မှတ်ရေးထိုးပြီး မူဘောင်လေးခုရှိပြီ။ ဘက်စုံကုန်သွယ်ရေး၊ ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကုန်သွယ်ရေးဖြစ်ပါတယ်။ အခုထိုးခဲ့တာက ဒါကို အနည်းငယ်ပြင်ဆင်တဲ့ မူဘောင် ဖြစ်ပါတယ်။ ပြန်လည်ပြင်ဆင်လိုက်တာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း ပိုရလာမှာဖြစ်ပါတယ်။ အကောက်ခွန်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ဆီကပို့တဲ့ ပို့ကုန်ကို ပိုပြီးလျှော့ပေါ့တဲ့ အခွန်နှုန်းနဲ့ရမှာဖြစ်ပြီး ကုန်စည်တွေပိုပြီး

*စာမျက်နှာ ၆ သို့*

# အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများမတိုင်မီကျင်းပသည့် အာဆီယံအစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် တက်ရောက်




(၁၇)ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းမှုကောင်စီ အစည်းအဝေးသို့ တက်ရောက်ကြသည့် အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး မတိုင်မီ နိုဝင်ဘာ ၂၀ ရက်က ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းကောင်စီ အစည်း အဝေးနှင့်(၁၇)ကြိမ်မြောက် အာဆီယံ ပူးပေါင်းညှိနှိုင်းမှုကောင်စီ အစည်း အဝေးများသို့ တက်ရောက်သည်။

(၁၃)ကြိမ်မြောက် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း ကောင်စီအစည်းအဝေးတွင် အာဆီယံ အတွင်းရေးမှူးချုပ်က တင်ပြသည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းအောက်ရှိ ကဏ္ဍများ တွင် ဖြစ်ပေါ်တိုးတက်ခဲ့မှုများ၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း လမ်းပြမြေပုံအား အကောင်အထည်ဖော်မှုအခြေအနေ တို့ကို သုံးသပ်ဆွေးနွေးကြသည်။ ထို့ပြင် အစည်းအဝေးမှ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း ကောင်စီ၏လုပ်ငန်းတာဝန် သတ်မှတ် ချက်ကိုလည်း အတည်ပြုသည်။

ဆက်လက်၍ (၁၇)ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းမှု ကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့ ပြီး အာဆီယံအတွင်းရေးမှူးချုပ်၏ အာဆီယံ၏ဆောင်ရွက်ချက်ဆိုင်ရာ အစီရင်ခံစာနှင့် အာဆီယံအတွင်း ရေးမှူးချုပ်ရုံး၏ လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များဆိုင်ရာ အစီရင်ခံ စာတို့ကို ဆွေးနွေးကြသည်။

ထို့ပြင် အစည်းအဝေးမှ အာဆီယံအမြဲတမ်း ကိုယ်စားလှယ် များ ကော်မတီ၏အစီရင်ခံစာ၊ အာဆီယံကနဦး ပေါင်းစည်းရေး လုပ်ငန်း အစီအစဉ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၏အစီရင်ခံစာ၊ အာဆီယံပေါင်း စည်းဆက်သွယ်မှု ညှိနှိုင်းရေး ကော်မတီ၏အစီရင်ခံစာနှင့် တီမော လက်စ်တေနိုင်ငံမှ အာဆီယံအဖွဲ့ဝင် အဖြစ် လျှောက်ထားမှုဆိုင်ရာ အာဆီယံပူးပေါင်း ညှိနှိုင်းမှုကောင်စီ လုပ်ငန်းအဖွဲ့၏တိုးတက်မှု အစီရင်ခံ စာတို့ကို မှတ်တမ်းတင်သည်။

ယင်းနောက် အာဆီယံဆိုင်ရာ သံတမန်လုပ်ထုံးလုပ်နည်းနှင့် ကျင့် ဝတ်များဆိုင်ရာ လမ်းညွှန်စာအုပ် စတင်ဖြန့်ဝေသည့် အခမ်းအနားနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှင့် ပဋိပက္ခဖြေရှင်းရေးတွင် အမျိုး သမီးများ၏ပါဝင်မှု ခိုင်မာစေရေး ဆိုင်ရာ အာဆီယံအစိုးရချင်းဆိုင်ရာ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ် ရေးဆိုင်ရာဌာန၏ အလုပ်ရုံဆွေးနွေး ပွဲနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ စတင်ထုတ်ဝေသည့် အခမ်းအနားများ သို့ တက်ရောက်သည်။

ယင်းနေ့တွင်ပင် ပြည်ထောင်စု ဝန်ကြီးသည် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန်ဘာလာခရစ်ရှ်နန်နှင့် တွေ့ဆုံ ၍ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၅ မှ*

တင်ပို့နိုင်မှာဖြစ်ပါတယ်။ အကောက်ခွန်ဆိုင်ရာနဲ့ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ပိုမို ရှင်းလင်းစွာ စည်းမျဉ်းစည်းဝါးကိုက် ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက်လည်း ပို့ကုန်သွင်းကုန်လုပ်တဲ့အခါမှာ အချိန်သက်သာခြင်း၊ စရိတ်စကသက်သာခြင်း စတာတွေ ကို ရရှိမှာဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ တရုတ်နိုင်ငံအကြားမှာ အကန့်အသတ်တွေကို ဖြေလျှော့ ပေးနိုင်တာဖြစ်တဲ့အတွက် ဝန်ဆောင်မှုတွေနဲ့ပတ်သက် လို့ ပိုပြီးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ခြုံပြီးကြည့်ရင် အာဆီယံအသိုက်အဝန်းကြီးဖြစ်လာပြီဆိုတော့ ပိုပြီး လွယ်ကူချောမွေ့လာမယ်၊ နယ်စပ်ကုန်သွယ်ရေးရော၊ ပုံမှန်ကုန်သွယ်ရေးပါ ပိုမိုလွယ်ကူချောမွေ့လာအောင် ကျွန်တော်တို့က ပါဝင်ပြီးတော့ လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် ပြန်ကြားရေးဝန်ကြီးဌာန

**ဦးရဲထွဋ် ပြည်ထောင်စုဝန်ကြီး**

ဒီတစ်ခေါက်လုပ်တဲ့ ထိပ်သီးအစည်းအဝေးဟာ အာဆီယံထိပ်သီးအစည်းအဝေးရော၊ နောက်တစ်ခါ အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေတက်တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေးမှာပါ အဓိကအား ဖြင့်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ပြောရင် မြန်မာနိုင်ငံမှာ သမ္မတကြီးအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပပေးနိုင်တဲ့အပေါ် မှာရော၊ နောက်တစ်ခါ ရွေးကောက်ပွဲရလဒ်ကို လေးစား လိုက်နာပြီးတော့မှ ချောမွေ့စွာ တာဝန်လွှဲပြောင်းပေးမယ် လို့ ကတိပြုတဲ့အပေါ်မှာပါ ဝိုင်းဝန်းပြီးတော့ ချီးကျူး ကြပါတယ်။

ကျွန်တော်တို့ ပြန်ကြည့်လိုက်ရင် ၁၉၉၇ ခုနှစ်မှာ မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့အချိန်ကနေစပြီး မြန်မာနိုင်ငံဟာ အာဆီယံအတွက် တစ်ခါတစ်လေ နိုင်ငံ တကာဆက်ဆံရေးမှာ အနှောင့်အယှက်လိုမျိုး၊ ဝန်ထုပ် ဝန်ပိုးလိုမျိုး ဖြစ်ခဲ့တာရှိတယ်၊ အထူးသဖြင့် အမေရိကန် အပါအဝင် အနောက်နိုင်ငံတွေနဲ့ အာဆီယံနဲ့ ပူးပေါင်း ဆောင်ရွက်မယ့်လုပ်ငန်းတွေမှာ မြန်မာပါသင့်၊ မပါသင့် ဆိုတာကို အများကြီး ငြင်းခုံခဲ့ရတာတွေရှိတယ်၊ ဒါပေမယ့် သမ္မတကြီးတာဝန်ယူတဲ့ ၂၀၁၁ ခုနှစ်ကစပြီးတော့ ကျွန်တော်တို့လုပ်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ကြောင့် မြန်မာနိုင်ငံဟာ တကယ့် တင်းပြည့်ကျပ်ပြည့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာတယ်၊ အာဆီယံနဲ့ နိုင်ငံ တကာဆက်ဆံရေးကြားထဲမှာလည်း မြန်မာနိုင်ငံက အနှောင့်အယှက်မဟုတ်တော့ဘဲနဲ့ မြန်မာနိုင်ငံက အားတစ်ခုဖြစ်လာတယ်၊ ဒါကြောင့်လည်း မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌရာထူးကို တာဝန်ယူခဲ့ တယ်၊ ၂၀၁၅ မှာ ကျွန်တော်တို့ ရွေးကောက်ပွဲ လုပ်ပြီး ၂၀၁၆ ကို ကျွန်တော်တို့ လွှဲပေးတဲ့အခါကျရင် ဘယ်လို ဖြစ်သွားမလဲဆိုတော့ မလေးရှားဝန်ကြီးချုပ်ပြောတဲ့ စကားတွေလိုပဲ သမ္မတကြီးရဲ့ ပြုပြင်ပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက်သာမက အာဆီယံ ဒေသတစ်ခုလုံးအတွက်ရော၊ နိုင်ငံတကာအသိုက်အဝန်း အတွက်ပါ အင်မတန်မှတန်ဖိုးရှိတဲ့ ဒီမိုကရေစီ မြန်မာ နိုင်ငံတော်သစ်ကို ပေးနိုင်ခဲ့တယ်လို့ ဆိုတဲ့စကားရှိပါ တယ်၊ အဲ့ဒီအတိုင်းပဲ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ သက်တမ်းကာလမှာ မြန်မာနိုင်ငံကို နိုင်ငံတကာနဲ့ရော အာဆီယံနဲ့ပါ ပြန်လည်ချိတ်ဆက်အောင် ဆောင်ရွက် နိုင်ခဲ့ပြီ၊ သမ္မတကြီးက အာဆီယံထိပ်သီး အစည်းအဝေးကို တက်ခဲ့တာ ကိုးနှစ်ပါ၊ ဒီအစည်းအဝေးကတော့ သမ္မတကြီးရဲ့ နောက်ဆုံးတက်ရောက်တဲ့အစည်းအဝေးပဲ၊ ဒီနှစ်မှာတော့ သမ္မတကြီးဟာ ကျွန်တော်တို့ မြန်မာ နိုင်ငံအတွက် ဂုဏ်တက်အောင်လုပ်နိုင်ခဲ့တယ်၊ ဘာပဲ ပြောပြော နောင်လာမယ့် အစိုးရလက်ထက်မှာတော့ မြန်မာနိုင်ငံဟာ ပိုပြီးတော့မှ အာဆီယံအဖွဲ့အတွင်းမှာရော၊ ဒေသတွင်းရေးရာတွေမှာပါ ပိုပြီးတော့ တက်တက်ကြွကြွ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။

အဓိကကတော့ အခုပထမဆုံး တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းဖြစ်သွားပြီ၊ အာဆီယံအသိုက် အဝန်းဖြစ်သွားတဲ့အတွက်ကြောင့် စီးပွားရေးအရ ပြောရ ရင် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အခွင့်အလမ်းတွေလည်း ပိုရလာတယ်၊ တစ်ဖက်ကလည်း နိုင်ငံတကာက အထူးသဖြင့် အာဆီယံနိုင်ငံတွေက ဝင်လာ မယ့်လုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် မိမိရဲ့ယှဉ်ပြိုင် နိုင်မှု စွမ်းအားကိုမြှင့်တင်ဖို့ လိုအပ်တယ်ဆိုတဲ့ စိန်ခေါ်မှု လည်းရှိတော့ ဒီနှစ်ခုလုံးအတွက် ကျွန်တော်တို့က ပြင်ဆင်ရမှာပါ၊ နိုင်ငံရေးအရပြောရင်တော့ ခုနက ကျွန်တော်ပြောသလိုပဲ ကျွန်တော်တို့က ဘာပဲပြောပြော ဒီရွေးကောက်ပွဲအပြီး နောက်တစ်ခါ တာဝန်ယူရင် မြန်မာ နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ ပိုပြီးတော့ အဆင့်တက်သွားတယ်၊ အဆင့်တက်သွားတာနဲ့အမျှ ကျွန်တော်တို့က ဒေသတွင်းနဲ့ အာဆီယံရေးရာမှာ ပိုပြီးတော့ တက်တက်ကြွကြွလုပ်ရမယ်၊ လုပ်တဲ့အခါမှာ အဲ့ဒီကိစ္စတွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ဌာန ဆိုင်ရာတွေအားလုံးက ပိုပြီးတော့ ပြင်ဆင်ထားရမယ်၊ ဘာပဲပြောပြော မြန်မာနိုင်ငံ ဂုဏ်တက်တယ်ဆိုတာ၊ သမ္မတကြီးတစ်ယောက်တည်း ဂုဏ်တက်တာမဟုတ် ဘူးလေ၊ နိုင်ငံတစ်နိုင်ငံလုံး ဂုဏ်တက်တဲ့အတွက်ကြောင့် မို့လို့ နိုင်ငံတကာမှာရှိနေတဲ့ နိုင်ငံသူ နိုင်ငံသားတွေလည်း ပိုပြီးတော့မှ ဂုဏ်ယူစရာဖြစ်လာမယ်၊ မြန်မာနိုင်ငံသူ နိုင်ငံသား မြန်မာအလုပ်သမားတွေနဲ့ ပတ်သက်ရင်လည်း နိုင်ငံတကာကလည်း အရင်တုန်းကလိုမျိုး မျက်နှာလွှဲ ခဲပစ်လုပ်တာမဟုတ်ဘဲနဲ့ ပိုပြီးတော့မှ ဂရုစိုက်လာ တော့မယ်၊ ပိုပြီးတော့ အခွင့်အရေးတွေရလာတော့မယ် လို့ ကျွန်တော်ထင်တယ်။

**ဦးအောင်လင်း(အမြဲတမ်းအတွင်းဝန်) နိုင်ငံခြားရေးဝန်ကြီးဌာန**



ဦးအောင်လင်း (အမြဲတမ်း အတွင်းဝန်) နိုင်ငံခြားရေး ဝန်ကြီးဌာန

နိုင်ငံတော်သမ္မတက ၂၀၀၇ ခုနှစ်ကတည်းကစပြီး အာဆီယံထိပ်သီးအစည်းအဝေးတွေကို မြန်မာပြည် ကိုယ်စား ခေါင်းဆောင်အနေနဲ့ တက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်က အခြေအနေနဲ့ လက်ရှိ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ ရဲ့အခြေအနေဟာ အင်မတန်တိုးတက်ပြောင်းလဲနေပါပြီ။ အဲ့ဒီအချိန်တုန်းကဆိုရင် ကုလသမဂ္ဂက ကျွန်တော်တို့ အပေါ်ကို မြင်တဲ့အမြင်နဲ့ အခုလက်ရှိအခြေအနေ မှာ ကုလသမဂ္ဂက ကျွန်တော်တို့အပေါ်မြင်တဲ့အမြင်က လုံးဝကွဲပြားခြားနားသွားတယ်ဆိုတာကို ကျွန်တော် သတိထားမိပါတယ်။

၂၀၀၇ ခုနှစ်တုန်းကဆိုရင် ရွေးကောက် ပွဲလည်း မလုပ်ရသေးဘူး။ အခုလို ရွေးကောက်တင်မြှောက် ထားတဲ့အစိုးရလည်း မတက်သေးဘူး။ မတက်သေးတဲ့ အချိန်မှာ ကုလသမဂ္ဂက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ပြောင်းလဲတဲ့ဖြစ်စဉ်ကို စောင့်ကြည့်နေတဲ့အနေအထား မှာ ရှိခဲ့ပါတယ်။ အခုလက်ရှိအနေအထားမှာဆိုရင်တော့ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်ခဲ့တယ်။ ၂၀၁၁ ခုနှစ်မှာ အစိုးရသစ်ဖွဲ့စည်းခဲ့တယ်။ ဖွဲ့စည်းပြီးတော့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ၌ ရွေးကောက်ပွဲပြုလုပ်တဲ့ နောက်ပိုင်းမှာ ကုလသမဂ္ဂက ကျွန်တော်တို့အပေါ် မြင်တဲ့အမြင်တွေဟာ တိုးတက်ပြောင်းလဲနေတယ် ဆိုတာကို ကုလသမဂ္ဂကအတွင်းရေးမှူးချုပ်ကိုယ်တိုင် က ထုတ်ဖော်ပြောကြားတာရှိပါတယ်။ သူ့အနေနဲ့ မြန်မာနိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲတွေကို ကြိုဆိုတယ်၊ အသိအမှတ်ပြုတယ်။ မြန်မာနိုင်ငံမှာ ရှေ့အနာဂတ်ပြောင်းလဲမယ့် ဒီမိုကရေစီဖြစ်စဉ်တွေ ကိုလည်း ကုလသမဂ္ဂအနေနဲ့လည်း ဆက်လက်ပြီးတော့ လက်တွဲဆောင်ရွက်သွားမယ်ဆိုတာကို ပြောသွားပါ တယ်။

မြန်မာနိုင်ငံရဲ့ မူဝါဒတွေ၊ နိုင်ငံခြားရေးရာနဲ့ပတ်သက် ပြီး ချမှတ်ထားတဲ့ မူဝါဒတွေကို နိုင်ငံခြားရေးဝန်ကြီး ဌာနက အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်နေတဲ့ ဘက်မလိုက်လှုပ်ရှားမှုကို အခြေခံတဲ့ နိုင်ငံခြားရေးမူဝါဒ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံတဲ့ နိုင်ငံခြားရေးမူဝါဒအပြင် အာဆီယံနဲ့အာဆီယံအဖွဲ့ကြီး မှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ဆက်လက်ပြီးတော့ တက်တက်ကြွကြွဆောင်ရွက်သွားမယ်ဆိုတဲ့ မူဝါဒတွေ ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ကျန်တဲ့ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးချိန်ကစပြီး နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးကို တည် ဆောက်မယ်ဆိုတဲ့ မူဝါဒကို ကျင့်သုံးခဲ့ပါတယ်။ ဒါဟာ ခေတ်ဆက်ဆက်က ကျင့်သုံးလာခဲ့တဲ့ နိုင်ငံခြား ရေးမူဝါဒဖြစ်ပါတယ်။ ဒီမူဝါဒဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိ အခြေအနေ ပထဝီအနေအထားနဲ့ဆိုရင်လည်း အင်မတန် ကိုက်ညီတဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့ နောက်လာမယ့်အစိုးရအနေနဲ့ လက်ရှိ အကောင်အထည်ဖော်နေတဲ့ နိုင်ငံခြားရေးမူဝါဒကို ဆက်လက်အကောင်အထည်ဖော်သွားဖို့ ရှိမယ်ဆိုရင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့လည်း အခုလို ဆက်လက်ပြီး အောင်အောင်မြင်မြင် အကောင် အထည်ဖော်နိုင်ဖို့အတွက် ဆောင်ရွက်သွားဖို့ရှိပါတယ်။

**အာဆီယံအသိုက်အဝန်းဖြစ်သွားတဲ့အတွက်ကြောင့် စီးပွားရေးအရ ပြောရရင် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အခွင့် အလမ်းတွေလည်း ပိုရလာတယ်၊ တစ်ဖက်ကလည်း နိုင်ငံတကာက အထူး သဖြင့် အာဆီယံနိုင်ငံတွေက ဝင်လာမယ့်လုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့ အတွက် မိမိရဲ့ယှဉ်ပြိုင်နိုင်မှု စွမ်းအားကိုမြှင့်တင်ဖို့ လိုအပ်တယ်ဆိုတဲ့ စိန်ခေါ်မှုလည်းရှိတော့ ဒီနှစ်ခုလုံးအတွက် ကျွန်တော်တို့က ပြင်ဆင်ရမှာပါ**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြန်မာ-အစ္စရေး ကာကွယ်ရေးနယ်ပယ် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ပါက အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အကျိုးကျေးဇူးများရရှိမည်

နေပြည်တော် နိုဝင်ဘာ ၂၃

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှစ်ခု ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဥပဒေကြမ်းနှစ်ခုကို ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်သည်။**




အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် **မြန်မာ-အစ္စရေး ကာကွယ်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရေးကိစ္စနှင့် မြန်မာ-အစ္စရေး လုံခြုံမှုအဆင့်အတန်းရှိသော သတင်းအချက်အလက် ကာကွယ်ရေးဆိုင်ရာသဘောတူညီချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရေး**ကိစ္စတို့နှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က ရှင်းလင်းတင်ပြရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က **မြန်မာ-အစ္စရေး ကာကွယ်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ပါက** စစ်ဘက်တပ်ဖွဲ့များ အပြန်အလှန်လေ့ကျင့်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးမူဝါဒချမှတ်ရေး၊ ကာကွယ်ရေးနယ်ပယ်ရှိ ဥပဒေကြောင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ဘေးဒုက္ခကယ်ဆယ်ရေးလုပ်ငန်းများတွင် အပြန်အလှန် အကူအညီများပေးရေး၊ စစ်ဘက်စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊ စစ်ဘက်ဆိုင်ရာပညာရေး၊ သင်တန်းများနှင့် စစ်ဘက်ဆိုင်ရာဆေးပညာရပ်များ စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့်အားကစားများ အပြန်အလှန်ဖလှယ်နိုင်ခြင်းနှင့် စစ်ဘက်ဆိုင်ရာ အုပ်ချုပ်ထောက်ပံ့မှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အခြားသောကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင်လည်း ပူးပေါင်းလုပ်ဆောင်နိုင်မည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း။

ထို့ပြင် **မြန်မာ-အစ္စရေး လုံခြုံမှုအဆင့်အတန်းရှိသော သတင်းအချက်အလက် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ပါက** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အစ္စရေးနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ လုံခြုံရေးအဆင့်အတန်း မြင့်တက်စေရန် အထောက်အကူဖြစ်စေနိုင်ခြင်း၊ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း၊ နည်းပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ရရှိစေနိုင်ခြင်း၊ အပြန်အလှန် အလည်အပတ်သွားရောက်မည့် ခရီးစဉ်များအတွက် လုံခြုံရေးခွင့်ပြုချက်များ ရရှိနိုင်ခြင်း၊ နိုင်ငံတော်လုံခြုံရေးအတွက် အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်ခြင်းနှင့် ကာကွယ်ရေးဆိုင်ရာ လုံခြုံမှုအဆင့်အတန်း၏ အခန်းကဏ္ဍကို သိရှိနားလည်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် **မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက် ၁၈ ချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက် ၃၂ ချက်အနက် ၁၃ ချက်ကို ပြည်ထောင်စုလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ် လေးဦးက ပါဝင်ဆွေးနွေးခဲ့ကြပြီး ကျန်သည့်အချက်များကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မူးယစ်ဆေးဝါးသုံးစွဲသူများကုသနိုင်ရန် လိုအပ်သောဆေးဝါးများနှင့် ကုသရေးနည်းစနစ်များ ကျန်းမာရေးဝန်ကြီးဌာနတွင်အသင့်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ အရေးကြီးအဆိုတစ်ခု တင်သွင်းခြင်း၊ ကြယ်ပွင့်ပြမေးခွန်းလေးခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းနှစ်ခု ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ကြသည် ။



**ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြေကြားစဉ်။**

ရွှေဦးစွာ ကျေးသီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းက **ရှမ်းပြည်နယ်ဒေသအချို့၌ လတ်တလောဖြစ်ပွားနေသည့် စစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝ ကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရက ထိထိရောက်ရောက်တာဝန်ယူ၍ အမြန်ဆုံး ကူညီစောင့်ရှောက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်း အရေးကြီးအဆို**တင်သွင်းရာ မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း၏ **"မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး စွဲနေသူများအတွက် ဆေးကုသ ဖြတ်တောက်သည့် ဆေးခန်းမည်မျှရှိ၍ မည်သည့်မြို့နယ်များတွင် ဖွင့်လှစ်ထားကြောင်းနှင့် ရေးမြို့နယ်၊ လမိုင်းမြို့နှင့် ခေါဇာမြို့တို့တွင် ဆေးခန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြေကြားရာတွင် ၁၉၆၇ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း မူးယစ်ဆေးစွဲကုဌာနကြီးခြောက်ခု၊ မူးယစ်ဆေးစွဲကုဌာနငယ် ၁၈ ခု စုစုပေါင်း ၂၄ ခု ဖွင့်လှစ်ထားရှိခဲ့ကာ ၂၀၀၃ ခုနှစ်တွင် မူးယစ်ဆေးစွဲကုဌာနကြီး ၂၆ ခု၊ မူးယစ်ဆေးစွဲကုဌာနငယ် ၄၀ စုစုပေါင်း ၆၆ ခုကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ၂၀၁၄ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များနှင့် မူးယစ်ဆေးသုံးစွဲမှုဆိုင်ရာ မြေပြင်စာရင်းဇယားများအပေါ် မူတည်ကာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄ ထုတ်ပြန်ကာ မူးယစ်ဆေးစွဲကုဌာနငယ် ခုနစ်ခုကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ယနေ့အထိ တစ်နိုင်ငံလုံးတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့သော မူးယစ်ဆေးစွဲကုဌာနကြီး ၂၆ ခု၊ မူးယစ်ဆေးစွဲကုဌာနငယ် ၄၇ ခု စုစုပေါင်း ၇၃ ခုကို လိုအပ်ချက်အရ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။



**ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းစဉ်။**

ရေးမြို့နယ်နှင့် ခေါဇာမြို့တို့ရှိ မူးယစ်ဆေးစွဲသူများ၏ မြေပြင်စာရင်းဇယားများ၊ သုံးစွဲသည့် ဆေးအမျိုးအစား၊ သုံးစွဲပုံ၊ သုံးစွဲနည်းများအပေါ် မူတည်၍ သက်ဆိုင်ရာမြို့နယ်ဆေးရုံများတွင် ကုသနိုင်ရန်

*စာမျက်နှာ ၈ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# အစိုးရအောင်ဘာလေထီဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်းလေးခုဆွေးနွေးခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **အစိုးရအောင်ဘာလေထီဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်းလေးခု ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် **၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ယခုဥပဒေကိုဆိုင်များနှင့် အလုပ်ဌာနများအတွက်သာမက အလုပ်သမားများ၊ ဈေးဝယ်သူများနှင့် လမ်းသွားလမ်းလာ ပြည်သူများအတွက်ကိုပါ ထည့်သွင်းစဉ်းစား၍ ရေးဆွဲသင့်ပါကြောင်း၊ ထို့ပြင် ဥပဒေကြောင်းအရ အရေးယူရာ၌ တရားရုံးများတွင်သာ အမှုရင်ဆိုင်ရန် ထည့်သွင်းရေးဆွဲသင့်ပါကြောင်း၊ အလားတူ အလုပ်ရုံနှင့် အလုပ်ဌာန ပတ်ဝန်းကျင်ကိုလည်း သက်သောင့်သက်သာဖြစ်အောင် ဆောင်ရွက်သင့်သည်ကိုလည်း ထည့်သွင်း ရေးဆွဲသင့်ပါကြောင်းဖြင့် ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။



**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးစဉ်။**

ဆက်လက်၍ **လက်နက်အက်ဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင်က လက်နက်အမျိုးအစားတူသော်လည်း ဒေသအလိုက် အခေါ်အဝေါ်များ ကွဲပြားသည့်အတွက် စနစ်တကျ အမည်စာရင်းစစ်ဆေး၍ လက်နက်စာရင်းတွင် ထည့်သွင်းရေးဆွဲသင့်ပါကြောင်း၊ ဤဥပဒေကိုအချိန်ယူ၍ ယခုထက် ပိုမိုပြည့်စုံသည့် ဥပဒေဖြစ်အောင် ပြန်လည်ရေးဆွဲသင့်ပါကြောင်းဖြင့်ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။



**မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးစဉ်။**

ထို့ပြင် **အစိုးရအောင်ဘာလေထီဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက ဥပဒေကြမ်းတွင်ပါရှိသည့် ထီရုံထောင်ခြင်းကိုတားမြစ်ခြင်းနှင့် ဖောက်ဖျက်ပါက အပြစ်ပေးသည်ကို ထောက်ခံပါကြောင်း၊ အီလက်ထရွန်နစ်ထီလုပ်ငန်းကို ပုဂ္ဂလိကသို့ပေးခြင်းဖြင့် အောင်ဘာလေထီကို လောင်းကစားပုံစံအဖြစ် အသုံးချပြီး အမြတ်ရှာနိုင်ပါကြောင်း၊ ကံစမ်းမဲအဖြစ် ရှိနေသည့် အောင်ဘာလေထီကို လောင်းကစားအဖြစ် အသုံးချနိုင်ရန်

*စာမျက်နှာ ၈ သို့*

# ရွေးကောက်ပွဲခုံအဖွဲ့အတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရွေးကောက်ပွဲခုံအဖွဲ့အတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ငါးဖွဲ့မှ တာဝန်ရှိသူများ၊ ကော်မရှင် အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော်လည်း ကန့်ကွက်လွှာများ တင်သွင်းလာပါက ခုံအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ခုံအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်၊ ဥပဒေနှင့်အညီ ဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ ခုံအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ကန့်ကွက်လွှာအမှုများနှင့် ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်ခြင်းများကို စစ်ဆေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကြားနာစစ်ဆေးရာတွင် ကန့်ကွက်သူ၊ ကန့်ကွက်ခံရသူများ၏ မျက်မြင်သက်သေများ၊ သက်သေအထောက်အထားများကို ပြည့်ပြည့်ဝဝရရှိနိုင်ရန်နှင့် တရားစရိတ်များ သက်သာစေရန်၊ လုပ်ငန်းပိုမိုလျင်မြန်စေရန် ရည်ရွယ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခုံအဖွဲ့များ သွားရောက်ကြားနာစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ရှေ့နေချုပ်ရုံးတို့၏ အကူအညီများ ရယူ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲခုံအဖွဲ့၏ အခန်းကဏ္ဍ၊ စီရင်ပိုင်ခွင့်အာဏာနှင့် စပ်လျဉ်း၍လည်းကောင်း၊ IFES မှ တာဝန်ရှိသူတစ်ဦးက ရွေးကောက်ပွဲ အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်ဦးညွန့်တင်က ရွေးကောက်ပွဲခုံအဖွဲ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ IFES မှ တာဝန်ရှိသူတစ်ဦးက ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းခြင်း လုပ်ငန်းစဉ်ကို စစ်ဆေးရန် အချက်အလက်များ၊ သာဓကဖြစ်ရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ဆုံးဖြတ်ချက်ချခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း/ အယူခံဝင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းချက်များအပေါ် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

---

*ပြည်သူ့လွှတ်တော်အစည်းအဝေးမှ*

စီမံဆောင်ရွက်ပေးနိုင်ပါကြောင်းနှင့် လိုအပ်သောဆေးဝါးများနှင့် ကုသရေးနည်းစနစ်များ ကျန်းမာရေးဝန်ကြီးဌာနတွင် အသင့်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက **"နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများကို အဓိကဖြေရှင်းရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် မည်သို့သောစနစ်ဖြင့် အရေးယူဆောင်ရွက်နေပါသနည်းနှင့် ယနေ့ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အောင်မြင်မှု ရှိ မရှိ"** တို့နှင့် စပ်လျဉ်းသည့်မေးခွန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမြဝင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် တိုင်စာများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၁ နှင့် ပုဒ်မ ၄၃ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က တာဝန်ပေးအပ်သည့်အခါတွင်လည်းကောင်း၊ နစ်နာသူက တိုင်ကြားလာသည့်အခါတွင် လည်းကောင်း၊ ဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်သုံးရပ်နှင့် ငြိစွန်းမှုမရှိလျှင် စုံစမ်းစစ်ဆေးမှု ပြုလုပ်ပါကြောင်း၊ သတင်းကြားသိရုံ သက်သက်ဖြင့် စုံစမ်းစစ်ဆေးခြင်း ပြုနိုင်ကြောင်းကို ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိပါကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် စတင်ဖွဲ့စည်းသည့်နေ့မှ ယနေ့အထိ တရားစွဲဆို အရေးယူခဲ့သည့် ပုဂ္ဂိုလ်ကိုးဦး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူခဲ့သည့် ပုဂ္ဂိုလ် ၁၂၅ ဦးတို့ဖြစ်ပြီး စုံစမ်းစစ်ဆေးဆဲ ကိစ္စရပ်သုံးခု ရှိပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့ပြီး ဖြေရှင်းဆောင်ရွက်ပေး၍ ပြေလည်သွားသော ကိစ္စရပ် ၃၁ ခု ဖြစ်ပါကြောင်း၊ နိုင်ငံတော်သို့ ပြန်လည်ပေးလျော်စေသည့် ငွေပေါင်းမှာ စုစုပေါင်းကျပ် ၂၀၆၈၅၀၀၀ ဖြစ်ပါကြောင်း၊ တိုင်စာများကို ကော်မရှင်မှ တိုက်ရိုက်စစ်ဆေး တရားစွဲအရေးယူခြင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လည်းကောင်း၊ ဌာနဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ကော်မရှင်အနေဖြင့် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာန ၃၀ နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ တည်ရှိရာ မြို့ကြီးများရှိ ဝန်ထမ်းအဖွဲ့အစည်းများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများ ပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ အထိုက်အလျောက် အောင်မြင်မှုရှိသည်ဟု သုံးသပ်ရရှိပါကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ ယင်းကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည့်အလျောက် ယင်းပြဋ္ဌာန်းချက်များကို လိုက်နာနိုင်မှုအပေါ် မိမိနိုင်ငံက အခြားနိုင်ငံအပေါ် သုံးသပ်ခြင်းနှင့် မိမိနိုင်ငံအပေါ် အခြားနိုင်ငံက သုံးသပ်မှုကို ခံယူခြင်းလုပ်ငန်းများကိုလည်း ၂၀၁၅ ခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤကော်မရှင်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတင်ပြဋ္ဌာန်းပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ရာ အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာချမှတ်နေရသည့်သဘောဖြစ်ပါကြောင်း၊ အခြေခံအုတ်မြစ်ခိုင်မာပြည့်စုံမှသာ ရေရှည်လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်သည်ကိုလည်း အားလုံးသဘောပေါက်နားလည်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းက ဖတ်ကြားတင်ပြပြီး ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကော်မတီဝင် ဒေါ်ခင်သန်းမြင့်က ဖတ်ကြားတင်ပြပြီး ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီမှ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးကာ အတည်ပြုရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီမှ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးကာ အတည်ပြုရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ ကျေးသီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း၏ ရှမ်းပြည်နယ်ဒေသအချို့၌ လတ်တလောဖြစ်ပွားနေသည့် စစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝ ကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရက ထိထိရောက်ရောက် တာဝန်ယူ၍ အမြန်ဆုံး ကူညီစောင့်ရှောက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ၊ ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေနှင့် သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်တို့က ထောက်ခံဆွေးနွေးကြပြီး ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းတို့က ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအပေါ် ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

---

*အမျိုးသားလွှတ်တော်အစည်းအဝေးမှ*

ပါမစ်ပေးလိုက်သည့်သဘော သက်ရောက်ပါကြောင်း။

ပါမစ်စနစ်သည် ပါမစ်ပေးသူနှင့် ရသူတို့အတွက်အကျိုးရှိပြီး တိုင်းပြည်နှင့် ပြည်သူတို့အတွက် အကျိုးနည်းသည့် စနစ်တခုဖြစ်၍ မကျင့်သုံးသင့်ကြောင်း၊ ဥပဒေကြမ်းကော်မတီ၏ လေ့လာသုံးသပ်ချက်ကို ထောက်ခံပါကြောင်း၊ သို့ရာတွင် ထီရုံထောင်ခြင်းနှင့် ကံစမ်းကစားခြင်းကို လောင်းကစားဥပဒေအရ လောင်းကစားခြင်းဟု သတ်မှတ်သော်လည်း အစိုးရအောင်ဘာလေထီသည် ကံစမ်းမဲဖောက်သည့် သဘောသာဖြစ်၍ လောင်းကစားခြင်းဥပဒေနှင့် မငြိစွန်းသည့်အတွက် ဤဥပဒေပြဋ္ဌာန်းရန်မသင့်ဟု ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို ကန့်ကွက်ပါကြောင်း၊ ကံစမ်းမဲ၏ အကျိုးတရားသည် အစိုးရ သို့မဟုတ် အဖွဲ့အစည်းရန်ပုံငွေရရှိခြင်း၊ ကံစမ်းမဲပေါက်ရာတွင် များများပေါက်ပါက များများအကျိုးရှိပြီး နည်းနည်းပေါက်လျှင် နည်းနည်းအကျိုးရှိပါကြောင်း၊ ကံစမ်းမဲမပေါက်လျှင် ထိခိုက်နစ်နာမှု ကြီးကြီးမားမားမရှိသည့်အတွက် အစိုးရအောင်ဘာလေထီသည် ကံစမ်းမဲဖောက်သောသဘောဖြစ်၍ လောင်းကစားခြင်းနှင့် မငြိစွန်းကြောင်းကို တင်ပြလိုပါကြောင်းဖြင့် ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်း ကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ထို့နောက် ဥပဒေကြမ်းကော်မတီက **စက်မှုလုပ်ငန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အစီရင်ခံစာကိုတင်သွင်းရာ အမျိုးသားလွှတ်တော်က ကော်မတီ၏ အစီရင်ခံစာအရ ပြန်လည်သုံးသပ်ရေးဆွဲရန်လိုအပ်သောကြောင့် အကျိုးအကြောင်းဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

---




**နိုဝင်ဘာ ၂၂ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကဦးစီးပြီး ချင်းပြည်နယ် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပြည်တွင်း/ပြည်ပ ကုမ္ပဏီများမှ စေတနာရှင် အလှူရှင်မိသားစုများက အလှူငွေများပေးအပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံစဉ်။**

ကိုမျိုး(ရွှေပေါက္ကံ)

---

## ညအပူချိန် ဆက်လက်ကျဆင်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၃** မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်ဆက်လက်ကျဆင်းနိုင်သည်။

**(မိုး/ဇလ)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းနိုင်ငံသို့ ရောက်ရှိ


**နေပြည်တော် နိုဝင်ဘာ ၂၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 16th ASEAN Chiefs of Army Multilateral Meeting (ACAMM-16) နှင့် (၂၅)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 25th ASEAN Armies Rifle Meet (25th AARM) ပိတ်ပွဲအခမ်းအနား တက်ရောက်ရန်အတွက် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ၁၂ နာရီ ၁၀ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော် ထိုင်းဘုရင့်ကြည်းတပ်ဌာနချုပ်ရုံးမှ ဒုတိယစစ်ဦးစီးအရာရှိချုပ် Lt. Gen Varah Boonyasit နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစစ်သံမှူး Col.Salawin Uttarak နှင့် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ချစ်ဆွေနှင့်ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လေဆိပ်မှ ဒေသစံတော်ချိန် ၁၂ နာရီ မိနစ် ၅၀ တွင် ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုမည့် Siam Kempinski Hotel သို့ ရောက်ရှိရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(မြဝတီ)**



# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် သီးခြားစီတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ခေတ္တတည်းခိုရာ Siam Kempinski Hotel ၌ 16th ASEAN Chiefs of Army Multilateral Meeting (ACAMM-16) အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ဘရူနိုင်းတော်ဝင် တပ်မတော်ကြည်းတပ်ဦးစီးချုပ် Bri-Gen. Pengiran Dato Paduka Aminan bin Pengiran **(ဝဲပုံ)**၊ ထိုင်းဘုရင့် တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Teerachai Nakwanich နှင့် အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Mulyono တို့နှင့် သီးခြားစီတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး အပါအဝင် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ (၃/၂၀၁၅) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ နှစ်နိုင်ငံသားခံယူခွင့်စနစ်ကို ခွင့်ပြုထားခြင်း မရှိသည့်အတွက် မြန်မာနိုင်ငံတွင် ကာလရှည်ကြာစွာ လာရောက်နေထိုင်ရင်းနှီးမြှုပ်နှံလိုသူများ၊ ပညာရှင်များ၊ နိုင်ငံသားဟောင်းများ၊ နိုင်ငံသားနှင့် သွေးဆက်စပ်သူများအတွက် အခွင့်အရေးတစ်ရပ်အဖြစ် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (Permanent Residence System-PR System) ကို ကျင့်သုံးရခြင်းဖြစ်ပါကြောင်း၊ ယင်းစနစ်သည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားဟောင်းများ၏ အကျိုးနှင့်နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ PR စနစ်အား စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွား မထိခိုက်စေရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပြိုကွဲပျက်စီးမှုမရှိစေရေးစသည့် အချက်နှစ်ချက်ကို အဓိကထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ကို လျှောက်ထားသည့် အမျိုးအစားအလိုက် စိစစ်ရာတွင် ပြဋ္ဌာန်းထားသည့် နည်းဥပဒေနှင့်အညီ မိမိတို့ဝန်ကြီးဌာနမှ ပဏာမစိစစ်ပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ဗဟိုကော်မတီတို့မှ အဆင့်ဆင့်စိစစ်ခြင်း ဖြစ်ပါကြောင်း၊ နည်းဥပဒေပြဋ္ဌာန်းပြီးနောက် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ လျှောက်ထားသူ ၂၄၂ ဦးရှိခဲ့ပြီး ယင်းတို့အနက် လျှောက်ထားသူ ၁၃၄ ဦးကို ပထမအကြိမ်စိစစ်အကဲဖြတ်၍ အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရရှိသည့် ၁၂၅ ဦးအား နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းနောက် လျှောက်ထားသူများအနက် ၅၃ ဦးကို ဒုတိယအကြိမ်စိစစ်၍ အစည်းအဝေးဆုံးဖြတ်ချက်၊ လူတွေ့မေးမြန်း အကဲဖြတ်ချက်များအရ ၄၄ ဦးကို ဗဟိုကော်မတီက အတည်ပြုကာ အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြထားဆဲဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် တတိယအကြိမ်အဖြစ် ထပ်မံလျှောက်ထားသူ ၅၅ ဦးအား လုပ်ငန်းကော်မတီက စိစစ်တင်ပြထားမှုအပေါ် ဗဟိုကော်မတီက နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူတစ်ဦးချင်းအား သုံးသပ်အကြံပြုကြရန် ဖြစ်ပါကြောင်း၊ ယင်းသုံးသပ်စိစစ်မှုအရ လျှောက်ထားသူများကို လူတွေ့မေးမြန်း အကဲဖြတ်၍ ခွင့်ပြုရန်သင့်/မသင့် အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များအနေဖြင့် ယခုထပ်မံ၍ PR လျှောက်ထားသူများအား နိုင်ငံတော်၏လိုအပ်ချက်၊ လမ်းညွှန်ချက်၊ သတ်မှတ်ထားသည့် အမှတ်ပေးစံနှုန်းစနစ်များနှင့်အညီ စိစစ်သုံးသပ်အတည်ပြုပေးကြရန် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။



ယင်းနောက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးရဲထွန်းဦးက နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်လွှာများ လက်ခံဆောင်ရွက်မှု အမျိုးအစားအလိုက် လျှောက်ထားသူများနှင့် လုပ်ငန်းကော်မတီက အတည်ပြုတင်ပြမှု၊ ငြင်းပယ်သူများအတွက် ငြင်းပယ်ရခြင်းအကြောင်းအရင်း၊ စိစစ်အတည်ပြုပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များက သုံးသပ်အကြံပြုဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

## ထူးခြားသည့်ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့၌ ၆ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ခန္တီးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**


## ပါတီအမှတ်တံဆိပ်အမှန်ဖော်ပြခြင်း

၁၆-၁၁-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ ၌ ပါရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်းဖော်ပြချက်ဇယားတွင် တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P)၏ ပါတီအမှတ်တံဆိပ်အမှန်မှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။ **စာတည်းအဖွဲ့**

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P)

# ပြည်သူချစ်တဲ့ ကလောင်

**ဆူးငှက်**



**၁၉၈၉ ခုနှစ်၏နေ့တစ်နေ့တွင် မွေးနေ့ဆွမ်းကပ်တစ်ခုကို အကြောင်းပြုပြီး နန်းရှေ့က သာသနာ့တက္ကသိုလ်တွင် စာရေးဆရာတွေ ဆုံဖြစ်ကြသည်။ ဆရာ ညီပုလေး၊ ဆရာဝင်းစည်သူ၊ ဆရာကျော်ရင်မြင့်၊ ဆရာစိုးနိုင်(မန္တလေးတက္ကသိုလ်)၊ ဆရာသင့်နော် (ကိုသန်းဌေး-ဥတ္တရလွင်ပြင်)နှင့် ကျွန်တော်တို့ ဖြစ်သည်။ ယခုနှစ်အတွင်းကျရောက်သော ဒေါ်ဒေါ်လူထုဒေါ်အမာ၏ ''ပြည်သူချစ်သောအနုပညာသည်များ'' စာအုပ်ထုတ်ဝေခြင်း ငွေရတုသဘင်(၂၅) နှစ်မြောက် အမှတ်တရအစီအစဉ် ကျင်းပကြဖို့ တိုင်ပင်ဖြစ်ကြသည်။**

၁၉၈၉ ခုနှစ် မေလတွင် အမရပူရ တောင်သမန်အင်းစောင်းက တောင်လေးလုံး ကျောင်းတိုက်တွင် "ပြည်သူချစ်သော အနုပညာသည်များ"စာအုပ်(၂၅) နှစ်ပြည့် အထိမ်းအမှတ်ကျင်းပရန် ဆရာညီပုလေး၊ ဆရာဝင်းစည်သူတို့ ဦးဆောင်၍ ပြင်ဆင်ဆောင်ရွက်ခြင်း၊ ကျွန်တော်တို့နှင့် လက်တွဲဖော် ပန်းချီချိုဦး (ဒီဇိုင်းဇေခေတ်)က လက်ကမ်းစာရွက်တွေပြုလုပ်ပေးသည်။




တောင်လေးလုံးတွင် ကျင်းပသော "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ် (၂၅) နှစ်ပြည့် အထိမ်းအမှတ်ပွဲက မှတ်မှတ်ရရဖြစ်လှသည်။ နန်းတော်ရှေ့ ဆရာတင်၏သား ရွှေနန်းတင်၊ မြို့မငြိမ်း၏သား ဦးရွှန်းမြိုင်(မြို့မ)တို့လည်း တက်ရောက်ကာ အမှတ်တရ စကားပြောကြ၏။ စာတမ်းတွေဖတ်ကြ၊ ပြောကြ၊ ဟောကြနှင့် ကျေးဇူးရှိသော စာအုပ်ကောင်းတစ်အုပ်ကို မည်သို့ မည်ပုံ စိတ်ကူးရ ပြုစုထုတ်ဝေမှုနှင့် ပတ်သက်၍လည်း စာရေးသူ ဒေါ်ဒေါ်ကိုယ်တိုင်က မှတ်မှတ်ရရ ပြောပြသည်။

ကျွန်တော် ယနေ့တိုင် မှတ်သားမိဆဲ ဒေါ်ဒေါ့် စကားတစ်ခွန်းရှိပါ၏။ သတိတရ ပြန်လည် ပြောပါရစေ။

ကဗျာဆရာ ကြည်အောင်က လူထုဂျာနယ်ထဲတွင် ထုံ့ပိုင်းထုံ့ပိုင်း ရေးသားနေသော ဒေါ်ဒေါ်၏ အနုပညာသည်များ အကြောင်း အတ္ထုပ္ပတ္တိ အစိတ်အပိုင်းတွေကို ပြည့်ပြည့်စုံစုံ ပြန်လည်ရေးသား၍ စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေရန် ဒေါ်ဒေါ့်ကို သူကိုယ်တိုင်တိုက်တွန်းခဲ့ကြောင်းနှင့် တကယ်တော့ "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်သည် အတ္ထုပ္ပတ္တိစာပေစစ်စစ် မဟုတ်ကြောင်း၊ အတ္ထုပ္ပတ္တိစာပေစစ်စစ်များအဖြစ် ကမ္ဘာမှာ အင်ဒရူးမော်ရွိုင်းနဲ့ မြန်မာမှာ ဦးဖေသိန်း(ရွှေဥဒေါင်း) ကို စံထားကြောင်း၊ အတ္ထုပ္ပတ္တိစာပေတွင် ရေးသူကိုယ်နှိုက်က မိမိကိုယ်တိုင်ပင်ဖြစ်စေ ကိုယ့်အကြောင်းကို မခြွင်းမချန်မညာမတာရေးသင့်၊ ထုတ်ဖော်ဝံ့သည့် သတ္တိရှိရမည်ဖြစ်ကြောင်း၊ ယခုပြည်သူချစ်သော အနုပညာသည်များ စာအုပ်မှာ ဒေါ်ဒေါ်က ဘယ်သူ အရက်သောက်တာ၊ ဘိန်းရှူတာ၊ ဘယ်သီချင်းရေးဆရာ မြာပွေတာ စသည့်ကိစ္စများ မဖော်ထုတ်ကြောင်း၊ ဒီ့အတွက် အားမရကြောင်း ပြောဆိုသည်။

ဒေါ်ဒေါ်က ကိုယ့်တူကိုယ့်သားက ဝေဖန်တာကိုပြုံး၍နားထောင်သည်။ စမုံစပါးစေ့လေးတွေဝါးရင်း ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေသည်။ "ဒီလိုပြောရဲ ဆိုရဲ၊ ကိုယ့်အမြင်ကို ထုတ်ဖော်ရဲမှပေါ့"ဟူသော အမူအရာမျိုးဖြစ်သည်။ ကဗျာဆရာ၏ စကားဆုံးမှ ဒေါ်ဒေါ်က ပြန်၍ ပြောပြသည်။

''ဟုတ်ပါတယ်။ ဒီစာအုပ် အခုလို ထုတ်ဝေဖြစ်တာ ခုန မောင်ကြည်အောင် ပြောသလို သူ့တိုက်တွန်းချက် ပါပါတယ်။ ဒေါ်ဒေါ့် စာရေးစားပွဲအထိ သူရောက်လာပြီး ပူဆာတာပေါ့ကွယ်။ ဒါနဲ့ရေးဖြစ်၊ ထုတ်ဖြစ်ခဲ့တာ။ ခုန မောင်ကြည်အောင် ပြောသလို ဒေါ်ဒေါ့်စာအုပ်ကို အတ္ထုပ္ပတ္တိစာပေလို့ ဒေါ်ဒေါ်ကိုယ်နှိုက်က မသတ်မှတ်ပါဘူး။ ဒေါ်ဒေါ်ရေးတဲ့ စေတနာကတစ်ခုတည်း။ ဒီဘက်ခေတ်စစ်ကြီးအပြီး လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်မီးနဲ့ ဆူဆူပူပူဖြစ်ပြီးနောက်ပိုင်း နိုင်ငံခြားက ယဉ်ကျေးမှုတွေက တို့အပေါ် လွှမ်းမိုးလာတာကလား၊ တို့လူငယ်တွေမှာ ကိုယ့်ယဉ်ကျေးမှုပျောက်ပြီး သူတို့ဟာကိုပဲအထင်ကြီးကြတာ။ ကြာရင် တို့အနုပညာ၊ တို့ယဉ်ကျေးမှုတို့ ပျောက်တော့မယ်။ ဒါကြောင့် ဒေါ်ဒေါ်ကတစ်ချိန်တုန်းက တို့ဆီမှာ တကယ့်ပရိသတ်၊ ပြည်သူပေါ့လေ။ သည်းသည်းလှုပ်ချစ်ခဲ့ကြပြီး ချစ်လောက်အောင်လည်း ထူးချွန်ခဲ့ကြတဲ့ သူတွေရှိခဲ့ဖူးတာကို ဒေါ်ဒေါ်က လူငယ်တွေသိအောင် ချပြချင်တာ။ ဒီတော့ သူတို့တော်တာ၊ ထူးချွန်တာတွေကို ရေးချင်တယ်။ ကဲ. . . အနုပညာရှင်တွေ အရက်သောက်တာ၊ ဘိန်းရှူတာရေးပြလို့ ဘာအကျိုးရှိမှာလဲ. . ၊ ဒါကိုသိလို့လည်း လူငယ်တွေအတွက် ဘာအကျိုးရှိမှာ လဲ. . ၊ ဒေါ်ဒေါ့်ကလောင်က အကျိုးမရှိတာတွေကို ရေးမှာမဟုတ်ဘူး။ ဒေါ်ဒေါ် ကောင်းတာပဲရေးချင်တယ်။ တော်တာ၊ ထူးချွန်တာပဲရေးချင်တယ်"ဟု ပြောခဲ့သည်။

စာဖတ်ပရိသတ်(ဝါ)လူထု(ဝါ) ပြည်သူအကျိုးရှိသော စာများကို ရေးသားရန်ဟူသော တိကျရှင်းလင်းသည့် အဖြေတစ်ခုကို ဒေါ်ဒေါ်က ချပြခဲ့သည်။ ဒါကို ကျွန်တော် စာရေးစားပွဲတွင် ထိုင်တိုင်း နှလုံးသွင်းဆင်ခြင်နေမိသည်။

# မကြာမီကာလအတွင်း ကတ်ပြားအသုံးပြုငွေချေမှုစနစ်ဖြင့် ဈေးဝယ်မှုများ မြန်မာနိုင်ငံတွင် ပိုမိုမြင့်တက်လာမည်

မြန်မာနိုင်ငံရှိ ဈေးဆိုင်နှင့်စူပါမားကက်ကြီးအနေဖြင့် မြန်မာ့ငွေကြေးပေးချေမှုသမဂ္ဂ (MPU)နှင့်ချိတ်ဆက်ကာ အကြွေးဝယ်ကတ်နှင့်ဘဏ်ကတ်များ လက်ခံကာ ရောင်းချတော့မည်ဖြစ်ရာ မြန်မာနိုင်ငံတွင် လာမည့်လအနည်းငယ်အတွင်း ငွေကြေးကတ်ပြားဖြင့်ဈေးဝယ်သည့် စနစ်ကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာကြတော့မည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

MPUအနေဖြင့် ယင်းငွေကြေးကတ်ပြားများအသုံးပြုကာ ငွေချေသည့်စနစ်ကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ခဲ့သော်လည်း ထင်သလောက်မအောင်မြင်ခဲ့ကြောင်း၊ သို့သော်လည်း တယ်လီနော၊ အော်ရီဒူးနှင့်ကေဒီဒီအိုင် စသောကုမ္ပဏီများကြောင့် မြန်မာနိုင်ငံ၏ဆက်သွယ်ရေးစနစ် ကောင်းမွန်လာပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ်စက်တင်ဘာလတွင် ကတ်ပြားအသုံးပြုငွေချေမှုတန်ဖိုးပမာဏ ကျပ်ငွေသန်း ၄၀ အထိမှ အောက်တိုဘာလတွင် သန်း ၇၀ အထိ တိုးတက်လာခဲ့ကြောင်း MPU ဥက္ကဋ္ဌ ဦးမြသန်း၏ မြန်မာတိုင်းမ်သို့ ပြောဆိုချက်ကို ကိုးကားဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံးစူပါမားကက်အုပ်စုဖြစ်သော စီးတီးမတ်အနေဖြင့် ယင်းကတ်ပြားဖြင့်ငွေချေသည့်စနစ်ကို ဧပြီလကစတင်လက်ခံခဲ့ပြီး ယင်းစူပါမားကက်အုပ်စုအောက်ရှိ စီးတီးမတ် ၂၀ အနက် ခုနစ်ခုမှာ ကတ်ပြားဖြင့် ငွေချေသည့်စနစ်ကို အသုံးပြုနေကြကြောင်း၊ ထို့အတူ ကက်ပီတယ်လ် ဒိုင်းမွန်းစတားအုပ်စုကလည်း ယင်းကတ်ပြားဖြင့် ငွေချေသည့်စနစ်ကို အောက်တိုဘာလက စတင်အသုံးပြုခဲ့ကြောင်း သတင်းများ၌ဖော်ပြထားသည်။ ထို့အပြင် ရွှေတောင်ကုမ္ပဏီအုပ်စုက တည်ဆောက်နေသော ရှော့ပင်းစင်တာ တစ်ခုအောက်ရှိ စတိုးဆိုင်များကလည်း အလားတူဈေးဝယ်ကတ်များ အသုံးပြုမည်ဟု သိရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ယင်းကတ်ပြားအသုံးပြုသူ ၁ ဒသမ ၂ သန်းရှိပြီး ယင်းပမာဏသည် မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ MPUသည် ၎င်း၏ကတ်ပြားအသုံးပြုမှုလုပ်ငန်းများ တိုးချဲ့ရန် ဂျပန်ခရက်ဒစ်ဗျူရိုနှင့် ချိုင်းနားယူနီယံပေးအဖွဲ့တို့နှင့် မကြာသေးမီက သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ **ကျော်သဲအိမ်**



# ကျောင်းပြင်ပ ဗဟုသုတရရှိရေး နယ်လှည့်စာကြည့်တိုက်နှင့် ဓာတ်ပုံပြပွဲဆောင်ရွက်

**တီးတိန် နိုဝင်ဘာ ၂၃**

ကျောင်းသား ကျောင်းသူများ ကျောင်းပြင်ပအထွေထွေဗဟုသုတ ရရှိရေး ရည်ရွယ်လျက် တီးတိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများသည် နိုဝင်ဘာ ၂၀ ရက်က လွယ်ဘားလ်ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်နှင့် ဓာတ်ပုံပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြပွဲတွင် သုတ/ ရသ စာအုပ်စာစောင် မဂ္ဂဇင်း၊ ဂျာနယ်များ စုစုပေါင်း အုပ်ရေ ၂၀၀ နှင့် မြို့နယ်အတွင်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# မြန်မာစာစွမ်းရည်ပြိုင်ပွဲကျင်းပ

**လှိုင်ကော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံတစ်နိုင်ငံလုံးဆိုင်ရာ အခြေခံပညာကျောင်းများမှ ကျောင်းသား/ ကျောင်းသူများ မြန်မာစာစွမ်းရည်ပြိုင်ပွဲများ အနယ်အနယ်အရပ်ရပ်၌ ကျင်းပလျက်ရှိရာ ကယားပြည်နယ် လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ ၂၀ ရက်က မြန်မာစာစွမ်းရည်ပြိုင်ပွဲကို ကျင်းပခဲ့သည်။

မြန်မာစာစွမ်းရည်ပြိုင်ပွဲတွင် အထက်တန်းအဆင့် ၊အလယ်တန်းအဆင့်၊ မူလတန်းအဆင့် သုံးဆင့်ခွဲကာ အထက်တန်းအဆင့်တွင် ကျောင်းသားကျောင်းသူ ၁၂ ဦး၊ အလယ်တန်းအဆင့်တွင် ၂၁ ဦး၊ မူလတန်းအဆင့်တွင် ၇၂ ဦး၊ စုစုပေါင်း၁၀၅ ဦးပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ အဆိုပါ ပြိုင်ပွဲကို မြို့နယ် ပညာရေးမှူး ဦးတိုးလှ၊ အမှတ်(၁) ကျောင်းအုပ်ကြီး ဦးတင်ဝင်းတင်နှင့် ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲနောင်(လှိုင်ကော်)**



**ကရင်ပြည်နယ် ဘားအံမြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်း(ဘားအံ) အဆောက်အအုံ ဖွင့်ပွဲနှင့်ဆေးပညာနှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၂၂ ရက်က မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဘားအံ) အဆောက်အအုံနှင့် ဘားအံပြည်သူ့ဆေးရုံသုံးထပ်ဆောင်၌ ကျင်းပရာ ပြည်နယ် လူမှုရေးဝန်ကြီး ဦးချစ်လှိုင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာရဲမြနှင့် ကရင်ပြည်နယ် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာအောင်ထွန်းတင်တို့က မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဘားအံ) အဆောက်အအုံကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

နေမျိုးလွင် (ပြန်/ဆက်)

❐ ကျောဖုံးမှ

ပေါက်ကွဲတာဖြစ်ပါတယ်။ သေတဲ့သူတွေထဲက ဒေါ်ထောင်သင်းတလွဲ (၄၆နှစ်)ဟာ ယမ်းစိမ်းကြိုးခွေ သိမ်းဆည်းရမိမှုနဲ့ ပြစ်ဒဏ်ကျခံဖူးသူဖြစ်ပါတယ်။ သူ့အလောင်းကိုလည်း ဒီနေ့နံနက် ၆ နာရီမှာ ဦးနှီယာဘိခ်ရဲ့ ခြံဝင်းထဲက ဝက်ခြံထဲမှာ ဒဏ်ရာတွေနဲ့ သေဆုံးနေတာကို တွေ့ရတယ်။ ဖြစ်စဉ်ကို ဆက်လက်စုံစမ်းသွားမှာဖြစ်ပါတယ်" ဟု ချင်းပြည်နယ် ရဲတပ်ဖွဲ့ရဲမှူးကြီး မြင့်လွင်က မြန်မာ့အလင်း၏ မေးမြန်းချက်ကို ဖြေကြားသည်။

ဖြစ်ပွားသည့်အချိန်တွင် ပေါက်ကွဲသံကို တစ်မြို့လုံးနီးပါး ကြားသိခဲ့ရပြီး ပေါက်ကွဲမှုဖြစ်ပွားသည့် ဦးယောနသန်၏နေအိမ်မှာ တစ်စစီ ပျက်စီးသွားခဲ့သည်။ အနီးရှိ စူပါကာစတန်ယာဉ်တစ်စီးနှင့် ဟိုင်းလွှာဂျစ်တစ်စီးတို့လည်း ပျက်စီးသွားပြီး ဘေးအိမ်များဖြစ်သော ဒေါ်နုထောင်၏နှစ်ထပ်နေအိမ်ဘေး အကာ၊ အိမ်ရှေ့လမ်းတစ်ဖက်ရှိ ဦးနှီယာဘိခ်၏ နှစ်ထပ်နေအိမ်နှင့် ဦးရာလ်ကွေး၏ နေအိမ်မျက်နှာစာများလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့



ဟားခါးမြို့၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် နေအိမ်အပျက်အစီးများကို တွေ့ရစဉ်။

မှ သတင်းထုတ်ပြန်ထားသည်။

ချင်းပြည်နယ်မှ တစ်ဖက်နိုင်ငံသို့ အရောင်းအဝယ် သွားရောက်သူအချို့မှာ လမ်းနှင့် ကျောက်ထုတ်လုပ်ငန်းသုံး ယမ်းအပါအဝင် ဆက်စပ်ပစ္စည်းများကို လျှို့ဝှက်စွာ ဝယ်ယူရောင်းချမှုများ ပြုလုပ်လေ့ရှိကြကြောင်း၊ ယမ်းကြိုးများနှင့် လျှပ်စစ်ဒီတိုနေတာများ ဖမ်းဆီးရမိမှုများလည်း နှစ်စဉ်ဖြစ်ပွားခဲ့ခြင်းကြောင့် ယခုဖြစ်စဉ်မှာလည်း ယမ်းနှင့်ဆက်စပ်ပစ္စည်းများကို လျှို့ဝှက်စွာ သယ်ဆောင်ထိန်းသိမ်းထားစဉ် မတော်တဆပေါက်ကွဲမှု ဖြစ်နိုင်ကြောင်း ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ကျွန်တော့်ရဲ့ အဒေါ်ဖြစ်သူက သေဆုံးတဲ့အထဲ ပါဝင်ပါတယ်။ ဒေါ်ထောင်သင်းတလွဲ (၄၆ နှစ်) ဖြစ်ပြီး အားလုံးကတော့ အဒေါ်ကို ဖြစ်စဉ်ရဲ့ အရေးကြီးတဲ့သူတစ်ယောက်လို့ ပြောဆိုနေကြပါတယ်။ အတိအကျတော့ ဘာမှပြောလို့ မရသေးပါဘူး။ လက်ရှိမှာတော့ သူက ထန်တလန်ဇာတိဆိုတော့ ထန်တလန်ကို အလောင်းပြန်သယ်ယူနေပါတယ်။ စစ်ဆေးတဲ့အပိုင်းကိုတော့ ရဲတပ်ဖွဲ့က ဆောင်ရွက်သွားမှာပါဗျာ။ အိမ်ပိုင်ရှင်လင်မယားကတော့ ခရီးသွားနေလို့ မရှိသေးပါဘူး။ သို့သော် ပြောနိုင်တာက ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေရှိလို့ ပေါက်ကွဲရတာဆိုတာကတော့ မျက်မြင်ပဲလေ" ဟု သေဆုံးသူ ဒေါ်ထောင်သင်းတလွဲ၏ တူဖြစ်သူ The Hakha Post မှ တာဝန်ရှိသူက မြန်မာ့အလင်း၏ မေးမြန်းချက်ကို ဖြေကြားသည်။

ပေါက်ကွဲမှုကြောင့် ဒေါ်ထောင်သင်းတလွဲ (၄၆ နှစ်)အပြင် ဦးယောနသန်၏ နေအိမ်အောက်ထပ်၌ ငှားရမ်းနေထိုင်သည့် ဦးနန်ကျင်း (၆၅ နှစ်)၊ ဒေါ်ဖာန်ပင် (၆၃ နှစ်)၊ ဒေါ်ဗျက်လျန်း (၃၅ နှစ်)၊ ဒေါ်ဆွေမင်း(၂၅ နှစ်)နှင့် မဇိန်နှင်း (၇ နှစ်) တို့မှာ ဖြစ်စဉ်အတွင်း သေဆုံးခဲ့ပြီး ခုနစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ဟားခါးပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။



## မိုးညှင်းမြို့အနီး တိုက်ပွဲဖြစ်ပွားမှုများရပ်ဆိုင်း ဒေသခံပြည်သူတို့ အေးချမ်းစွာသွားလာနေထိုင်လျက်ရှိ

**မိုးညှင်း နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နှင့် သုံးမိုင်ခန့်အကွာတွင် နိုဝင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ တပ်မတော်စစ်ကြောင်းနှင့်ကေအိုင်အေအဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကေအိုင်အေ၏အခိုင်အမာစခန်းကို တပ်မတော်က သိမ်းဆည်းခဲ့သည်။

ယခုအခါ ဒေသခံပြည်သူများမှာ တောတောင်နယ်မြေမှအပ အေးချမ်းစွာ သွားလာလုပ်ကိုင်နေထိုင်လျက်ရှိကြပြီဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ ကထိန်ပွဲတော်ကို နေ့စဉ်ပင် ကျောင်းများသို့ လှည့်လည်ပို့ဆောင် ကထိန်ခင်းလျက်ရှိသည်။ **(အပေါ်ပုံ)** ကချင်တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံအရလည်း နိုဝင်ဘာလတွင် ဥယျာဉ်ခြံမြေထွက်သီးနှံများကို ခရစ်ယာန်ဘုရားကျောင်းများသို့ ပို့အပ်၍ ချီးမွမ်းဆုတောင်းပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။ **(ဝ၆၃)**

## ယာဉ်မရပ်ရလမ်းအတွင်း ရပ်နားယာဉ်များဖမ်း

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့အတွင်း ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုလျော့နည်းစေရေးအတွက် ရန်ကုန်မြို့တွင်းလမ်း (၁၃၉) လမ်းတို့ယာဉ်မရပ်ရလမ်းများအဖြစ် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းမှုကြီးကြပ်ရေးကော်မတီက သတ်မှတ်ထားခဲ့သည်။ နိုဝင်ဘာ ၂၃ ရက်နံနက် ၉ နာရီခန့်က မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ယာဉ်မရပ်ရလမ်း ခြောက်လမ်းသတ်မှတ်ထားခဲ့ရာ မြန်မာ့ဂုဏ်ရည်လမ်းနှင့် အထက်ပန်းဆိုးတန်းလမ်းတို့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှ ဒုတိယရဲမှူးရဲဝင်းစိုး ဦးဆောင်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်ထွေ/အုပ်တို့ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်သယ်ယူ ကရိန်းမော်တော်ယာဉ်သုံးစီးဖြင့် လိုက်လံရှင်းလင်းဖယ်ရှားခဲ့သည်။

ရှေးဦးစွာ လက်ကိုင်အသံချဲ့စက်ဖြင့် ယာဉ်ပိုင်ရှင်ကို ခေါ်ယူအသိပေးကာ ယာဉ်ပိုင်ရှင်ရှိလျှင် ချလန်ဖြတ်ဖမ်းဆီးအရေးယူပြီး ယာဉ်ပိုင်ရှင်မရှိလျှင် ကရိန်းကားဖြင့် ဆွဲယူဖမ်းဆီးသွားသည်ကို တွေ့မြင်ရသည်။ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ယာဉ်မရပ်ရလမ်းတွင်ရပ်ခြင်းတို့ကို မြို့နယ်တိုင်း၌ ပူးပေါင်းအဖွဲ့ဖြင့်လိုက်လံဖမ်းဆီးအရေးယူနေကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# သပိတ်ကျင်းမြို့နယ်မှ ရွှေတူးဖော်တွေ့ရှိနေသည့်နေရာတွင် တရားမဝင်တူးဖော်ခြင်း ဆက်မပြုရန် အသိပေးထား

သပိတ်ကျင်း နိုဝင်ဘာ ၂၃

**မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောက်ဖျာကျေးရွာအနီး၌ ဆက်သွယ်ရေးလိုင်းအတွက် မြေတူးရာမှ ရွှေများတွေ့သည့်နေရာတွင် ဒေသခံများ လာရောက်တူးဖော်လျက်ရှိရာ မြို့နယ်တာဝန်ရှိသူများက နိုဝင်ဘာ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး တရားမဝင် ဆက်လက်တူးဖော်ခြင်းမပြုရန် အသိပေးထားကြောင်း သိရသည်။**

အဆိုပါ ရွှေတူးဖော်တွေ့ရှိရာ နေရာသို့ မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ရာ ရွှေတူးဖော်နေသူများကြောင့် ဆက်သွယ်ရေးကေဘယ်လ်ကြိုးများ ထိခိုက်နိုင်ပြီး သစ်တောဦးစီးဌာန၏ ဓမ္မတာမျိုးဆက်စိုက်ခင်းကိုလည်း ထိခိုက်ပျက်စီးနိုင်သည့် အခြေအနေများ တွေ့ရှိရသဖြင့် ရွှေတူးဖော်နေသူများအား တွေ့ဆုံရှင်းလင်းပြောပြပြီး တရားမဝင် ဆက်လက်တူးဖော်ခြင်း မပြုရန်နှင့် စိစစ်တွေ့ရှိပါက သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟု အသိပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ဖျာကျေးရွာမှ တာဝန်ရှိသူတစ်ဦးကလည်း "ရွှေလာတူးတဲ့သူတွေများလာတော့ ပတ်ဝန်းကျင်ထိခိုက်လာမှာကို စိုးရိမ်ရပါတယ်။ လက်ရှိဆက်သွယ်ရေးကြိုးတွေသွယ်တန်းထားတဲ့အတွက် ဒါတွေ မပျက်စီးအောင် မေတ္တာရပ်ခံထားရတယ်" ဟု ပြောသည်။

ဒေသခံတစ်ဦးကမူ "ကျေးရွာလူထုအနေနဲ့ကတော့ ဒေသအတွင်းမှာ အလွယ်တကူ ရွှေတူးဖော်ရရှိတယ်ဆိုတော့ မိသားစုစားဝတ်နေရေးအဆင်ပြေတာပေါ့။ ပြည်သူတွေကို စနစ်တကျနဲ့လုပ်ကိုင်ဖို့ အခွင့်အလမ်းပေးရင်တော့ ပိုပြီးအဆင်ပြေမယ်ထင်ပါတယ်" ဟု ပြောသည်။

ရွှေတူးဖော်တွေ့ရှိသည့် နေရာသည် သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာအနီး မန္တလေး-မိုးကုတ် အဝေးပြေးလမ်း မိုင်တိုင်အမှတ် (၇၂/၀)နှင့် (၇၃/၀)ကြားတွင် ရှိသည်။ တယ်လီနောကုမ္ပဏီက ဆက်သွယ်ရေးကေဘယ်လ်ကြိုးမြှုပ်နှံရန် နိုဝင်ဘာ ၁၉ ရက်က လိုင်းကျင်းတူးဖော်ရာမှ ကျောက်ဖျာကျေးရွာ ဒေသခံတစ်ဦးက ရွှေပါရှိသည်ဟု ယူဆရသည့် မြေစာခဲကို စမ်းသပ်ကြည့်ရာမှ အမှန်တကယ် ရွှေပါနေသည်ကို စတင်သိရှိခဲ့ပြီးနောက်တွင် ကျေးရွာအနီးပတ်ဝန်းကျင်မှ ပြည်သူ ၅၀ ခန့်က စတင်ရွှေတူးဖော်ခဲ့ကြောင်း၊ နိုဝင်ဘာ ၂၂ ရက်က ကျောက်ဖျာကျေးရွာသာမက အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ရွာသူရွာသားများပါ လာရောက်ရွှေတူးဖော်နေသဖြင့် လူ ၃၀၀ ခန့်အထိ ရှိနေကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**



တရားမဝင် ရွှေလာရောက်တူးဖော်သူများအား တွေ့ရစဉ်။

# ဖားကန့်မြေပြိုမှု တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းများနှင့် ဒေသခံများပူးပေါင်းကာ ဆက်လက်ရှာဖွေနေ

နေပြည်တော် နိုဝင်ဘာ ၂၃

**“ညနေ ၃ နာရီကျော်လို့ ရှာတာတွေရပ်တဲ့အထိ စောင့်နေခဲ့ပေမယ့် ကျွန်မမောင်ရဲ့အလောင်းကို မတွေ့ခဲ့ရပါဘူး။ မနက်ဖြန် ဆက်ရှာဦးမယ်လို့တော့ တာဝန်ရှိသူတွေက ပြောပါတယ်။ အမျိုးသားရဲ့အလောင်းကိုတော့ ဒီနေ့သင်္ဂြိုဟ်လိုက်ပါပြီ။ မနက်ဖြန်မှ မတွေ့ခဲ့ရင်တော့ ရှာပြန်တော့မယ်”ဟုပြောရင်း ခင်ပွန်းဖြစ်သူ ဦးတင်ထွန်း၏ ပျက်စီးယိုယွင်းနေသောရုပ်အလောင်းကို သင်္ဂြိုဟ်ခဲ့ရသည့်မြင်ကွင်းကို ပြန်ပြောင်းမြင်ယောင်ကာ မဇာခြည်ဝင်း၏ အသံများ တုန်ရင်လာသည်။**



နိုဝင်ဘာ ၂၁ ရက်က ဖားကန့်ကျောက်စိမ်းနယ်မြေ မြေစာပုံပြိုကျရာတွင် မြေပိသေဆုံးခဲ့ရသည့် ရေမဆေးကျောက်ရှာဖွေသူ ဦးတင်ထွန်း၏ ဇနီးဖြစ်သူ မဇာခြည်ဝင်းကို ဖားကန့်မြို့ဒေသခံ ကိုကြယ်စင်ဟိန်း၏ ကူညီပေးမှုအရ ဖုန်းအဆက်အသွယ်ရရှိစဉ် ပြောကြားပေးခြင်းဖြစ်သည်။

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လမောင်ကျေးရွာတွင် တစ်သုံးလုံး ကုမ္ပဏီမှစွန့်ပစ်သည့် အမြင့်ပေ ၄၀၀ ခန့်ရှိ မြေစာပုံမှာ နိုဝင်ဘာ ၂၁ ရက် နံနက် ၃ နာရီခွဲက ပြိုကျခဲ့ရာ မြေစာပုံအောက်ခြေရှိ ရေမဆေးကျောက်ရှာဖွေသူများ နေထိုင်သည့် တဲများနှင့် ဈေးဆိုင်များ နစ်မြုပ်သွားခဲ့ပြီး ပြန်လည်ရှာဖွေမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ နိုဝင်ဘာ ၂၃ ရက် ညနေ ၄ နာရီ ရှာဖွေမှုရပ်နားပြီးချိန်တွင် အလောင်းရှစ်လောင်း ထပ်မံတွေ့ရှိရခြင်းကြောင့် စုစုပေါင်း သေဆုံးသူ ၁၁၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း၊ ရှာဖွေရေးရပ်နားလိုက်သည့်အချိန်မှ သေမှုသေခင်းဖွင့်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖားကန့်မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး နိုင်ဝင်းက မြန်မာ့အလင်း၏ တယ်လီဖုန်းဖြင့် မေးမြန်းမှုကို ပြောကြားသည်။

“အသုဘကိစ္စအတွက် အချင်းချင်းဖေးမကူညီပေးကြပါတယ်။ အားလုံးကဝမ်းနည်းနေကြတာမို့ အကူအညီတွေလိုအပ်နေတယ်။ ရန်ကုန်က ပရဟိတအဖွဲ့တွေပါ ဆင်းလာကြတယ်။ အများစုက ရှာလို့တွေ့ပါတယ်။ ကျွန်မတို့ကတော့ မနက်ဖြန်မှမတွေ့ရင် ပြန်တော့မယ်”ဟု မဇာခြည်ဝင်းက မောင်ဖြစ်သူ ပျောက်ဆုံးနေသေးသည့်အခြေအနေကို ပြောသည်။

မြေစာပုံအောက်တွင် ရောက်နေသူများကို နိုဝင်ဘာ ၂၁ ရက်မှ စတင်ရှာဖွေခဲ့ရာ ယင်းနေ့တွင် ရုပ်အလောင်း ၇၉ လောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် ၂၆ လောင်းနှင့် ယနေ့နံနက် ၁၁ နာရီတွင် ရုပ်အလောင်းရှစ်လောင်း ရရှိခဲ့ပြီး ညနေ ၃ နာရီခွဲအထိ ဆက်လက်ရှာဖွေရာတွင် ရုပ်အလောင်းများ ထပ်မံမတွေ့ရှိတော့ကြောင်း သိရသည်။

ဆိပ်မူ(ဆိုင်းတောင်)ကျေးရွာအုပ်စု ဆွတ်အောင်ကျေးရွာအနီးတွင် ယာယီနေထိုင်သည့် ရေမဆေးတဲ စုစုပေါင်း ၃၀၀ခန့်ရှိပြီး တဲ ၇၀ခန့် မြေစာပိသွားခဲ့ရခြင်းဖြစ်သည်။ ပြိုကျမြေစာများအကြား သေဆုံးသူ အလောင်းများ တူးဖော်ရှာဖွေရေးကို ဒေသအာဏာပိုင်များနှင့် နယ်မြေခံတပ်မတော်သားများ၊ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းရှင်များနှင့် ဒေသခံများက ဆက်လက်ဆောင်ရွက်နေကြကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-ကြယ်စင်(ဖားကန့်)**



❖ *ကျောဖုံးမှ*

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသော်ဒါဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးငြိမ်းသတ်ရေးယာဉ် ၂၄ စီး၊ ကွပ်ကဲမှုယာဉ် ခုနစ်စီး၊ အထပ်မြင့်မီးငြိမ်းသတ်ရေးယာဉ် သုံးစီးတို့က လာရောက် ငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

## အသိပေးကြော်ငြာချက်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)၊ လှည်းကူးမြို့နယ်၊ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးညာဘက်ခြမ်း၊ မိုင်တိုင်အမှတ်(၃)မိုင်(၂)ဖာလုံမှ(၅)မိုင်(၂)ဖာလုံအထိကျွန်းကလေးစိုက်ကွင်းဧရိယာအတွင်းမြေယာကျူးကျော်ခြင်း၊ ကျူးကျော်သူများကမြေအကွက်ရိုက်ရောင်းစားမှုများ၊ ဆင့်ကဲရောင်းစားမှုများ ဖြစ်ပေါ်နေလျက်ရှိပါသည်။ မသိနားမလည်၍ ပိုင်ဆိုင်မှုအထောက်အထားမရရှိဘဲ ဝယ်ယူမိသူများမှာလည်း ဆုံးရှုံးမှုများကြုံတွေ့ရမည်ဖြစ်ပါသည်။ အဆိုပါကျူးကျော်မြေနေရာများသည် ဌာနပိုင်မြေဖြစ်ပြီး စိုက်ပျိုးရေးစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်ဧရိယာများဖြစ်ပါသည်။ ဥပဒေမဲ့ကျူးကျော်ဝင်ရောက်နေမှုများအား မကြာမီအချိန်တွင်ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါဧရိယာအတွင်း မြေကွက်များရောင်းခြင်း၊ ဝယ်ခြင်းများမပြုလုပ်ကြရန်နှင့် ကျူးကျော်ဝင်ရောက်နေသူများမှလည်းအမြန်ဆုံးဖယ်ရှားပေးကြရန် အသိပေးကြော်ငြာအပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)

## ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အစပ်၌ ယနေ့ည ၇ နာရီက ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ဓါတ်ပုံ)**

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့နယ် အစပ်ဖြစ်သည့် ပုဗ္ဗသီရိမြို့နယ် ခါးပြတ်(အောင်စည်သာ)ရပ်ကွက် ရာဇဌာနီလမ်းမကြီးအနီး ၂၁ လမ်းရှိ အိမ်ရှင် ဦးလှကို(၆၅ နှစ်)ရှမ်းကုန်စျေးရောင်းဝယ်ရေးနေအိမ်မှ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် ၎င်း၏ နှစ်ထပ်တိုက်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

မီးလောင်ရာသို့ နေပြည်တော်ကောင်စီဝင် နေပြည်တော်လုံခြုံရေးတာဝန်ခံ ဗိုလ်မှူးကြီးမင်းနောင်၊ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်းနှင့် တာဝန်ရှိသူများရောက်ရှိလာကြပြီး ပျဉ်းမနားမြို့နယ်မှ မီးသတ်ယာဉ်ကိုးစီး၊ ပုဗ္ဗသီရိမြို့နယ်မှ မီးသတ်ယာဉ်ကိုးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ပတ္တာရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းမင်းလတ်၊ဓာတ်ပုံ-ကိုကိုရှူပ**

## ရော်ဘာခြံရှင်များအား ရော်ဘာအစေးလှီးသင်တန်းဖွင့်

**ဘီးလင်း နိုဝင်ဘာ ၂၃**

ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)သည် မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ပူးပေါင်း၍ ရော်ဘာခြံရှင်များအား ရော်ဘာအစေးလှီးခြင်းသင်တန်းကို နိုဝင်ဘာ ၂၁ ရက်က ကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အမှာကစားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)မှ ဦးစီးအရာရှိ ဦးသက်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ ရော်ဘာစိုက်တောင်သူ ၈၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ချိန်ခါမရွေးသတိပေး
မီးဘေးကင်းဝေးမှာ

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တာချီလိတ်**

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်က တာချီလိတ်မြို့ တော်ကော့(ပြင်)ရပ်ကွက်နေ ဆန်ခွက်နှင့် အားချင်တို့၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀၊ အိုက်စ် ၀ ဒသမ ၈၅ ကီလို၊ ထိုင်းနိုင်ငံသုံး ဆင်းကတ်ပါ လက်ကိုင်ဖုန်းနှစ်လုံးနှင့် Mark II အမျိုးအစား အဖြူရောင်မော်တော်ယာဉ်တစ်စီးတို့ကို ဖမ်းမိခဲ့သည်။

အလားတူ နိုဝင်ဘာ ၂၂ ရက်က လွယ်တော်ခမ်း စစ်ဆေးရေးစခန်းနှင့် လွယ်တော်ခမ်းတံတားအနီး လမ်းမပေါ်၌ တာချီလိတ်ဘက်မှ အောင်စိုးမိုး(ခ) အသေးလေးမောင်းနှင်ပြီး ဖြိုးတေဇာလှိုင် (ခ)မဲကြီး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၈၆၀ ကို ဖမ်းမိခဲ့သည်။ နိုဝင်ဘာ ၁၇ ရက်က ရမည်းသင်းမြို့ သင်ပန်းကုန်းကျေးရွာအုပ်စု လက်ဆည်ကန်ရပ် ဗလီအနီးနေ ဇော်မျိုး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၂၀၂ ပြား ကို သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**



**တိုက်ကြီး**

နိုဝင်ဘာ ၂၁ ရက်က တိုက်ကြီးရဲစခန်းမှ တာဝန်ရှိသူများသည် ဥပ္ပံလုံစုရပ်ကွက် အောင်သိဒ္ဓိလမ်းမပေါ်တွင် ရပ်ထားသောတိုယိုတာမတ်တူးအဖြူရောင်ယာဉ်အား စစ်ဆေးရာ ယာဉ်မောင်း စိုးသီဟ (ခ) သီဟအောင် (၂၄ နှစ်)၊ ၎င်း၏ဇနီး မအေးချမ်း(ခ) အိမ်ဂျယ် (၁၉ နှစ်)တို့ကို တွေ့ရှိရပြီး ယာဉ်အတွင်းမှ စိတ်ကြွဆေးပြား ၈၀၄ ပြား ကာလတန်ဖိုးငွေကျပ် ၁၆၀၈၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများဖြစ်သော တိုက်ကြီးမြို့နယ် လသာကုန်းကျေးရွာနေ အေးမင်း(၂၄ နှစ်)အား ဖမ်းဆီးနိုင်ခဲ့ပြီး ရောင်းချသူတစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

အမှုမှ ဖမ်းဆီးရမိသူများကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ **ထွန်းလှိုင်(မြိုင်)**

**ဝမ်ပုံ**

ဝမ်ပုံနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့များက သက်သေများနှင့်အတူ မိုင်းဖုန်း(ခ)အုပ်စု ပါခုတ်စစ်ဆေးရေးစခန်း ကွင်းရှောင်သောလမ်းတွင် တာချီလိတ်ဘက်မှ ပိန်းညောင်ရွာဘက်သို့ အားချေမောင်းနှင်လာသည့် နက်ပြာရောင်မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်းစိမ်း အမည်းရောင်အစေး ၁ ဒသမ ၂ ကီလိုဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၁၂ သိန်းခန့်နှင့် ၎င်းစီးနင်းလာသောဆိုင်ကယ်ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ အားချေ(၅၃နှစ်)အား ဝမ်ပုံနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (လ/၀၁၅)

# မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်သို့ ကူးစက်လောင်ကျွမ်း

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၂၂ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်နေ ဒေါ်ကြည်တင်(ခ)ကုလားမ (၈၀ နှစ်)၏ ပေ(၅၀ × ၁၆) ခနိမိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ် နေအိမ်နောက်ဖေးဘက်၌ အဖိထုတ်ထားသော မီးဖိုဆောင်ရှိ မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းပြီး နေအိမ်သို့ကူးစက်လောင်ကျွမ်းခဲ့ရာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ် ခြောက်စီး၊ ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများ၏ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၆ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ဒေါ်ကြည်တင်(ခ)ကုလားမ၏နေအိမ်အပေါ်ထပ် နောက်ဖေးဘက်ခြမ်းနှင့် ဝဲ၊ ယာနေအိမ်နှစ်လုံးမှ အမိုးခနိများ၊ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဒေါ်ကြည်တင်(ခ)ကုလားမအား ထားဝယ်မြို့မရဲစခန်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# လက်နက်ကိုင် မူးယစ်ဆေးရောင်းချနေသူများအား ဖော်ထုတ်ဖမ်းဆီး



**ဘားအံ နိုဝင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် တော်ပုံကျေးရွာအုပ်စု ကော့မရမ်းကျေးရွာကော့မရမ်းတောင်အားခြေကုပ်ရယူ၍ လက်နက်ကိုင်အစောင့်များစောင့်ကြပ်ကာ မူးယစ်ဆေးဝါး လက်လီလက်ကားဖြန့်ဖြူးရောင်းချနေသောအဖွဲ့ကို နိုဝင်ဘာ ၂၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်အေး ဦးဆောင်သောတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဒေသခံများ မူးယစ်ဆေးဝါးသုံးစွဲမှု များပြားလာခြင်းကြောင့် မူးယစ်ဆေးဝါးအား အလွယ်တကူ ရရှိနေသည့် နေရာရှိနိုင်ကြောင်း သုံးသပ်ကာ စုံစမ်းရာမှ ကော့မရမ်းကျေးရွာတွင် ကော့မရမ်းတောင်အား အကာအကွယ်ယူ၍ လက်နက်ခဲယမ်းကိုင်ဆောင်သည့်လူတစ်စုက ခြေကုပ်ယူရောင်းချနေကြောင်း အတည်ပြုသတင်းရရှိခဲ့သည်ဟု သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက သက်ဆိုင်ရာ နယ်မြေရဲစခန်းမှူးများနှင့်ပါ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ချပြရှင်းလင်းခြင်း၊ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအား အသေးစိတ်စီမံကွပ်ကဲပြီး လက်နက်ကိုင် အစောင့်များရှိနေသဖြင့် မိမိတပ်ဖွဲ့ဝင်များအား လက်ဦးမှုရရှိစေရန် အပြစ်မဲ့ပြည်သူများ ထိမှန်ခြင်းမျိုးမဖြစ်စေရန် မှာကြား၍ နိုဝင်ဘာ ၂၀ ရက်က ဝင်ရောက်ရှင်းလင်း ဖမ်းဆီးရာ စောမောင်မဲ(ခ)စောစိန်အောင် ထံမှ WY ဆေးပြား ၆၀၊ ငွေရောရာ ၃၇၀၀၀ နှင့် ဆက်စပ်ပစ္စည်းများ၊ ဆိုင်ကယ်နှစ်စီး၊ နေလင်းထက်(ခ) ခေါ်ကြီးထံမှ VIVO အမျိုးအစားဖုန်းတစ်လုံးနှင့် ငွေကျပ် ၉၀၀၀၀ တို့အား သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးမှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသည့် ထိကျယ်နှင့် ဇာနည်တို့နှစ်ဦး အခြေပြုသည့်နေရာအား သက်သေများဖြင့် ရှာဖွေရာ တူမီးယမ်းထောင်း သေနတ်အတိုတစ်လက်၊ အရှည် နှစ်လက်ပေါင်း သုံးလက်၊ မီးကူးယမ်းပြား၊ ခဲဘောစေ့(၁၆)လုံး၊ လက်လုပ်မိုင်း ခုနစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ဘက်ထရီအိုးလေးလုံး၊ အဖွင့်အပိတ် ခလုတ်တစ်ခု၊ ဆိုလာပြားတစ်ချပ်၊ စစ်သုံးမှန်ပြောင်းတစ်လက်၊ ဆေးရှူသည့်ဝါး ပြောင်းငယ် (၁၉) ချောင်း၊ ဓားမြောင်တစ်ချောင်းတို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထွက်ပြေးသူ ညဏ်လင်း (ခ) ကိုငယ်ဆိုသူအား ဖမ်းဆီးရမိပြီး ၎င်းထံမှ WY ဆေးပြားနှစ်ပြားနှင့် ဆေးရှူသည့် ဆက်စပ်ပစ္စည်းများကို ရှာဖွေသိမ်းဆည်းရမိသည်။

ယင်းနောက် မူးယစ်ဆေးဝါး ဝယ်ယူသုံးစွဲရန် လာရောက်သည့် လူငယ် ၁၅ ဦးအား ထိန်းသိမ်း၍ ဘားအံမြို့မရဲစခန်းသို့ ခေါ်ဆောင်လာပြီး စစ်ဆေးစိစစ်ရာ ၁၅ဦးတွင် အထက်တန်း ကျောင်းသားများနှင့် တက္ကသိုလ် တက်ရောက်နေသည့် ကျောင်းသားလူငယ်များ အများဆုံး ပါဝင်နေခဲ့ကြောင်း သိရသဖြင့် ပညာပေးပြောကြား ဆုံးမကာ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါး ရောင်းချရာတွင် တရားမဝင် လက်နက်ခဲယမ်းများကိုင်တွယ် အသုံးပြုရောင်းချသူများကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

# ဂန့်ဂေါ-ကလေးကားလမ်းတွင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်တိုက်ခံရ၍သေဆုံး

**ဂန့်ဂေါ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေးကားလမ်းတွင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်တိုက်ခံရ၍ သေဆုံးခဲ့မှုဖြစ်ပွားခဲ့ကြောင်း ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၂ ရက် ည ၈ နာရီခွဲက ဂန့်ဂေါ-ကလေးကားလမ်း စိုင်ဒူးကျေးရွာအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဂန့်ဂေါမြို့မရဲစခန်းက ဒုရဲအုပ်သန်းအောင်လွင် သွားရောက်စစ်ဆေးရာ ဂန့်ဂေါမှ စိုင်ဒူးကျေးရွာဘက်သို့ ဇော်မိုးလှိုင်(၂၂ နှစ်) စိုင်ဒူးကျေးရွာ ဂန့်ဂေါမြို့နယ်နေသူသည် နံပါတ်မပါ ဆိုင်ကယ်ကို မောင်းနှင်လာစဉ် ဂန့်ဂေါ-ကလေး ကားလမ်း မိုင်တိုင်အမှတ်(၁၁၄/၂-၃) စိုင်ဒူးကျေးရွာအနီးတွင် လမ်းဝဲဘက်ခြမ်းမှ ယာဘက်ခြမ်းသို့ လမ်းဖြတ်ကူးသူ ဒေါ်မြမြဝင်း(၅၈ နှစ်) စိုင်ဒူးကျေးရွာ ဂန့်ဂေါမြို့နေသူကို ဝင်ရောက်တိုက်မိ၍ ဒေါ်မြမြဝင်းတွင် ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့ကာ ဇော်မိုးလှိုင်တွင် ဒဏ်ရာများ(မစိုးရိမ်ရ)တို့ရရှိခဲ့ကြောင်း အမှုစစ်ရဲအရာရှိ၏ စစ်ဆေးချက်အရ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဇော်မိုးလှိုင်အား ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# သစ်ခွဲသားလှည်းပေါ်သို့တင်ဆောင်စဉ် အမျိုးသားတစ်ဦး သစ်တုံးပိသေဆုံး

**ချောက် နိုဝင်ဘာ ၂၃**

ချောက်မြို့နယ် စလေအုပ်စုတွင် လှည်းပေါ်သို့ သစ်ခွဲခြမ်းသားတုံး တင်ဆောင်ရာမှ အမျိုးသားတစ်ဦး သစ်တုံးပိသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း ချောက်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ အောင်ကျော်မိုး (၂၂နှစ်) တောင်ရပ်ကွက် ချောက်မြို့နယ်နေသူနှင့် တစ်ရပ်ကွက်တည်းနေ ကြည်ဝင်းပါ ၁၁ ဦးသည် နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီခွဲက အင်းသစ်ခွဲခြမ်းသားအား လှည်းပေါ်သို့တင်ဆောင်စဉ် လှည်းဘီးဘယ်ဘက်ခြမ်းမှာ သဲထဲကျွံဝင်ကာ လှည်းတစ်ခြမ်း စောင်းသွားပြီး သစ်ခွဲခြမ်းသားလိမ့်ကျ၍ လှည်းနောက်ဖျားရှိ ကြည်ဝင်းပေါ်သို့ ပိကျသဖြင့် ကြည်ဝင်း(၃၀နှစ်)တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ပြီး အောင်ကျော်မိုး(၂၂ နှစ်)တွင် သစ်ခွဲခြမ်းသားရိုက်မိ၍ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အောင်ကျော်မိုးပါ ၁၁ ဦးကို ချောက်မြို့နယ် စလေနယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ငါးပူတင်းစားသုံးရာမှ အဆိပ်သင့်၍ နှစ်ဦးသေဆုံး

**ထားဝယ် နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့ (ဃ)ရပ်ကွက်တွင် နိုဝင်ဘာ ၂၂ ရက် ညနေက ငါးပူတင်း ငါးကလီစာများ လာရောက်ရောင်းချလျက်ရှိရာ နေအိမ်နှစ်အိမ်က ဝယ်ယူစားသုံးမိသဖြင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးမှာ ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်မှာ ရေဖြူမြို့နယ်(ဃ)ရပ်ကွက်တွင် ငါးပူတင်းငါး(ထားဝယ်အခေါ် ပုစဉ်းငါး)ကလီစာများလာရောက်ရောင်းချသဖြင့် မိသားစုနှစ်စုကဝယ်ယူ၍ ငါးပူတင်း ငါးအသည်းဟင်းဖြင့် ထမင်းစားခဲ့ပြီးနောက် နိုဝင်ဘာ ၂၂ ရက် ည ၉ နာရီတွင် ဦးထိန်ဝင်း (၅၄ နှစ်)မှ မူးဝေလာပြီး ရေဖြူဆေးရုံသို့ပို့ပြီး ဆေးကုသမှုခံယူစဉ် ည ၉ နာရီခွဲတွင် သေဆုံးသွားခဲ့သည်။

ထို့နောက် ဦးထိန်ဝင်း၏ဇနီး ဒေါ်ခင်မျိုးနွယ်(၅၀ နှစ်)၊ မသက်သက်ချို (၄၃ နှစ်)နှင့် ခင်ပွန်းဦးတင်ထွန်း(၄၈ နှစ်)တို့ ထပ်မံမူးဝေလာသဖြင့် ရေဖြူ ဆေးရုံမှပို့ဆောင်ရာ ထားဝယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးသဖြင့် ထားဝယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ည ၁၁ နာရီခွဲတွင် မသက်သက်ချို ထပ်မံသေဆုံးသွားသည်။ ဒေါ်ခင်မျိုးနွယ်နှင့် ဦးတင်ထွန်းတို့မှာ ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


**ဖမ်းဆီးရမိသော သစ်လုံး/ခွဲသားများ ရောင်းချရန်လေလံကြော်ငြာ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၊ ကျောက်မဲမြို့နယ်ရှိ ဖမ်းဆီးရမိသောပုံစံ(၈)ဝင် သစ်လုံးခွဲသားများနှင့် ဆက်စပ်ပစ္စည်းများအား သစ်တောဦးစီးဌာန၊ ကျောက်မဲခရိုင်၌ ၂၈-၁၀-၂၀၁၅ရက် နံနက် ၉ နာရီတွင် လက်ရှိမျက်မြင်အတိုင်း လေလံတင်ရောင်းချမည့်ပစ္စည်းများကို လပ်ပုံ (၂၈)ပုံတိုင်း၍ ကျွန်း၊ သစ်မာ၊ အခြား၊ သစ်၊ တိုင်၊ ခွဲသား (၇၂၁၁) လုံး/ချောင်း (၁၇၃ဒသမ၂၈၆၆) တန်အား လေလံတင်ရောင်းချမည် ဖြစ်ပါ၍ ကျောက်မဲခရိုင်၊ မိုးမိတ်၊ မဘိမ်းမြို့နယ်များမှအပ ပြည်နယ်အတွင်းသာ သယ်ယူရန်နှင့် ပြည်နယ်ကျော် သယ်ယူခွင့်မပြုကြောင်း စည်းကမ်းသတ်မှတ်ချက်ထား၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်ကို ကျောက်မဲခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၀-၁၁-၂၀၁၅ရက်မှ ၂၅-၁၁-၂၀၁၅ရက်အထိ လျှောက်လွှာ တစ်စောင်လျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။ လျှောက်လွှာပုံစံကို ၂၆-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

အသေးစိတ်သိလိုပါက ကျောက်မဲခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၂-၄၀၀၄၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မင်းမင်းစိုး ၈/မသန(နိုင်)၁၁၉၂၈၄၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၈၄၄၁၈၁**

# သန်လျင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကျင်းပမည်



**ရန်ကုန်　နိုဝင်ဘာ　၂၃**

သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲနှင့် မြို့လုံးကျွတ်သံဃာအပါး ၂၅၅ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားရန် စေတီတော်မြတ်ဂေါပကအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပွဲတော်ကြီးသို့ ရပ်နီးရပ်ဝေးမှအလှူရှင်များ ကြွရောက်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။　**သန်းဝင်း-သန်လျင်**

# မြိတ်မြို့တွင် ကင်းမွန်ဈေးကွက်ပြန်လည်မြင့်တက်လာ

**မြိတ်　နိုဝင်ဘာ　၂၃**

ကင်းမွန် (ပြည်ကြီးငါး)များ ဈေးနှုန်းထိုးကျသွားရာမှ ယခုအခါ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ယခင်နှစ်ကင်းမွန်ဈေးနှုန်းမှာ ကင်းမွန်အကောင်ကြီးနံပါတ် (၁၊ ၂၊ ၃) ၁၂ပိဿာခန့်ပါသော ဗန်းတစ်ဗန်းလျှင် ငွေကျပ် ၄၀၀၀၀ ခန့်ရရှိခဲ့ပြီး ယခုနှစ်ကင်းမွန်ဖမ်းယူသည့် ရာသီဖြစ်သည့် အောက်တိုဘာလအစတွင် ကင်းမွန်ဈေးနှုန်းမှာ အဆိုပါ ဗန်းတစ်ဗန်းလျှင်ငွေကျပ် ၂၅၀၀၀ ဝန်းကျင်သာရရှိကြောင်းနှင့် ယခု နိုဝင်ဘာလအတွင်း ဈေးနှုန်း ၃၉၀၀၀ ခန့်ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

"ကင်းမွန်ဖမ်း ရာသီကတော့ အောက်တိုဘာလကနေ မေလအထိပါ။ နိုဝင်ဘာလနဲ့ဒီဇင်ဘာလတွေမှာ ဖမ်းယူရရှိမှုများတယ်။ ဈေးနှုန်းကျဆင်းတော့ တချို့လုပ်ငန်းရှင်တွေမှာ အရှုံးပေါ်ပါတယ်။ စက်ပစ္စည်းတွေ ပြင်ဆင်ရတဲ့လှေတွေဆိုပိုဆိုးတယ်။ အခုဈေးနှုန်းပြန်တက်လာတော့ အဆင်ပြေလာပါတယ်"ဟု ကင်းမွန်အရောင်းတာဝန်ခံတစ်ဦးက ပြောသည်။

မြိတ်ဒေသတွင် ကင်းမွန်ဖမ်းသည့် ငါးဖမ်းလှေအစင်းရေ တစ်ထောင်ဝန်းကျင်ခန့်ရှိပြီး လှေငယ်တစ်စင်းတွင် ရေလုပ်သားခုနစ်ဦးမှ ကိုးဦးအထိရှိကာ လှေကြီးတစ်စင်းလျှင် ရေလုပ်သား ၁၄ ဦးခန့်အထိရှိ၍ ကင်းမွန်များကို အကောင်အရွယ်အစားအလိုက် အတန်းအစားခွဲခြားပြီး နံပါတ်(၁၊ ၂၊ ၃) အရွယ်အစားများမှာ ၁၂ ပိဿာ တစ်ဗန်းလျှင် ငွေကျပ် ၃၉၀၀၀ ခန့်၊ နံပါတ်(၄) အရွယ်အစားတစ်ဗန်းလျှင် ငွေကျပ် ၂၈၀၀၀ ခန့်၊ အကောင်အသေးနံပါတ်(၅) အရွယ်အစားတစ်ဗန်းလျှင် ငွေကျပ် ၁၅၀၀၀ ခန့်ရရှိကြောင်းနှင့် အဆိုပါကင်းမွန်များကို မြိတ်မြို့ရှိ ကုမ္ပဏီများမှတစ်ဆင့် အအေးခံပြီး ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံသားများကလည်း ကင်းမွန်အခြောက်လှန်းသည့် လုပ်ငန်းများကို လာရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ခရိုင် ပြန်/ဆက်)**



# သီးနှံစိုက်ပျိုးနည်းပညာပေးသင်တန်းဆင်း

**ဟုမ္မလင်း　နိုဝင်ဘာ　၂၃**

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ သီးနှံစိုက်ပျိုးရေးနည်းပညာပေးသင်တန်းဆင်းပွဲကို နိုဝင်ဘာ၂၂ ရက်က ဟုမ္မလင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းအမ်းတော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုထွေးက သီးနှံစိုက်ပျိုးနည်းပညာပေး သင်တန်းဖွင့်လှစ်ရခြင်းနှင့် အကျိုးကျေးဇူးများရရှိနိုင်မည့်ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို နှစ်ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးပြီး သင်တန်းသား/ သင်တန်းသူ ၃၈ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။　**လိုင်းလင်းမူ(ပြန်/ဆက်)**

# စိုက်ပျိုးရေးအသိပညာပေးဟောပြော

**ရန်ကုန်　နိုဝင်ဘာ　၂၃**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း(ရန်ကုန်ရုံးခွဲ)က ကြီးမှူး၍ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်သင်တန်းခန်းမ၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမူမူသိန်းက "သရက်သီးပြည်ပတင်ပို့ရာတွင် ဂရုပြုရမည့်အချက်များနှင့် သီးထိုးယင်ကာကွယ်နှိမ်နင်းနည်း"ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။　**ကိုချစ်**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ်နေ (ဦးသက်လွင်)-ဒေါ်မြသိန်း တို့၏သားထွေး

**ဒေါက်တာအောင်ဖြိုးခိုင်** B.V.Sc

Section Manager Myanmar C.P Livestock Co.,Ltd.

**နှင့်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးဝင်းနောင်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန-ဒေါ်နွဲ့နွဲ့ဝင်း(ရတနာရွှေဆိုင်) တို့၏သမီးကြီး

**ဒေါက်တာနွဲ့လေးနောင်** B.V.Sc

M.B.A(1st Semester)(Vitoria University, switzerland)

တို့သည် ၂၂-၁၁-၂၀၁၅ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာအောင်ဖြိုးခိုင်-ဒေါက်တာနွဲ့လေးနောင်**

ရွှေနဂါး (ခရီးသွားလုပ်ငန်း)
ကျိုက်ထီးရိုး -35000
ချောင်းသာ -50000
ငွေဆောင် -60000
Ph:209077, 209388

GOLDEN STAR ခရီးသွားလုပ်ငန်း
◆ ကျိုက်ထီးရိုး(နေ့စဉ်) (သံဃာတော်/သီလရှင်အခမဲ့)
◆ ချောင်းသာ / ငွေဆောင်(နေ့စဉ်)
Ph: 209200, 544383, 430480, 705968, 703448

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6045 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## မိတ္ထီလာတက္ကသိုလ် (၁၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်းနှင့် ကျင်းပမည့်ရက်ကြေညာခြင်း

မိတ္ထီလာတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

ဘွဲ့လျှောက်ထားနိုင်သူများမှာ-

(၁) ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဒုတိယနှစ်ဂုဏ်ထူးတန်း စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ။

(၂) ၂၀၁၅ ခုနှစ်၊ မတ်လတွင်ကျင်းပခဲ့သော မဟာဒုတိယနှစ်နှင့် မဟာသုတေသန သင်တန်း စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများ။

(၃) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော စတုတ္ထနှစ်သင်တန်း စာမေးပွဲ ကိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ။

**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၂၅-၁၁-၂၀၁၅ရက်မှ ၂၄-၁၂-၂၀၁၅ရက်အထိ
**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃၊ ၂၄ ရက်နှင့်
**အစမ်းလေ့ကျင့်မည့်ရက်** - ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်

အသေးစိတ်အချက်အလက်များကို သင်တန်းရေးရာဌာန၊ ဖုန်း-၀၆၄-၂၃၄၂၆သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တိုးတိုးခင်**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မိတ္ထီလာတက္ကသိုလ်**

ရွှေထူးလှိုင် ကျိုက်ထီးရိုး၊ချောင်းသာ၊စားတည်းငြိမ်း - ၂၅၀၀၀/-
တောင်ကြီး(မြေပုံပွဲ)၊ ပင်းတယ၊ မွေတော်ကက္ကူ၊ထမ်းစင်ရှေ(၄)ရက်
Ph:09450044496, 09250570004, 377921

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၆ ရက် (ကြာသပတေးနေ့) တန်ဆောင်မုန်းလပြည့်နေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။　**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## တာမွေမြို့နယ် မဂ္ဂင်ကျောင်းတိုက် မဟာဘုံကထိန်ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကျောင်းတိုက်ကြီး၏ (၁၁)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းဆက်ကပ်ခြင်းအလှူတော်ကို (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလ ၁၄ရက်) ၂၅-၁၁-၂၀၁၅ရက်တွင် ကျိုက္ကဆံယာဉ်နှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းမိသားစုများက ဦးဆောင်၍ ကထိန်လျာသင်္ကန်းဆက်ကပ်ပါမည်။ တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သော ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကျောင်းရှိ သံဃာတော်များနှင့်ပင့်သံဃာတော်အပါး ၆၀တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်ခြင်းနှင့် ကျောင်းတိုက်ဆရာတော်အား ဒါယကာ ဒါယိကာမများမှ စုပေါင်း၍သိက္ခာကံထပ်ခြင်းအလှူတော်ကို ကျင်းပမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ကြားအပ်ပါသည်။ရေစက်ချ တရားတော်များကို ဒိုက်ဦးဆရာတော်ကြီးမှ ဟောကြားချီးမြှင့်ပါမည်။

**မဂ္ဂင်ကျောင်းတိုက်အကျိုးတော်ဆောင်အဖွဲ့**

## ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ အမက မူလွန်(ဆင်ကန်) တတိယတန်းမှ မနှင်းဝတ်ရည်၏ ဖခင်အမည်မှန်မှာ ဦးစူပါစီ(ခ)ဦးမောင်မောင်ဖြစ်ပါသည်။

# ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်

**လွိုင်ကော် နိုဝင်ဘာ ၂၃**

ခုခံကျဆင်းမှုရောဂါရှိသူများကို ခွဲခြားနှိမ့်ချ ဆက်ဆံမှုမရှိစေရေးနှင့် ရောဂါကူးစက်မှုမရှိစေရေး ရည်ရွယ်ချက်ဖြင့် ကျောင်းသားကျောင်းသူများ အသိပညာတိုးပွားစေရန် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက် ရောဂါတိုက်ဖျက်ရေးနေ့ ( WORLD AIDS DAY ) အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲမြို့နယ်အဆင့်ကို နိုဝင်ဘာ ၁၉ ရက်က လွိုင်ကော်မြို့အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲကို ခွဲခြားနှိမ့်ချ ကင်းစေဝေး ကူးစက်သေဆုံးမှုမရှိရေး (အေအာ တီ) ဖြင့် ကုသပေးခေါင်းစဉ်



ဖြင့် လွိုင်ကော်မြို့နယ်အတွင်းရှိ အထက်တန်း ကျောင်းသား ကျောင်းသူများ ပန်းချီပြိုင်ပွဲတွင်ခြောက်ဦး၊ ကာတွန်းပြိုင်ပွဲတွင်ရှစ်ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် ၂၈ ဦးစုစုပေါင်း ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အတက်ရောဂါစီမံချက်အတွက် ပညာပေး

**ပျဉ်းမနား နိုဝင်ဘာ ၂၃**

အတက်ရောဂါသည် ကုသ၍ ရသောရောဂါဖြစ်ကြောင်း၊ ကူးစက်တတ်သော ရောဂါမဟုတ်ကြောင်း၊ အတက်ရောဂါရှိသူများ စနစ်တကျဆေးကုသမှုခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင်သော ဘဝကိုပိုင်ဆိုင်နိုင်ကြောင်းဖြင့်နိုဝင်ဘာ ၁၉ ရက်က ပျဉ်းမနား ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသော တိုင်းဒေသကြီးအဆင့် အတက်ရောဂါ အသိပညာပေးရှင်းလင်းပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးညွှန်ကြားရေးမှူး ဒေါက်တာ လှလှကြည်က ပြောကြားသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်၊ မြန်မာနိုင်ငံအတက်ရောဂါစီမံချက်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းဦး၊ တွဲဖက်ပါမောက္ခဒေါက်တာဖေသက်ထွန်း၊ ပျဉ်းမနားခုတင် ၂၀၀ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်တို့က ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် နေပြည်တော်ကောင်စီနယ်မြေမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်မီမီစိုးနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူများ၊ သူနာပြုအုပ်နှင့်သူနာပြုများ၊ ကြက်ခြေနီ၊ ပညာရေး၊ ထွေ/အုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများက အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြန်မာ့ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်းအားကစားသင်တန်းကျောင်း မန္တလေး၌ တည်ဆောက်မည်

**မန္တလေး နိုဝင်ဘာ ၂၃**

မြန်မာ့ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်း မျိုးဆက်သစ် အားကစားမောင်မယ်များ ပေါ်ထွန်းလာစေရေးအတွက် ရိုးရာခြင်းလုံးနှင့်ပိုက်ကျော်ခြင်းအားကစား သင်တန်းကျောင်းကို မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ကားလမ်းအနီး၌ တည်ဆောက်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှခွင့်ပြုပြီးဖြစ်ကြောင်း နှင့် သင်တန်းကျောင်းတွင် မြန်မာ့ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်း လက်ရွေးစင်အားကစားသမားများက သင်တန်းနည်းပြ ဆရာများအဖြစ် သင်တန်း ပို့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခြင်းလုံးနှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

အဆိုပါ သင်တန်းကျောင်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင် ဆောက်လုပ်သွားမည်ဖြစ်ပြီး ဇူလိုင်လတွင်ပြီးစီးနိုင်ရန် ခန့်မှန်းထားကြောင်း နိုင်ငံတကာမှ ခရီးသွားများ စိတ်ဝင်စားသော မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားနည်းကို မကြာခဏ အာရှ၊ ဥရောပနိုင်ငံတို့သို့ သရုပ်ပြခတ်ကစားခြင်းများ သွားရောက်မှုများရှိသကဲ့သို့ မြန်မာနိုင်ငံသို့လည်း ၄င်းတို့နိုင်ငံ၏ယဉ်ကျေးမှု အားကစားနှင့် ဆက်စပ်သော ရိုးရာခြင်းခတ်ကစားခြင်းကို TV Channel များတွင် ထုတ်လွှင့်ပြသနိုင်ရန် အောက်ဒိုးလာရောက်ရိုက်ကူးမှုရှိသည့်အခါ အဆင်ပြေရန် ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်း အားကစား သင်တန်းကျောင်းကို အဆင့်မီစွာ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

# အလုပ်သမားများ၏ အခြေခံသဘောတရားနှင့် ဥပဒေများဆွေးနွေး

**ဆားလင်းကြီး နိုဝင်ဘာ ၂၃**

အလုပ်သမားများ အခြေခံသဘောတရားနှင့် အလုပ်သမားများအကြောင်း အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ အမှတ်(၆) ချည်ထည်စက်ရုံ နေ့ကလေးထိန်းကျောင်း၌ နိုဝင်ဘာ ၂၁ ရက်က ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်ဦးစီးမှူး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဦးစီးမှူး ဦးအောင်ဆန်းမြင့်က အမှာစကားပြောကြားပြီး (CTUM) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ် ဒေါ်ခိုင်ဇာအောင်၊ (CT-UM) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားများ သမဂ္ဂစည်းရုံးရေးမှူး ဒေါ်စုမာ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဥပဒေရေးရာအရာရှိ ဒေါ်ဇင်သူမြင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် သတ္တုတွင်းအလုပ်သမားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြင့်စိုးတို့က အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးအဖွဲ့၏ စီမံကိန်းနှင့် ရည်ရွယ်ချက်များ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေတွင်ပါရှိသော အာမခံစနစ်များအကြောင်း၊ မဝင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် အလုပ်ဌာနများအကြောင်း၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် အာမခံထားခွင့်ရှိသူများအကြောင်း၊ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံ စနစ်၏ အကျိုးခံစားခွင့်များအကြောင်း၊ မိသားစုထောက်ပံ့မှု အာမခံစနစ်၏ အကျိုးခံစားခွင့်များအကြောင်း၊ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်နှင့် အာမခံစနစ်၏ အကျိုးခံစားခွင့်များအကြောင်း၊ အမြဲတမ်း မသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်များ အကြောင်း၊ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်များအကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ၊ အလုပ်ရှင်များလိုက်နာဆောင်ရွက်ရန်နှင့် အလုပ်ရှင်များ၏ အခွင့်အရေးအကြောင်းနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအား လိုက်နာမှုမရှိသူများ သတိပြုရမည့် အချက်များစသည့် အခြေခံသဘောတရားများ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော အလုပ်သမားများ၏ သိရှိလိုသည့် အကြောင်းများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### စည်းကမ်းမဲ့ရေဆိုးများစွန့်ပစ်မှုကြောင့် ခြင်အန္တရာယ်စိုးရိမ်ရ

လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းရဲကျော်စွာ(၁၁)လမ်းပေါ်တွင် ထမင်းဆိုင်တစ်ဆိုင်သည် ကျူးကျော်အိမ်အခိုင်အမာပြုလုပ်၍ ချက်ပြုတ်ရောင်းချခြင်း၊ အညစ်အကြေးများစည်းကမ်းမဲ့စွန့်ပစ်ခြင်းများ ပြုလုပ်နေပါသည်။ ထမင်းဆိုင်အနောက်ဘက်၌ ရေဆိုးများ အမြဲရှိနေခြင်းကြောင့် မြောင်းပုပ်နံ့များ ထွက်ပေါ်လျက်ရှိပါသည်။ ညှော်နံ့များအပြင် ထမင်းဆိုင်မှာ လမ်းထိပ်ရေမြောင်းနှင့်လည်း မလွတ်သဖြင့် ရေစီးရေလာမရှိဘဲ ခြင်များပေါက်ပွားပြီး ကလေးငယ်များသွေးလွန်တုပ်ကွေးအန္တရာယ်စိုးရိမ်ရသဖြင့် အဆိုပါကျူးကျော်ထမင်းဆိုင်အား တာဝန်ရှိသူများက လာရောက်ရှင်းလင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ရပ်ကွက်နေသူတစ်ဦး**

— — — — — —

### ကြက်ခြံမှထွက်သောအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

မကွေးတိုင်းဒေသကြီး၊ အောင်ရတနာအုပ်စု၊ ရန်နိုင်ရပ်(၂၅)လမ်းတွင် စီးပွားဖြစ် ကြက်ခြံမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသည်မှာ ကြာပြီဖြစ်ပါသည်။ ကြက်ခြံမှထွက်သောအနံ့ဆိုးများ၊ ကြက်ချေးနံ့များ၊ ကြက်စာဓာတုဆေးဝါးနံ့များကြောင့် ရပ်ကွက်နေလူထုမှာ နေ့စဉ်နှင့်အမျှ လေကောင်းလေသန့်မရဘဲ ကျန်းမာရေးထိခိုက်လျက်ရှိသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများအတွက် ကြက်ခြံမှထွက်သော အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်စေပါသည်။

အဆိုပါကြက်ခြံအား သက်ဆိုင်ရာမှ တာဝန်ရှိသူများက ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူများ**

— — — — — —

### အချိန်မတော်သောက်စား ဆူပူမှုများကြောင့် ပတ်ဝန်းကျင်မခံသာ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် နွယ်နီ(၁၃)လမ်းနှင့် (၁၄)လမ်းကြားရှိ ဆိုက်ကားဂိတ်တွင် ညအချိန်မတော် ဆူပူခြင်း၊ အရက်သေစာသောက်စားခြင်း၊ လမ်းဘေးဝဲယာတွင် အညစ်အကြေးစွန့်ခြင်း၊ ရှံဖန်ရှံခါလောင်းကစားခြင်းတို့ကို ပြုလုပ်လျက်ရှိရာ ရပ်ကွက်နေသူများမှာ အနှောင့်အယှက်ဖြစ်ရပါသည်။

ထို့ကြောင့်စည်းကမ်းမဲ့စွာဆူပူနေသော အဆိုပါဆိုက်ကား ဂိတ်နေရာအား သက်ဆိုင်ရာက အမြန်ဆုံးရွှေ့ပြောင်းပေးပါရန် အကူအညီတောင်းခံအပ်ပါသည်။

**လမ်းနေပြည်သူများ**

— — — — — —

### ကျူးကျော်ဈေးဆိုင်များကြောင့် သွားလာရေးအခက်ကြုံ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ (၁၈) ရပ်ကွက် ဦးအောင်မြတ်လမ်းတစ်လျှောက်တွင် စည်းကမ်းမဲ့ဆောက်လုပ်ရောင်းချနေသော ဈေးဆိုင်များအမိုးအစွန်းများကြောင့် ကျောင်းသွားကျောင်းပြန်၊ ရုံးသွားရုံးပြန် ခရီးသွားပြည်သူများအနေဖြင့် ယာဉ်အန္တရာယ်၊ ထိခိုက်မှုအန္တရာယ်များ နေ့စဉ် ကြုံတွေ့နေကြရသဖြင့် လမ်းဘေးတွင်စည်းကမ်းမဲ့ ဆောက်လုပ်ထားသည့် ဈေးဆိုင်များအား သက်ဆိုင်ရာက ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

# ကျန်းမာရေးစီမံကိန်းအစီအစဉ်ရေးဆွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နမ့်ဆန် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနနှင့် CESVI Burnet Institute တို့၏ ပူးပေါင်းအကောင်ထည်ဖော်ဆောက်ရွက်သည့် မြို့နယ်ကျန်းမာရေးစီမံကိန်းအစီအစဉ်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းအောင်က မြို့နယ်ကျန်းမာရေးစီမံကိန်းအစီအစဉ်ရေးဆွဲခြင်း၏ ရည်ရွယ်ချက်ကို ဦးဆောင်ဆွေးနွေးပြီး၊ CESVI အဖွဲ့မှ ဒေါက်တာပိုလ်ဇော်နိုင်က CESVI အဖွဲ့၏ ကျန်းမာရေးဆိုင်ရာစီမံချက်များ၊ ဒေါက်တာမိုးဇော်ဦးနှင့် ဒေါက်တာသန်းဇော်ဦးတို့က ကျန်းမာရေးဆိုင်ရာအသိပညာများကို ဆွေးနွေးခဲ့ကြကာ ဒေသဦးစီးဥက္ကဋ္ဌ ဦးမောင်ကျော်ကအမှာစကားပြောကြားပြီး ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကဏ္ဍပိုမိုမြင့်တင်ရန်နှင့် လိုအပ်ချက်များကို ဆွေးနွေးပွဲသို့တက်ရောက်လာသည့် အဖွဲ့သားများက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သံပရာသီး၏ထူးခြားသော ဆေးဖက်ဝင်အာနိသင်များ

ကြည်လွင်မြင့်(မုံရွာ)

**စာရေးသူ၏မိခင်သည် ခရီးသွားသည့်အခါတိုင်း လက်ကိုင်အိတ်အတွင်း၌ သံပရာသီးတစ်လုံးဆောင်ထားလေ့ရှိသည်ကို တွေ့ရသည်။ မူးမော်လျှင် ရှူဖို့လားဟု မေးကြည့်သောအခါ ခရီးသွားသူများ ကြုံတွေ့လေ့ရှိသည့် တို့ဆေးအန္တရာယ်မှကာကွယ်ရန်ဟုဆိုသည်။ တို့ဆေးသုံးပြီး ပါလာသည့် အဖိုးတန်ပစ္စည်းများ၊ လက်ဝတ်ရတနာများ ချွတ်ယူသွားသည်ဆိုသည့်သတင်းများ မကြာခဏကြားနေရသည်။ ထိုသတင်းမှာ မှန်သော်ရှိ၊ မမှန်သော်ရှိ၊ သံပရာသီးဆောင်ထားလျှင် ထိုဘေးရန်မှ ကာကွယ်သည်ဟုယုံကြည်၍ ဆောင်ထားခြင်းဖြစ်သည်။ ဘာမှလည်း အပန်းမကြီး၊ မူးမော်လျှင်လည်း ရှူနိုင်သည်ဟုဆိုသည်။**



မှန်ပါသည်။ ရှေးမြန်မာဆေးကျမ်းများအလိုအရ သံပရာသီးသည် အဆိပ်သင့်နာကို ပြေစေနိုင်သည်။ (ဥပမာ . . . ဘိန်းမူးလွန်သောအဆိပ်၊ အရက်မှဖြစ်သော အဆိပ်၊ အစားမှဖြစ်သောအဆိပ်များ စသည်)။ တော်ရုံ အဆိပ်သင့်နာကို အနံ့ရှူရှိုက်ရုံဖြင့် သက်သာစေနိုင်သည်။ အရည်ကိုညှစ်ယူ၍ သကြားဖြင့်ဖျော်စပ်သောက်ခြင်းဖြင့်လည်း အဆိပ်အတောက်ပြေစေနိုင်သည်။

ရှေးလူကြီး များသည် မိမိအိပ်ရာ ခေါင်းအုံး အနီးတွင် သံပရာသီးတစ်လုံး ဆောင်ထားလေ့ရှိသည်။ သံပရာသီးရနံ့သည် ကောင်းစွာအိပ်ပျော် စေသည်။ အိပ်ပျော်နေချိန် ဘီလူးစီးခြင်း (တစ်ကိုယ်လုံး လှုပ်မရ၊ အော်မရဖြစ်ခြင်း)၊ လေဖြတ်ခြင်းတို့ မှ ကာကွယ်နိုင်သည်ဟုယူဆပြီး ဆောင်ထားကြခြင်း ဖြစ်သည်။

ယောမြို့စား အတွင်းဝန်ဦးဘိုးလှိုင်၏နာမည်ကျော် 'ဥတုဘောဇနသင်္ဂဟ' ကျမ်းတွင် သံပရာသီး၏ ဆေးဖက်ဝင်ပုံကို ဖော်ပြထားသည်မှာ သံပရာသီး အကြီးအငယ် နှစ်မျိုးရှိသည်။ နှစ်မျိုးလုံး ချဉ်၏။ ပူ၏။ ကြေခဲ၏။ လေသလိပ်တို့ကို နိုင်၏။ ဝမ်းချုပ်သည်ကို ပျောက်စေတတ်၏။ ဘေးထိုးရင်ကျပ်နာ၊ ရင်ဘတ်နာ၊ ချောင်းဆိုးနာ၊ သလိပ်နာတို့ကို နိုင်၏။ အစာမကြေသောကြောင့် အောက်သို့မထွက်၊ အထက်သို့မဆန် အစာလေပွ ဝမ်းကယ်ပြီးလျှင် အလွန်ပင်ပန်းသောအနာကို ပျောက်စေနိုင်သည်။

သံပရာရည်သည် အော့အန်သောအနာ၊ ရေငတ်ခြင်းတို့ကို ပျောက်စေသည်။ ခံတွင်းအရသာပျက်ခြင်းကိုလည်း နိုင်၏။ ဝမ်းနှံ့ခြင်း၊ ပိုးတို့ကိုလည်း နိုင်၏။ သံပရာသီးအငယ်မျိုးသည် ရေငတ်ခြင်း၊ အော့အန်ခြင်းကို အထူးသဖြင့်နိုင်၏။

(သံပုရာသီးအကြီးမျိုး . . . သံပရိုဟုလည်း ခေါ်သည်။ ဂမ္ဘီရ သဒ္ဒါ၊ ဒန္တသဌ သဒ္ဒါ အစရှိသည် တို့ကား သံပရာသီးအဟော။ ဤပါဠိများကိုစွဲ၍ပင် မြန်မာတို့က သံပရာဟု ခေါ်သည်။ ဘင်္ဂါလီတို့က 'ကာက စီနိမ္ဗူ' ခေါ်သည်) ဤသည်မှာ ဥတုဘောဇနသင်္ဂဟကျမ်းမှ သံပရာအကြောင်း ဖော်ပြချက်ဖြစ်သည်။

သံပရာသီးသည် အသီး၊ အခွံ၊ အစေ့ အားလုံး ဆေးဖက်ဝင်သည်။

ဆေးဖက်ဝင်အသုံးပြုပုံများမှာ -

၁။ သံပရာရည်ကိုသောက်ခြင်းဖြင့် မောပန်းခြင်းကိုပြေစေပြီး လူ၏ခန္ဓာကိုယ်တွင် ကျရောက်တတ်သောရောဂါများ၊ အထူးသဖြင့် ဝမ်းဗိုက်တွင် ဖြစ်သောရောဂါများကို ကာကွယ်နိုင်သည်။

၂။ သံပရာသီးအစိမ်း၏အခွံကိုစားပါက လေနာ ရင်နာ ပျောက်ကင်း၏။

၃။ ယားနာ၊ ပွေးနာ အရေပြား၌ အမဲကွက်များပေါ်ခြင်း၊ အမွေးကျွတ်ခြင်း စသောရောဂါများ အတွက် သံပရာသီးထက်ခြမ်းဖြင့် ပွတ်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

၄။ သံပရာသီးအရည်ကို သကြားဖြင့်ဖျော်၍ များစွာ သောက်ပါက ဘိန်းကြောင့် အဆိပ်သင့်ခြင်း၊ အရက်နှင့် အစားမှားခြင်းကြောင့်ဖြစ်သော အဆိပ်သင့်ခြင်းများ မှ ပျောက်ကင်းစေနိုင်သည်။

၅။ ထမင်းစားပြီးနောက် အော့အန်ခြင်းဖြစ်သော အခါ လတ်ဆတ်သော သံပရာရည်ကိုသောက်လျှင် ပျောက်သည်။

၆။ သံပရာသီးသနပ်ကို ထမင်းနှင့်အမြဲသုံးဆောင်ပါက သရက်ရွက်ကြီးသော ရောဂါပျောက်၏။

၇။ သံပရာရည်ကို သကြားခတ်၍သောက်ပါက အဆီများ၍ ချောင်းဆိုးခြင်း၊ သည်းခြေအားနည်းခြင်း၊ အဆစ်အမျက်ကိုက်ခြင်းများ ပျောက်၏။

၈။ သံပရာဖျော်ရည်ကို နံနက်၊ ည မှန်မှန်သောက်ပါက သွားမှ သွေးယိုစီးခြင်းပျောက်၏။

၉။ လက်ဖက်ရည်ကျကျ (အဖန်ရည်)တွင် သံပရာသီး ညှစ်၍သောက်က ခေါင်းကိုက်ရောဂါ ပျောက်ကင်းသည်။

၁၀။ သံပရာသီးဖျော်ရည်ကို နေ့စဉ်မှန်မှန်သောက်ပါက အထိုင်အထ၊ အသွားအလာတွင် မူးဝေတတ်သော ရောဂါပျောက်၏။

၁၁။ နှာခေါင်းသွေးယိုလျှင် သံပရာသီး လတ်လတ်ဆတ်ဆတ်အရည်ကို ညှစ်ထည့်ပေးလျှင် သွေးယိုခြင်းပျောက်ကင်း၏။

၁၂။ သံပရာရည်ကို ပူနွေးအောင်ပြုလုပ်ပြီး ပျားရည်နှင့် ဆတူစပ်၍ ကျက်ပေးပါက လည်ချောင်းနာ ရောဂါပျောက်သည်။

၁၃။ သံပရာသီးတစ်လုံးကို မီးဖြင့်ကျွမ်းအောင်ဖုတ်ပြီး လေးညှင်းပွင့်ထည့်ကြိတ်ပြီး သွားအရင်း၌ သိပ်ပေးသော် သွားနာ၊ သွားကိုက်ပျောက်ကင်းစေနိုင်သည်။

၁၄။ ကြွေမီးဖုတ်နှင့် သံပရာရည်ဖျော်သောက်သော် ဆီးအောင့်ခြင်း၊ ဆီးကျောက်တည်ခြင်း ပျောက်ကင်းစေနိုင်သည်။

၁၅။ သံပရာသီး အစေ့ကိုကြိတ်ပြီး နားသယ်တွင် လိမ်းအုံပေးပါက ခေါင်းတစ်ခြမ်းကိုက်ရောဂါ ပျောက်၏။

၁၆။ မျက်စိအတွင်းသို့ ဖုန်၊ သဲ၊ ခဲ ဝင်သော် သံပရာရည် ညှစ်ထည့်ပေးလျှင် သက်သာစေနိုင်သည်။

၁၇။ ရေချိုးလျှင် နှာစေး၊ အအေးပတ်လွယ်သူများသည် သံပရာသီး သို့မဟုတ် အခွံထူသော သံပရိုသီးကို ရေနွေးစိမ်၍ အငွေ့လုံအောင်အုပ်ထားပြီး ရေချိုးပြီးတိုင်း သောက်ပေးပါက အအေးပတ် နှာစေးခြင်းမှ ကာကွယ်သည်။

ရှေးဟောင်းဆေးအဘိဓာန်ကျမ်းတွင် သံပရာသီး အစေ့၊ ရှောက်ချဉ်သီးစေ့၊ ဆီးစေ့အဆံ၊ သရက်စေ့၊ ခရားစေ့၊ ဆူးပန်းစေ့၊ စပျစ်သီးစေ့တို့သည် လေ၊ သည်းခြေ ယှဉ်သောရောဂါများ၊ နှလုံးရောဂါ၊ တစ်ကိုယ်လုံး ကိုက်ခဲသောရောဂါ၊ သွေးငုပ်ထိုင်းမှိုင်းသောရောဂါ၊ ရင်ပူဆာလောင်သော အစာအိမ်ရောဂါများကို ပျောက်ကင်းစေနိုင်သည်ဟုဆိုသည်။

သံပရာရည်သည် မျက်စဉ်းအဖြစ် အသုံးပြု၍လည်းရသည်။ စာရေးသူ၏ကိုယ်တွေ့ အဝေးပြေးကားကြီးတစ်စီး၏ ရှေ့လေကာမှန်ကြီးကို ခဲဖြင့် အပေါက်ခံရသဖြင့် ကွဲသွားရာ မှန်ကွဲစများ ယာဉ်မောင်းသူ၏မျက်နှာသို့လွင့်စင်ပြီး မျက်စိအတွင်းသို့ မှန်စငယ်များဝင်သွားပါသည်။ မျက်စိကို မပွတ်မိစေရန် သတိပေးပြီး သံပရာသီး လတ်လတ်ဆတ်ဆတ်ကိုစိပ်ပြီး အရည် ညှစ်ချပေးပါသည်။ ထို့နောက် ရေသန့်ဖြင့်ဆေး၍ မျက်နှာသစ်လိုက်သောအခါ မှန်ကွဲစများထွက်သွားပြီး မျက်စိမှာလည်း ရောင်ခြင်း၊ နီခြင်းမရှိသည်ကို တွေ့ရဖူးပါသည်။

အထူးသဖြင့် ယခုခေတ်တွင် အဖြစ်များသော အဆီတိုးရောဂါ၊ အဝလွန်ရောဂါများအတွက် သံပရာသီးကို နေ့စဉ်မှန်မှန်စားသုံးသင့်သည်။ သံပရာသီး တစ်လုံးအရည်နှင့် ပျားရည် ဟင်းစားဇွန်းတစ်ဇွန်း စပ်၍ နံနက်၊ ည တစ်နေ့နှစ်ကြိမ် ပုံမှန်သောက်သုံးပေးပါက ပိုနေသော အဆီများကျ၍ ရောဂါကင်းဝေးစေနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**သံပရာသီးအရည်ကို သကြားဖြင့်ဖျော်၍ များစွာ သောက်ပါက ဘိန်းကြောင့် အဆိပ်သင့်ခြင်း၊ အရက်နှင့် အစားမှားခြင်းကြောင့် ဖြစ်သော အဆိပ်သင့်ခြင်းများမှ ပျောက်ကင်းစေနိုင်**

---

## ရှေးဟောင်းသမိုင်းဝင် ရွှေပြည်ဆိပ်ဦးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပမည်

**ဂန့်ဂေါ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေပြည်ဆိပ်ဦးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃဒါန ဆွမ်းဆန်တော်လောင်းလှူပွဲကို ယင်းစေတီတော် ပရိဝုဏ်၌ နိုဝင်ဘာ ၂၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ဂန့်ဂေါမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၄၃ ကျောင်းတို့မှ ရဟန်း၊ သာမဏေ အပါး ၃၀၀ ကျော်တို့အား ဒေသခံများ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များက ဆွမ်းဆန်တော်များ လောင်းလှူသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

---

## (၂၆) ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်အထိမ်းအမှတ် နှစ်ပတ်လည်နေ့နှင့် အပြည်ပြည်ဆိုင်ရာကလေးများနေ့အခမ်းအနားကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန နှင့် ဝေါ်ဗွီးရှင်းမြန်မာ လောင်းလုံးဒေသဖွံ့ဖြိုးရေးစီမံချက်တို့ ပူးပေါင်းကျင်းပသည့် (၂၆) ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ်အထိမ်းအမှတ်နှစ်ပတ်လည် နေ့နှင့်အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ အခမ်းအနား ကို နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီက တိုင်းဒေသ ကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အင်းဇောက် ကျေးရွာဘောလုံးကွင်း၌ ကျင်းပရာ ရှေးဦးစွာ အခမ်း အနားကို တိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးမှူး ဒေါ်ခင် စန်းရီ၊ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအေးလူတို့က အပြည်ပြည်ဆိုင်ရာ ကလေးများနေ့အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး သည်။



ထို့နောက်အခမ်းအနားတွင် တိုင်းဒေသကြီး လူမှု ဝန်ထမ်းဦးစီးမှူးနှင့် မြို့နယ်ကလေးသူငယ်အခွင့် အရေး များ ဆိုင်ရာကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြား ပြီး ဝေါ်ဗွီးရှင်းမြန်မာ ဌာနကိုယ်စားလှယ်က ပေးပို့သော တနင်္သာရီဇုန်မန်နေဂျာ ဒေါက်တာတင်ထွန်းဝင်းက ဖတ်ကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရေနစ်မြုပ်သည့်လယ်မြေများတွင် ပြန်လည်စိုက်ပျိုးသော မိုးစပါးများအောင်မြင်လျက်ရှိ

**ကလေး နိုဝင်ဘာ ၂၃**

ကလေးမြို့နယ်တွင် ယခုနှစ် ဇူလိုင်လကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး နေရဥ္စရာနှင့် မြစ်သာမြစ်များ ရေကြီးရေလျှံခဲ့ခြင်းကြောင့် မိုးစပါးဧက သုံးသောင်းနီးပါး ရေနစ်မြုပ်ပျက်စီးခဲ့ရာ အဆိုပါလယ်များတွင် ပြန်လည်စိုက်ပျိုးသည့် မိုးစပါးများမှာ ပုံမှန်အတိုင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသော မိုးစပါးခင်းများကို ပြန်လည်စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်မှုများရှိကြောင်း၊ စပါးပြန်လည်မစိုက်ပျိုးနိုင်သည့် ဧရိယာများကိုလည်း ဆောင်းသီးနှံများ အစားထိုးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် လယ်ယာမြေများတွင် ဖုံးလွှမ်းကျန်နေခဲ့သော သစ်တုံးများကို ဖယ်ရှားပေးခြင်း၊ လယ်ယာမြေများကို အခမဲ့ထွန်ယက်ပေးခြင်း၊ ဆောင်းသီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခြင်းများကြောင့် ရေဘေးသင့်သော တောင်သူများ၏ စီးပွားရေးများ ပြန်လည်ထူထောင်လာနိုင်ပြီဖြစ်ကြောင်း ပျက်စီးလယ်မြေပေါ်တွင် မိုးစပါး ပြန်လည်စိုက်ပျိုး၍ အောင်မြင်နေသည့် တောင်သူတစ်ဦးက ပြောသည်။

ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ခဲ့သော်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိုးစပါးစိုက်ခင်းများကို စစ်ဆေးခြင်း၊ အထွက်နှုန်းသိရှိရန် စံကွက်ရိတ်သိမ်းခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တောသတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းလင်းဦးနှင့် ကလေးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသိန်းလွင်တို့က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ် မောက်လင်းကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသော ဧရာမင်းမိုးစပါး စံကွက်ရိတ်သိမ်းမှုကိုလည်း ဝန်ကြီးနှင့်အဖွဲ့က နိုဝင်ဘာ ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမင်းသူအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်နိုင်ဝင်းတို့က ဦးဆောင်၍ ဝန်ထမ်းများနှင့် တောင်သူများက စံကွက်ရိတ်သိမ်းခဲ့ရာ ဧရာမင်းမိုးစပါးကောင်းအဆင့် တစ်ဧကအထွက်နှုန်း ၁၀၁ ဒသမ ၅၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဧရာမင်းမိုးစပါးစံကွက်စိုက်ပျိုးသည့် တောင်သူ ဦးဆန်းညွန့်ဦးက ယခုစိုက်ပျိုးသောလယ်ယာမြေသည် ယခင် ရေကြီးမှုမဖြစ်မီက တစ်ဧကလျှင်တင်း ၈၀ ခန့်သာထွက်ရှိကြောင်း၊ ယခုနှစ်တွင် ရေနစ်မြုပ်ပျက်စီးခဲ့သော်လည်း ရေကျလျှင်ကျခြင်း ပြန်လည်စိုက်ပျိုးခဲ့ကာ မိုးမပျက်ရွာသွန်းခဲ့ခြင်း၊ သဘာဝနုန်းတင်မြေနု မြေဆီလွှာရရှိခြင်းများကြောင့် ယခင်နှစ်အထွက်နှုန်းထက်ပင် ပိုမိုထွက်ရှိကြောင်း ပြောကြားသည်။



ကလေးမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် မိုးစပါး ၂၉၇၁၂ ဧက ပျက်စီးခဲ့ပြီး မိုးစပါး ၁၂၈၈၆ ဧကကို ပြန်လည်စိုက်ပျိုးခဲ့ရာ ပုံမှန်အတိုင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ မိုးစပါးပြန်လည်မစိုက်ပျိုးနိုင်သော လယ်မြေများတွင် ဆောင်းသီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

---

# တောင်ငူခရိုင် အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျောက်ကြီးမြို့နယ်တွင် ကွင်းဆင်းစမ်းသပ်ကုသ

**ကျောက်ကြီး နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်မှ ဒေသခံပြည်သူများအား မြို့နယ်ပြည်သူ့ဆေးရုံ၌ တောင်ငူခရိုင် အထူးကုဆရာဝန်ကြီးများအဖွဲ့က နိုဝင်ဘာ ၂၁ ရက်တွင် ကျန်းမာရေးပညာပေးဟောပြောခြင်း၊ အထွေထွေရောဂါများ စမ်းသပ် ကုသပေးခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးပညာပေး ဟောပြောရာတွင် တောင်ငူဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဆွေက ကာကွယ်နည်းနှင့် ကုသခြင်းဆိုင်ရာများ၊ ဒေါက်တာခင်ခင်နွယ်က ကင်ဆာရောဂါအကြောင်းသိကောင်းစရာများနှင့် ကြိုတင်ကာကွယ်ရန်စသည့် အကြောင်းအရာများကို အသိပေးဟောပြောခဲ့ပြီး ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကျောက်ကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းကို တောင်ငူဆေးရုံအုပ်ကြီးက ကျောက်ကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ကြည်ပြာထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူ ဝေဒနာရှင်များအား ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ကုသမှုဆိုင်ရာ ညွှန်ကြားခြင်းများကို ဆောင်ရွက်ပေးကြသည်။

"ရောဂါရှာဖွေ စမ်းသပ်ကုသမှုအဆင့်ပဲ ဆောင်ရွက်ပေးနိုင်ပါတယ်။ တကယ့်ခွဲစိတ်ကုသဖို့အတွက်ကတော့ တောင်ငူဆေးရုံကြီးကို လွှတ်ပါတယ်။ စမ်းသပ်ခံတဲ့ဝေဒနာရှင် တော်တော်များတာ တွေ့ရပါတယ်"ဟု လာရောက်ဆေးကုသမှုခံယူသည့် ပြည်သူတစ်ဦးက ပြောသည်။

တောင်ငူဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် နံနက်မှ မွန်းလွဲပိုင်းအထိ ဝေဒနာရှင် ၆၉၇ ဦးအား ရောဂါရှာဖွေ စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ဝ၄၅)**

---

# ပိုးသတ်ဆေး စနစ်တကျသုံးစွဲနည်းနှင့် ပိုးမွှားရောဂါကာကွယ်ရေး သင်တန်းပို့ချ

**လွိုင်ကော် နိုဝင်ဘာ ၂၃**

လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စုအတွင်းမှ တောင်သူများအနေဖြင့် ပိုးသတ်ဆေးအသုံးပြုရာတွင် စနစ်တကျကိုင်တွယ်သုံးစွဲနိုင်ရန်နှင့် ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးဆိုင်ရာများ သိရှိနားလည်ရေးအတွက် အသိပညာပေးသင်တန်းကို ကယားပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက လင်းဖုံလေးကျေးရွာ၌ နိုဝင်ဘာ ၂၁ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးခန့်က အမှာစကားပြောကြားပြီး ပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစောဂျော်နီက ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်းနှင့် ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေး၊ ပိုးသတ်ဆေး ဥပဒေအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။ ထို့နောက် မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းလွင်က ဓာတ်မြေဩဇာ စနစ်တကျပြုလုပ်သုံးစွဲနည်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူများက သိလိုသည်များကို မေးမြန်းကြကာ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစောဂျော်နီက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**ရဲနောင်(လွိုင်ကော်)**

---

# မော်လူး-နန့်စီးအောင်လမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်း



**အင်းတော် နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့နှင့် နန့်စီးအောင်ကြားရှိ ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီးတွင် လမ်းများပျက်စီးနေသဖြင့် မြို့နယ်လမ်းတံတားဆောက်လုပ်ရေးက နိုဝင်ဘာလဆန်းမှစ၍ ကတ္တရာထပ်ပိုးလွှာခင်းလျက် ရှိကြောင်း သိရသည်။

"အရင်က လမ်းပျက်စီးပြီး အချို့နေရာတွေမှာ ကတ္တရာတွေမရှိဘဲ ပျက်စီးနေပါတယ်။ ပျက်စီးနေတဲ့နေရာတွေမှာ ထပ်ပိုးလွှာကတ္တရာတွေကို မြို့နယ်လမ်းတံတားဆောက်လုပ်ရေးက စနစ်တကျ ခင်းနေပါတယ်"ဟု မြို့နယ်လမ်းတံတားဆောက်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီး မော်လူးမြို့နှင့် နန့်စီးအောင်ကြားတွင် ယခင်က ကတ္တရာလမ်းခင်းထားသော်လည်း ကာလကြာမြင့်လာသည်နှင့်အမျှ လမ်းမှာပျက်စီးမှုများရှိလာခဲ့ရာ ယခုအခါ လမ်းပိုင်းနေရာအချို့တွင် ကတ္တရာများ လုံးဝမရှိတော့ဘဲ ပျက်စီးလျက်ရှိသဖြင့် ခရီးသွားပြည်သူများအနေဖြင့် သွားလာရေးတွင်လည်း နှောင့်နှေးကြန့်ကြာကာ အဆင်မပြေမှုများရှိခဲ့ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

---

# မိုးကြိုနှင့် ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်း

**ကန့်ဘလူ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မိုးကြိုနှင့် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသည့် ပဲတီစိမ်း၊ နှမ်း၊ ပဲစင်းငုံ၊မြေပဲ၊ ကြံရင့်နှင့် ဝါသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ပြောင်းစိုက်တာက မိုးများပြီး အထွက်နှုန်းအဆင်မပြေလို့ ပြောင်းအစားဒေသအခေါ် သာထွန်းဖြူ(နှမ်းဖြူ)ကို ခြောက်ဧကစိုက်ပျိုးခဲ့တာ အခု အောင်မြင်နေပါတယ်။ ပြောင်းဈေးက နှမ်းဈေးလောက်မကောင်းတဲ့အတွက် နှမ်းကိုစိုက်ဖြစ်တာ။ ထောပတ်ပဲ၊ မြေပဲတို့လည်း အနည်းငယ်စိုက်တယ်။ အခုနှမ်းဈေးက တစ်တင်းကျပ် ၄၀၀၀၀ ခန့် ပေါက်နေပါတယ်"ဟု အမှတ်(၁)ရပ်ကွက် မှန်နီကုန်းနေ တောင်သူဦးအုန်းကျော်က ပြောသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးကြိုနှင့် ဆောင်းသီးနှံများအဖြစ် ပဲတီစိမ်း ဧက ၆၀၀၀၀ ကျော်၊ နှမ်း ၂၁၇၉၈ ဧက၊ ပဲစင်းငုံ ၁၂၀၄၈၂ ဧက၊ မြေပဲ ၃၄၈၇၃ ဧက၊ ကြံရင့် ၃၁၄၄၃ ဧကနှင့် ဝါ ၆၀၉ ဧက အသီးသီးစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

# ဆေးယဉ်ပါးတီဘီရောဂါနှင့်ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်လှစ်

**မလှိုင် နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အထက်မြန်မာပြည် အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့နှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ဆေးယဉ်ပါးတီဘီရောဂါနှင့် တီဘီရောဂါလူနာများအား ရှာဖွေဖော်ထုတ်ကုသရေးနှင့် တီဘီရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း (Training on TB/MDR-TB Management for BHS)ကို မလှိုင်မြို့ ပြည်သူ့ဆေးရုံကြီး သံဃာဆောင်၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းတွင် တီဘီရောဂါနှင့်ပတ်သက်၍ စောစောသိ၊ စောစောကုနိုင်ရန်နှင့် အဓိကအနေဖြင့် ဆေးယဉ်ပါးတီဘီရောဂါဖြစ်နိုင်သည့် ယခင်တီဘီဆေးခြောက်လ သို့မဟုတ် ရှစ်လစားပြီးသူ လူနာများနှင့် တီဘီဆေးကုသရာတွင် ကုသမှုမအောင်မြင်သည့် လူနာများ၊ အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ခံရသည့် လူနာများ၊ ဆေးယဉ်ပါး တီဘီရောဂါသည်နှင့် အတူနေမိသားစုများကို ဆေးယဉ်ပါး တီဘီရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် လူနာများကိုစစ်ဆေးပြီး မလှိုင်ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့နိုင်ရေးတို့ကို ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းတွင် အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေး အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သန္တာသွင်နှင့် ဆရာဝန်သုံးဦးက ပို့ချခဲ့ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ တိုက်နယ်ဆရာဝန်များ၊ သူနာပြုအဆင့်(၁) အပါအဝင် ကျန်းမာရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**





# ပွင့်လင်းရာသီ၌ ပုဂံ-ညောင်ဦးသို့ ဘုရားဖူးလာရောက်ကြသူများပြားလျက်ရှိ အိမ်ပြန်လက်ဆောင်အဖြစ် ဘုရားဆင်းတုတော်များကို စိတ်ဝင်တစားဝယ်ယူကြ

**ညောင်ဦး နိုဝင်ဘာ ၂၃**

ပုဂံ-ညောင်ဦးမြို့သို့ လာရောက်သော ဘုရားဖူးပြည်သူများအနေဖြင့် နေရပ်အပြန် လက်ဆောင်ပစ္စည်းများ ဝယ်ယူရာတွင် ဘုရား၊ စေတီပုထိုးများတွင် ရောင်းချနေသည့် အမှတ်တရပစ္စည်းအရောင်းဆိုင်များမှ ဘုရားဆင်းတုတော်များကို စိတ်ဝင်တစားဖြင့် ဝယ်ယူကြသူ များပြားလျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းဘုရားဖူးဧည့်သည်တွေက ဘုရားစုံကိုဘုရားဖူးပြီးရင် အိမ်အပြန်လက်ဆောင်အမှတ်တရအနေနဲ့ လက်ဆောင်ပစ္စည်းတွေ ဝယ်ကြပါတယ်။ လက်ဆောင်ပစ္စည်းဝယ်တဲ့အခါလည်း တစ်ခြားလက်ဆောင်ပစ္စည်းတွေထက် ဘုရားဆင်းတုတော်တွေကို စိတ်ဝင်တစားဝယ်ယူသွားကြတာမျိုးတွေ ပိုများပါတယ်။ အခြားနေ့တွေထက် စနေ၊ တနင်္ဂနွေနေ့တွေမှာ ပိုပြီးရောင်းရပါတယ်။ ဘုရားဆင်းတုတော် ဈေးနှုန်းတွေက တစ်ဆူကို အနည်းဆုံးကျပ် ၁၀၀၀၊ ၁၅၀၀ ကနေ အများဆုံး ကျပ် ၃၅၀၀၀ တန်အထိ ရှိပါတယ်"ဟု ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီတော်အနီးရှိ ဆိုင်ရှင်တစ်ဦးက ပြောသည်။

ပုဂံ-ညောင်ဦးသည် ရှေးဟောင်းအမွေအနှစ်တန်ခိုးကြီးဘုရားများရှိသည့် မြို့တစ်မြို့ဖြစ်၍ နှစ်စဉ် ခရီးသွားရာသီချိန်များတွင် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးပြည်သူများ အဆက်မပြတ်လာရောက် လည်ပတ်လျက်ရှိသည်။ နိုင်ငံခြားသားဧည့်သည်များအနေဖြင့် ပုဂံ-ညောင်ဦးဒေသတွင်ရှိသည့် ရှေးဟောင်းအမွေအနှစ် သမိုင်းဝင်တန်ခိုးကြီးဘုရားများမှ ရှေးဟောင်းဗိသုကာနှင့် အနုပညာလက်ရာများကို လေ့လာပြီး ဘုရားများရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် ရောင်းချသည့် သဲပန်းချီ၊ ယွန်းပန်းချီများနှင့် ယွန်းထည်ပစ္စည်းများကို ပို၍သဘောကျနှစ်သက်စွာ ဝယ်ယူကြကြောင်း သိရသည်။

ပြည်တွင်း ဘုရားဖူးဧည့်သည်များအနေဖြင့် လက်ဆောင်များဝယ်ယူရာတွင်မူ ဘုရားဆင်းတုတော်များကို ပိုမိုဝယ်ယူကြကြောင်း၊ ယခုအချိန်တွင် ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်မှုများနေသဖြင့်ဘုရားဆင်းတုတော်များကိုလည်း ဝယ်ယူသူများပြားလျက်ရှိကြောင်း၊ ရုံးပိတ်ရက်များဖြစ်သော စနေ၊ တနင်္ဂနွေနေ့များတွင် အခြားနေ့များထက် ဘုရားဖူးပိုများသလို ပို၍လည်းရောင်းရကြောင်း လောကနန္ဒာစွယ်တော်မြတ်စေတီ ရင်ပြင်တော်ရှိ ဘုရားဆင်းတုတော် အရောင်းဆိုင်ရှင်တစ်ဦးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ကျေးရွာမီးလင်းရေးအတွက် ထရန်စဖော်မာတပ်ဆင်ပြီးစီး

**ညောင်လေးပင် နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စု ကျူချောင်း(အရှေ့)ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများ ပူးပေါင်း၍ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်က ထရန်စဖော်မာကို အပြီးသတ်တပ်ဆင်ခဲ့ကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၄၉၇ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းတပ်ဆင်ထားပြီးဖြစ်ကြောင်း၊ ထရန်စဖော်မာကို အပြီးသတ်တပ်ဆင်ခဲ့ပြီးဖြစ်၍ မကြာမီ မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။ မီးလင်းရေးလုပ်ငန်းများကို ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းလွင်နှင့် တာဝန်ရှိသူများက ဦးဆောင်၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ကျူချောင်း(အရှေ့)ကျေးရွာတွင် အိမ်ခြေ ၁၃၇ အိမ် လူဦးရေ ၇၀၀ ကျော်ရှိကာ မီးလင်းရေးလုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြင့်မားလာစေမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးနှင့် အထွေထွေဟောပြောပွဲကျင်းပ

**မဘိမ်း နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ တရားမဝင်စက်သုံးဆီဆိုင်များ လျှော့နည်းပပျောက်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ခန်းမ၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်မြင့်က တရားမဝင် စက်သုံးဆီဆိုင်များ လျှော့နည်းပပျောက်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းလွင်က မူးယစ်ဆေးဝါး၏သမိုင်းကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်များ၊ မူးယစ်ဆေးဝါး သုံးစွဲရောင်းဝယ်ခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်မောင်လေးက မဘိမ်းမြို့နယ်အတွင်းဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများနှင့် ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရန် သတ်မှတ်ပြဋ္ဌာန်းထားသည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများလိုက်နာရေးအချက်များ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ဖောက်ဖျက်ခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ဟောပြောပွဲသို့ မဘိမ်းမြို့မှ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် အမှတ်(၁၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို တက်ရောက်လာသည့် ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ စည်ကားစွာကျင်းပမည်

**ဘိုကလေး နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်အပူဇော်ခံပွဲ ဖွင့်ပွဲကို အောင်တော်မူဘုရားအတွင်းရှိ နှစ်ကျိပ်ရှစ်ဆူဘုရားမုခ်ဦးရှေ့၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

ပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၃ ရက်မှ လပြည့်ကျော်နှစ်ရက်အထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လပြည့်နေ့တွင် မြို့တွင်းရှိ ဘုန်းတော်ကြီးကျောင်း ၅၃ ကျောင်းအတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်များ၊ ဈေးများမှ လှူဒါန်းသော ပဒေသာပင်များကို ကထိန်လှည့်လည်ပြီး မြို့မဆွမ်းလောင်းဓမ္မာရုံကြီး၌ မဲဖောက်၍ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဘိုကလေးမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲသည် ဘိုကလေးမြို့ခံပြည်သူများသာမက အဝေးရောက် ဘိုကလေးမြို့သူမြို့သားများပါ ပါဝင်ဆင်နွှဲကြပြီး စည်ကားသည့် ပွဲတော်တစ်ခုဖြစ်ကြောင်းနှင့် ယခုနှစ်တွင် ယခင်နှစ်များထက် ထူးခြားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘိုကလေးမွေးနိုင်**

**မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကံပြည့်ကျေးရွာအုပ်စု မကျီးရုံကျေးရွာတွင် စိုက်ပျိုးထားသော ရတနာတိုး မျိုးသန့်မျိုးပွား (RS) မျိုးစေ့ထုတ်စံပြစိုက်ခင်း ၁၀ဧက၌ မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၈ ရက်က ပြုလုပ်စဉ်။ (စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက စပါးအခြောက် ၁၀၈ ဒသမ ၉၈ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။)**

သန်းနိုင်ဦး(ငဖဲ)



# အသင်းကြီးတွေ ရှန်းကန်ရဦးမယ့် ချန်ပီယံလိဂ်ပွဲစဉ် (၅)

■ မိုးမြင့်လင်းလက်



ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅) လက်ကျန်ပွဲစဉ်တွေကို နိုဝင်ဘာ ၂၅ ရက်နဲ့ ၂၆ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ နာမည်ကြီးအသင်းတွေဖြစ်တဲ့ မန်ယူ၊ မန်စီးတီးနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ နိုင်ပွဲရလိုမှုစွမ်းဆောင်ရည်တွေကို အကဲခတ်ခွင့်ရဦးမှာဖြစ်ပြီး ဘယ်လိုရလဒ်မျိုးတွေ ထွက်ပေါ်လာမလဲဆိုတာကလည်း စောင့်ကြည့်ချင်စရာကောင်းနေပြန်ပါတယ်။

**မန်ယူနှင့် ပီအက်စ်ဗီ**

အုပ်စု(B)မှာတော့ မန်ယူက လေးပွဲကစား ခုနစ်မှတ်နဲ့ ထိပ်ဆုံးကဦးဆောင်နေပါတယ်။ ပီအက်စ်ဗီတို့ကလည်း ခြောက်မှတ်ရရှိနေပြီး ဒုတိယနေရာမှာ ရပ်တည်နေတာမို့ ဒီပွဲမှာ အိမ်ကွင်းဆိုပေမယ့် မန်ယူတို့ ရှန်းကန်ရပါလိမ့်မယ်။ ပီအက်စ်ဗီတို့က ပထမအကျော့အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ မန်ယူကို နိုင်ပွဲရယူခဲ့တာမို့ အခုပွဲမှာတော့ မန်ယူတို့ ရှုံးကြွေးပြန်ဆပ်နိုင်ရေး ကြိုးစားမှာမို့ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရပါလိမ့်မယ်။

**CSKA မော်စကို နှင့် ဝုဖ်ဘတ်**

အုပ်စု(B)မှာ ဝုဖ်ဘတ်တို့က ခြေစွာနေပြီး လေးပွဲကစား ခြောက်မှတ်ရရှိနေပါတယ်။ CSKA တို့ကလည်း လေးမှတ်ရရှိနေတာမို့ ဒီပွဲဟာ ပြတ်သားတဲ့ ရလဒ်ကို အပြိုင်ဖော်ထုတ်ပါလိမ့်မယ်။ ဝုဖ်ဘတ်တို့က တိုက်စစ် ခံစစ် ဟန်ချက်ညီအောင် ကစားနိုင်ပြီး အသင်းလိုက်နားလည်မှုရှိရှိ နဲ့ ကစားနိုင်တာမို့ ဒီပွဲမှာ ဝုဖ်ဘတ်တို့ အနိမ့်ဆုံးတစ်မှတ်ရအောင် ကစားပါလိမ့်မယ်။ ပထမအကျော့ အိမ်ကွင်းမှာ ဝုဖ်ဘတ်တို့ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ထားတာမို့ အခုပွဲမှာလည်း အမှတ်ရအောင် အားထုတ်ပါလိမ့်မယ်။

**ဂျူဗင်တပ်စ်နှင့် မန်စီးတီး**

အုပ်စု(D)မှာ မန်စီးတီးတို့ ကိုးမှတ်ရရှိထားပြီး ထိပ်ဆုံးကဦးဆောင်နေပါတယ်။ ဂျူဗင်တပ်စ်တို့ကတော့ ရှစ်မှတ်နဲ့ ဒုတိယနေရာမှာရှိနေတာမို့ ဒီပွဲက အုပ်စုဗိုလ်လုကြမယ့်ပွဲပါပဲ။ ပထမအကျော့ မန်စီးတီးကွင်းမှာ ဂျူဗင်တပ်စ်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခု ဂျူဗင်တပ်စ်တို့ အိမ်ကွင်းမှာ မန်စီးတီးတို့ သိပ်တော့မလွယ်ပါဘူး။ ဒါပေမယ့် တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားကောင်းတဲ့ မန်စီးတီးတို့ အခုပွဲမှာ ရလဒ်ကောင်းရအောင် အကောင်အထည်ဖော်သွားပါလိမ့်မယ်။

**အက်စ်တာနာနှင့် ဘင်ဖီကာ**

အုပ်စု(C)မှာ ဘင်ဖီကာတို့က ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ အက်စ်တာနာတို့ကတော့ နှစ်မှတ်ပဲရရှိနေပြီး စတုတ္ထနေရာမှာရှိနေတာမို့ အခုပွဲမှာလည်း ဘင်ဖီကာတို့ထံမှ အမှတ်ရဖို့ဆိုတာ မလွယ်ပါဘူး။ ဘင်ဖီကာတို့က ပထမအကျော့ အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း ဘင်ဖီကာတို့ပဲ နိုင်ပွဲရသွားဦးမှာပါ။

**အက်သလက်တီကို နှင့် ဂါလာတာစာရေး**

အုပ်စု(C)မှာ ဂါလာတာစာရေးတို့ လေးမှတ်ရနေသလို အက်သလက်တီကိုတို့က ခုနစ်မှတ်ရရှိနေပါတယ်။ ပထမအကျော့ ဂါလာတာစာရေးကွင်းမှာ အက်သလက်တီကိုတို့ နှစ်ဂိုးပြတ်ရှုံးထားတာမို့ အခုပွဲမှာ နိုင်ပွဲပြန်ယူပါလိမ့်မယ်။ လောလောဆယ် နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ခြေစွမ်းအရ အက်သလက်တီကိုတို့ ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရယူပါလိမ့်မယ်။

**မယ်လ်မိုနှင့် ပီအက်စ်ဂျီ**

အုပ်စု(A)မှာ မယ်လ်မိုတို့ သုံးမှတ်ပဲရနေပြီး ပီအက်စ်ဂျီတို့ကတော့ ခုနစ်မှတ်နဲ့ ဒုတိယနေရာက ရပ်တည်နေပါတယ်။ ပထမအကျော့မှာ ပီအက်စ်ဂျီတို့က နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပေမယ့် မယ်လ်မိုရဲ့ လက်ရှိခြေစွမ်းက ရှုံးကြွေးပြန်ဆပ်နိုင်မှာ မဟုတ်ပါဘူး။ ပီအက်စ်ဂျီတို့ပဲ နိုင်ပွဲရမယ့်ပွဲပါ။


**ရှက်တာဒိုးနက်နှင့် ရီးရဲမက်ဒရစ်**

အုပ်စု(A)မှာ ရီးရဲမက်ဒရစ်တို့ ၁၀ မှတ်နဲ့ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ရှက်တာဒိုးနက်တို့က သုံးမှတ်ပဲရရှိနေတာမို့ အခုပွဲမှာ အမှတ်ယူဖို့ ကြိုးစားမှာဖြစ်ပေမယ့် ရီးရဲမက်ဒရစ်ရဲ့ ခြေစွမ်းကြောင့် မလွယ်ပါဘူး။ ပထမအကျော့ လေးဂိုးပြတ်နဲ့နိုင်သလို အခုပွဲမှာလည်းအနိုင်က ရီးရဲမက်ဒရစ်တို့ပဲဖြစ်မှာပါ။ ။

# ကမ္ဘာ့မှာ ဒုတိယအကောင်းဆုံးလို့ဆိုတဲ့ နေမာ

ဘာရာဇီးလက်ရွေးစင်ကစားသမား တိုက်စစ်မှူး နေမာဟာ စီရော်နယ်ဒိုပြီးရင် ကမ္ဘာမှာ ဒုတိယအကောင်းဆုံးပဲလို့ ကစားဖော် ဆွာရက်ဇ်က ဆိုပါတယ်။ စပိန်လာလီဂါရဲ့ ဇယားထိပ်ဆုံးနေရာလုပွဲကြီးအဖြစ် ကစားခဲ့တဲ့ ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ရဲ့ ပွဲမှာ ဘာစီလိုနာက အဝေးဂိုးလေးဂိုးပြတ်နဲ့ အနိုင်ကစားခဲ့ပြီး အဲဒီပွဲမှာ နေမာက နှစ်ဂိုးသွင်းယူပေးခဲ့တာပါ။ ဘာစီလိုနာအသင်းမှာ နာမည်ကြီးတိုက်စစ်မှူး မက်ဆီ အစပိုင်းပွဲမထွက်နိုင်ခဲ့ပေမယ့် နေမာကတော့ အဓိကဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဆွာရက်ဇ်နဲ့ အင်နီယေစတာတို့ကလည်း တစ်ဂိုးစီသွင်းယူပေးခဲ့ပါတယ်။ ဘာစီလိုနာကစားသမားဟောင်း ရော်နယ်ဒင်ဟိုကလည်း နေမာကို ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်လာလိမ့်မယ်လို့ မကြာသေးမီက ချီးကျူးပြောဆိုခဲ့တာလည်းရှိပါတယ်။ နေမာဟာ လက်ရှိအချိန်မှာ မက်ဆီမပါသော်လည်း ဘာစီလိုနာအသင်းကို အောင်မြင်မှုများ ဆက်လက်ရရှိအောင် ထိန်းထားနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ နေမာဟာ ဆွာရက်ဇ်၊ အင်နီယေစတာတို့ရဲ့ တိုက်စစ်အားဖြည့်မှုတွေနဲ့အတူ ဂိုးတွေ ဆက်တိုက်သွင်းယူပေးလျက်ရှိပါတယ်။

# စီရော်နယ်ဒိုကို ပေါင်သန်း ၆၀ နဲ့ မန်ယူပစ်မှတ်ထားပြီ



စီရော်နယ်ဒို မန်ယူကို ပြန်ပြောင်းလိမ့်မယ်လို့ သတင်းထွက်ပေါ်နေတာတော့ ကြာပါပြီ။ သို့သော် မရေမရာအနေအထားများဖြစ်ပါတယ်။ အခုအခါမှာတော့ မန်ယူနည်းပြ ဗန်ဟားလ်က စီရော်နယ်ဒိုကို တရားဝင် ပေါင်သန်း ၆၀ နဲ့ ဖွင့်ခေါ်လိုက်ပြီဖြစ်ပါတယ်။ စီရော်နယ်ဒိုကို မန်ယူက တရားဝင်ဆက်သွယ်မှုတွေပြုလုပ်လာတယ်လို့ ဆိုပါတယ်။ မန်ယူအနေနဲ့ ၂၀၁၃ ခုနှစ်က စီရော်နယ်ဒိုကို ပြန်ခေါ်ဖို့ ကြိုးစားခဲ့ပါတယ်။ သို့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ စီရော်နယ်ဒိုအနေနဲ့လည်း လာမယ့်နွေရာသီမှာ ဘာနေဗျူးမှ ထွက်ခွာလိမ့်မယ်လို့လည်း သတင်းတွေထွက်ပေါ်နေပါတယ်။ မန်ယူနည်းပြ ဗန်ဟားလ်ကတော့ စူပါစတား စီရော်နယ်ဒိုကို စာချုပ်ဖို့လိုလိုလားလားရှိနေတယ်လို့ ဆိုပါတယ်။ အသက် ၃၀ အရွယ်ရှိတဲ့ စီရော်နယ်ဒိုကို လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက မန်ယူက ပုံမှန်ဆက်သွယ်မှုတွေပြုလုပ်လျက်ရှိတယ်လို့ ဆိုပါတယ်။ ဂါးရက်ဘေးလ်နဲ့အတူ ရီးရဲမက်ဒရစ်အသင်းကို တည်ဆောက်ဖို့ကြိုးစားနေတဲ့ နည်းပြ ဘင်နီတက်ဇ်အနေနဲ့ ခွင့်ပြုခဲ့မယ်ဆိုရင် လာမယ့်ရာသီမှာ စီရော်နယ်ဒို ဘာနေဗျူးမှ ထွက်ခွာသွားနိုင်ဖွယ်ရာရှိပါတယ်။

# ၁၀ ပွဲဆက်တိုက် ဂိုးသွင်းပြတဲ့ ဗာဒီ




လီဆက်စတာတိုက်စစ်မှူး ဗာဒီဟာ ပရီမီယာလိဂ်မှာ ၁၀ ပွဲဆက်တိုက် ဂိုးသွင်းနိုင်တဲ့ တိုက်စစ်မှူးဖြစ်လာပါတယ်။ နယူးကာဆယ်ကို အနိုင်ကစားတဲ့ပွဲမှာ ဗာဒီက ၁၀ ပွဲမြောက်အဖြစ် ဂိုးသွင်းယူခဲ့တာပါ။ ဗာဒီရဲ့ ဒီလို ၁၀ ပွဲဆက်တိုက် ဂိုးသွင်းနိုင်မှုဟာ ၂၀၀၃ ခုနှစ်က မန်ယူ တိုက်စစ်မှူး နစ္စတယ်ရွိုင်းသွင်းယူခဲ့တဲ့ စံချိန်နဲ့အတူတူပဲလို့ ဆိုပါတယ်။ ဗာဒီအနေနဲ့ နစ္စတယ်ရွိုင်းရဲ့ စံချိန်ကို အမီလိုက်နိုင်ပြီဖြစ်ပါတယ်။ လာမယ့်အပတ်မှာ ဂိုးဆက်သွင်းမယ်ဆိုရင်တော့ ဗာဒီဟာ ဒီဘက်ခေတ်မှာ ဂိုးဆက်တိုက်သွင်းယူနိုင်တဲ့ စံချိန်သစ်ရှင်ဖြစ်လာတော့မှာဖြစ်ပါတယ်။ သူ့ရဲ့ဂိုးတွေကြောင့် လီဆက်စတာအသင်းဟာလည်း ပရီမီယာလိဂ်ဇယားထိပ်ကို မမျှော်လင့်ဘဲ ရောက်ရှိသွားခဲ့ပါတယ်။ ပရီမီယာလိဂ်မှာ ထိပ်သီးအသင်းတွေဖြစ်တဲ့ မန်စီးတီးနဲ့ အာဆင်နယ်တို့ကို ကျော်ဖြတ်ပြီး ယခုသီတင်းပတ်မှာ လီဆက်စတာအသင်းဟာ ဇယားထိပ်သို့ ရောက်ရှိခဲ့ပါတယ်။ တိုက်စစ်မှူးဗာဒီဟာ မမျှော်လင့်ဘဲ ပွဲတိုင်းကျော် ဂိုးသွင်းရှင်ဖြစ်လာခဲ့ပါတယ်။ ပရီမီယာလိဂ်မှာ ဂိုးပေါက်အဆုံးသတ်ကောင်းတဲ့ တိုက်စစ်မှူးလည်း ဖြစ်လာပါ တယ်။ ပြီးခဲ့တဲ့လက တစ်လတာအကောင်းဆုံးဆုကိုလည်း ရရှိထားသူဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# သုရှင်တကာရွတ်ပိနှင့် အင်္ဂပူ

မောင်သာ(ရှေးဟောင်းသုတေသန)



သုရှင်တကာရွတ်ပိကို မြန်မာ့သမိုင်းတွင် စစ်သူရဲ ကျော်ထင်နော်ရထာ စစ်ဆင်ခဲ့သည့် အလွန်ထင်ရှားသော နောင်ရိုးတိုက်ပွဲနှင့်ဆက်စပ်ခဲ့သော မွန်မင်းတစ်ပါးဟု သိရှိထားကြသည်။ သုရှင်တကာရွတ်ပိသည် တောင်ငူဘုရင် တပင်ရွှေထီး၏ ရာဇပရိယာယ်အတွင်း ထောင်ချောက်မိကာ မိမိ၏ လက်ရုံး ဗညားလောနှင့် ဗညားကျန်းတို့ကို ဖယ်ရှားသတ်ဖြတ်ခဲ့သဖြင့် စစ်ကိုအောင်နိုင်ရန် မစီမံနိုင်တော့ဘဲ ပြည်သို့ထွက်ပြေးခဲ့ရပြီးနောက် အင်္ဂပူတွင် ကွယ်လွန်ခဲ့သော မွန်မင်းတစ်ပါးဖြစ်သည်။

အင်္ဂပူသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တွင်ပါဝင်ကာ ဟင်္သာတမြို့မှ ၂၄ မိုင်ကွာဝေးသည်။ မြို့ပေါ်ရပ်ကွက် သုံးခုသာရှိသည့် မြို့ငယ်တစ်ခုဖြစ်သော်လည်း သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်တည်ရှိရာမြို့၊ မွန်မင်းသုရှင်တကာရွတ်ပိ ကွယ်လွန်ခဲ့သည့်မြို့၊ ပျံလွန်ခဲ့သည်မှစ၍ ယနေ့တိုင် မပုပ်မသိုးသော ခန္ဓာကိုယ်ကြွင်းကျန်နေသည့် အရှင်သူမြတ်လေးပါးတို့၏ ရုပ်ခန္ဓာများကို ယနေ့တိုင် ဖူးမြင်နိုင်သည့်မြို့၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်တွင် ဒွါရဂိုဏ်း စတင်တည်ထောင်ခဲ့ရာမြို့၊ ဂဝံမြို့ဟောင်းတစ်ခုကို တွေ့ရှိထားသည့် မြို့တစ်မြို့အဖြစ် ထင်ရှားသည်။ ထို့အတူပင် ၁၉၃၈ခုနှစ်တွင် ကျဆုံးခဲ့သော ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်၏ ဇာတိမြေလည်းဖြစ်ပေသည်။

အင်္ဂပူသို့ ရန်ကုန်မှ မော်တော်ကားဖြင့် ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတမြို့များကို ဖြတ်သန်းလာရောက်နိုင်သကဲ့သို့ ကျောင်းကုန်း၊ ရေကြည်မှတစ်ဆင့် ပုသိမ်-မုံရွာလမ်းအတိုင်းလည်း လာရောက်နိုင်ကြသည်။ ပုသိမ်-ကြံခင်း မီးရထားလမ်း ဖြတ်သန်းရာမြို့လည်းဖြစ်သဖြင့် အင်္ဂပူဘူတာသို့ မီးရထားဖြင့် ပုသိမ်၊ ရေကြည်၊ အသုတ်၊ မြန်အောင်၊ ကြံခင်းစသည့် မြို့များမှ လာရောက်နိုင်ကြပေသည်။

အင်္ဂပူသည် သမိုင်းမှတ်တမ်းများအရ မွန်ဒေသ ပုသိမ်၏ အရံမြို့ ၃၁ မြို့တွင် ကျိုက်ပြိုတောင်အမည်ဖြင့် ပါဝင်သည်။ နောက်ပိုင်းတွင် ကျိုက်ထော်၊ အုတ်ဖို၊ အင်္ဂပူရဟု အမည်တွင်ခဲ့သည်။ ဘိုးတော်ဦးဝိုင်းလက်ထက် ၁၁၄၅ ခုနှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းများအရ ပုသိမ် ၃၂ မြို့တွင် ယခုခေတ် ပုသိမ်နှင့် ဟင်္သာတခရိုင်မှ မြို့များအားလုံးနှင့် မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်မှ မြို့အချို့ပါဝင်ခဲ့ရာ အင်္ဂပူသည်လည်း တစ်မြို့အပါအဝင်ဖြစ်သည်။

မှန်နန်းရာဇဝင် အလိုအရ ရာမညတိုင်းဖြစ်သော ဟံသာဝတီ ၃၂ မြို့ကို သမလကုမ္မာရမင်းက တည်ထောင်ခဲ့ပြီး ၁၇ ဆက်မြောက် တိဿမင်းလက်ထက်တွင် မင်းဆက်ပြတ်ခဲ့သည်။ သက္ကရာဇ် ၇၁၃ ခု(ခရစ်နှစ် ၁၃၅၁)တွင် မုတ္တမဆင်ဖြူရှင် ဗညားဦးက ဟံသာဝတီကို ပြန်လည်တည်ထောင်ခဲ့သည်။ ဗညားဦး၊ ရာဇဓိရာဇ်၊ ဗညားဓမ္မရာဇာ၊ ဗညားရံ၊ ဗညားပရူ၊ ဗညားကျန်း၊ လိပ်မွတ်ထော၊ ရှင်စောပု၊ ဓမ္မစေတီ၊ ဗညားရံတို့က ဟံသာဝတီတွင် အဆက်ဆက် နန်းစံခဲ့ကြပြီးနောက် သက္ကရာဇ် ၈၈၈ ခုနှစ်(ခရစ်နှစ် ၁၅၂၆)တွင် သုရှင်တကာရွတ်ပိက ဟံသာဝတီမင်းဖြစ်လာခဲ့သည်။

သုရှင်တကာရွတ်ပိ မင်းဖြစ်ပြီးရှစ်နှစ်အကြာ သက္ကရာဇ် ၈၉၆ ခုတွင် အသက် ၁၉ နှစ်သာရှိသေးသည့် တောင်ငူဘုရင် တပင်ရွှေထီးက ဟံသာဝတီသို့ လာရောက်၍ အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သော်လည်း သုရှင်တကာရွတ်ပိ၏ အထိန်းတော် ဗညားလောနှင့် အချီတော် ဗညားကျန်းတို့၏ အစီအမံခိုင်ခံ့မှုကြောင့် ဟံသာဝတီကို မအောင်နိုင်ဘဲ ကေတုမတီသို့ ပြန်ခဲ့ရသည်။ တပင်ရွှေထီးသည် သက္ကရာဇ် ၈၉၇ ခုတွင်တစ်ကြိမ်၊ သက္ကရာဇ် ၈၉၈ ခုတွင်တစ်ကြိမ် ဟံသာဝတီကို ထပ်မံတိုက်ခိုက်ခဲ့သော်လည်း မအောင်မြင်သဖြင့် တောင်ငူသို့ ပြန်လည်ဆုတ်ခွာခဲ့ရပြန်သည်။

သက္ကရာဇ် ၈၉၉ တွင် သုရှင်တကာရွတ်ပိသည် မင်းတရားရွှေထီးထံသို့ သံတမန်များစေလွှတ်ကာ နှစ်ပြည်ထောင်ချစ်ကြည်ရေး ရွှေပေသဝဏ်ကို လက်ဆောင်ပဏ္ဏာများနှင့်အတူ ပေးပို့ခဲ့သည်။ ဗညားလောနှင့် ဗညားကျန်းတို့ကလည်း သံများစေလွှတ်ခဲ့သည်။ တပင်ရွှေထီးက သုရှင်တကာရွတ်ပိ၏ သံများကို မည်သို့မျှ မမိန့်သော်လည်း ဗညားလောနှင့် ဗညားကျန်းတို့၏ သံများကိုမူ ဦးရီးတော် ဗညားလောနှင့် ဗညားကျန်းတို့ကို ပေးရန်ဟုဆိုကာ ရွှေသစ္စာပွင့်နှစ်ပွင့်ကို ပေးခဲ့သည်။ ထို့အပြင် ဗညားလောနှင့် ဗညားကျန်းတို့၏ သံများကိုသာ မပြတ်ကျွေးမွေးခဲ့သဖြင့် ဟံသာဝတီ ပြန်ရောက်သောအခါ သုရှင်တကာရွတ်ပိသံများက အကြောင်းစုံကို လျှောက်တင်ခဲ့ကြသည့်အတွက် သုရှင်တကာရွတ်ပိသည် အထိန်းတော် ဗညားလောနှင့် အချီတော် ဗညားကျန်းတို့အပေါ် မယုံသင်္ကာဖြစ်ခဲ့သည်။

တပင်ရွှေထီးသည် ပရိယာယ်ဆင်ကာ ဗညားလောနှင့် ဗညားကျန်းတို့ထံ ပေးပို့သည့်အသွင် ရွှေပေတစ်စောင်ကို စီရင်ရေးသားခဲ့သည်။ ရွှေပေတွင် အရေးတော်ပြီးလျှင် ဦးရီးတော် ဗညားလောနှင့် ဗညားကျန်းတို့မှာကြားထားခဲ့သည့် ဗညားလောက ဟံသာဝတီကို စားမည်၊ ဗညားကျန်းက မုတ္တမကို စားမည် ဆိုသည့်အတိုင်း သူကောင်းပြုပါမည်၊ အမှုတော်ကိုသာ ကြိုးစားအားထုတ်ပါဟုရေးသား၍ သက္ကလတ်အိတ်တွင် တံဆိပ်လက်ရာနှင့်အတူ ထည့်သွင်းခဲ့သည်။ ထိုစာကို သံကြီးနှစ်ယောက်တို့အား ယူဆောင်စေ၍ နောက်လိုက် ၃၀ ကျော်နှင့်အတူ ဟံသာဝတီနယ်သို့ စေလွှတ်ခဲ့သည်။ နယ်စပ်သို့ရောက်သောအခါ သံတို့သည် တပင်ရွှေထီးမှာကြားလိုက်သည့်အတိုင်း ထမင်း၊ ဟင်း၊ အရက်သေစာနည်းသည်ဟု အကြောင်းပြကာ ရွာသူကြီးများအား တုတ်နှောင်ထုထောင်းကြသည်။ ရွာသားများက မခံရပ်နိုင်သဖြင့် မင်းချင်းများနှင့် လုံးထွေးသတ်ပုတ်ရာတွင် သံများက အားမမျှ၍ ထွက်ပြေးလာခဲ့ရဟန်ပြုကာ သဝဏ်ကို ထားခဲ့ကြသည်။

**အရှေ့အရပ်သို့ မျက်နှာပြုထားသည့် ဝပ်နေသောဆင်တစ်ကောင်ရုပ်ထုကို စေတီတော်အနီး သင်္ချိုင်းဂူပေါ်တွင် ထုလုပ်တင်ထားခဲ့သည်ကို ယနေ့တိုင်မြင်တွေ့နိုင်ပေသည်။ ထိုဆင်ရုပ်က စေတီတော်ရှိရာသို့ ခေါင်းမတည်ထားဘဲ အရှေ့ဘက်အရပ်သို့ ခေါင်းတည်ထားခြင်းသည် ထူးခြားချက်တစ်ခု ဖြစ်နေခဲ့သည်။ သုရှင်တကာရွတ်ပိ၏မှူးမတ်များက ဆင်ကျော့ခြင်းကို ဝါသနာထုံခဲ့သည့် မွန်မင်းသုရှင်တကာရွတ်ပိအတွက် ဆင်တစ်ကောင်ကို အထိမ်းအမှတ်ပြုလုပ်ထားခဲ့ခြင်းဖြစ်ပြီး အင်္ဂပူမြို့မှ အရှေ့ဘက်ရှိ ဟံသာဝတီဌာနေဆီသို့ လွမ်းဆွတ်သည့် အထိမ်းအမှတ်ဖြင့် ဆင်ကို ဟံသာဝတီရှိရာအရပ်သို့ ခေါင်းတည်ထားခဲ့ကြောင်း. . .**

ရွာသားများက သဝဏ်ကိုတွေ့ရှိ၍ သုရှင်တကာရွတ်ပိကို ဆက်ခဲ့ပြီးနောက် စာပါအကြောင်းအရာများကို ဖတ်မိသော သုရှင်တကာရွတ်ပိသည် တပင်ရွှေထီး၏ ရာဇပရိယာယ်ကို မဆင်ခြင်နိုင်ခဲ့ဘဲ မိမိ၏ လက်ရုံးအမတ်ကြီးနှစ်ဦးအား နန်းတော်သို့ ခေါ်ယူကာ သတ်ဖြတ်ခဲ့သည်။ ဗညားလောနှင့် ဗညားကျန်းမရှိတော့သည့် ဟံသာဝတီသည် အားလျော့နေပြီဖြစ်သဖြင့် တပင်ရွှေထီးအား ယောက်ဖဖြစ်သူ ကျော်ထင်နော်ရထာက ဟံသာဝတီကိုတိုက်ရန် အကြံပြုခဲ့သည်။

ကျော်ထင်နော်ရထာဦးစီးသည့် ကေတုမတီတပ်များ ဟံသာဝတီတို့ ချီလာချိန်တွင် သုရှင်တကာရွတ်ပိသည် ယောက်ဖဖြစ်သူ ပြည်ဘုရင် နရသူနှင့်ပူးပေါင်းရန် ပြည်သို့ ဆန်ခဲ့သည်။ သုရှင်တကာရွတ်ပိမရှိတော့သည့် ဟံသာဝတီကို တပင်ရွှေထီးက အလွယ်တကူသိမ်းပိုက်နိုင်ခဲ့ပြီးနောက် သုရှင်တကာရွတ်ပိရှိရာ ပြည်သို့ ကြည်းကြောင်း၊ ရေကြောင်းဖြင့် လိုက်ကြသည်။ ကျော်ထင်နော်ရထာ ချီလာသောတပ်များက နောင်ရိုးသို့ရောက်ရှိလာသောအခါ သုရှင်တကာရွတ်ပိ၏အမတ် ဗညားဒလတပ်များက နောင်ရိုးတစ်ဖက်ကမ်းတွင် တပ်စွဲထားသည်ကို တွေ့ရှိကြရသည်။ ကျော်ထင်နော်ရထာသည် နောင်ရိုးသို့ကူး၍ ဖောင်ဖျက်ကာ ဗညားဒလတပ်ကို တိုက်ခိုက်အောင်မြင်ခဲ့သဖြင့် နောင်ရိုးတိုက်ပွဲသည် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားခဲ့ပေသည်။ နောင်ရိုးတိုက်ပွဲတွင် ကျော်ထင်နော်ရထာသည် ဘုရင့်နောင်ဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

တပင်ရွှေထီးသည် ပြည်သို့တက်၍ ရေတပ်ကိုအောင်ခဲ့ပြီးနောက် အနေအထားမကျသေးသည့် ဟံသာဝတီသို့ ပြန်ဆင်းလာခဲ့သည်။ တပင်ရွှေထီးမရှိချိန်တွင် သုရှင်တကာရွတ်ပိလည်း စစ်သည်ရဲမက်စုရုံးရန် ပြည်မှ အင်္ဂပူသို့ ပြန်လာခဲ့သည်။ အင်္ဂပူရောက်လျှင် ဆင်ကောင်းတစ်ကောင်ပေါ်သည်ဟု ကြားသိရသဖြင့် ဆင်ကျော့ရန် လိုက်ခဲ့သော်လည်း တောဆင်ကို မရရှိခဲ့ချေ။ ထိုညဉ့်၌ သုရှင်တကာရွတ်ပိသည် ဖျားနာ၍ အင်္ဂပူတွင် အနိစ္စရောက်ခဲ့သည်။

ထိုအချိန်က မွန်ဘုရင်တစ်ပါးဖြစ်သည့် သုရှင်တကာရွတ်ပိ၏ အလောင်းတော်ကို အင်္ဂပူမြို့တွင် သင်္ဂြိုဟ်ခဲ့ရာ ယခုအခါတွင် ရွှေဆံတော်စေတီဝင်းအတွင်း တနင်္လာနှင့် အင်္ဂါထောင့်တွင် မြှုပ်နှံခဲ့သည်ဟု ယူဆကြသည်။ ထိုစဉ်က ရွှေဆံတော်စေတီတော်သည် လက်ရှိညဏ်တော်အမြင့် မရှိသေးသကဲ့သို့ မဟာရံတံတိုင်းလည်း မရှိခဲ့ပါသေးချေ။ ထိုနေရာတွင် အရှေ့အရပ်သို့ မျက်နှာပြုထားသည့် ဝပ်နေသော ဆင်တစ်ကောင်ရုပ်တုကို စေတီတော်အနီး သင်္ချိုင်းဂူပေါ်တွင် ထုလုပ်တင်ထားခဲ့သည်ကို ယနေ့တိုင်မြင် တွေ့နိုင်ပေသည်။ ထိုဆင်ရုပ်က စေတီတော်ရှိရာသို့ ခေါင်းမတည်ထားဘဲ အရှေ့ဘက်အရပ်သို့ ခေါင်းတည်ထားခြင်းသည် ထူးခြားချက်တစ်ခု ဖြစ်နေခဲ့သည်။

သုရှင်တကာရွတ်ပိ၏ မှူးမတ်များက ဆင်ကျော့ခြင်းကို ဝါသနာထုံခဲ့သည့် မွန်မင်းသုရှင်တကာရွတ်ပိအတွက် ဆင်တစ်ကောင်ကို အထိမ်းအမှတ်ပြုလုပ်ထားခဲ့ခြင်းဖြစ်ပြီး အင်္ဂပူမြို့မှ အရှေ့ဘက်ရှိ ဟံသာဝတီဌာနေဆီသို့ လွမ်းဆွတ်သည့် အထိမ်းအမှတ်ဖြင့် ဆင်ကို ဟံသာဝတီရှိရာအရပ်သို့ ခေါင်းတည်ထားခဲ့ကြောင်း အစဉ်အဆက် ယူဆခဲ့ကြသည်။ ယင်းနေရာနှင့် ဆင်ရုပ်ကို ရွှေဆံတော်ဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ထားပေသည်။

မည်သို့ပင်ဖြစ်စေ တပင်ရွှေထီး၏ ရာဇပရိယာယ်အတွင်း သက်ဆင်းကာ မိမိ၏ သူရဲကောင်းနှစ်ဦး ဆုံးရှုံးခဲ့ရာမှအစပြုလျက် ဟံသာဝတီထီးနန်းကို လက်လွှတ်ခဲ့ရသော မွန်မင်းတစ်ပါး၏ သင်္ချိုင်းဂူအား ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြင့် မြန်မာ့သမိုင်းပုံရိပ်များကို နှောင်းလူတို့ သတိတရရှိနေမည်သာ ဖြစ်ပါပေသည်။ ။



# မိုးဦးနှမ်း ရှုံးခဲ့သော်လည်း ဆောင်းသီးနှံနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ညောင်ဦး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ်တွင် ယခုနှစ် မိုးဦးမိုးဖြင့် စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများမှာ မိုးရွာသွန်းမှုမကောင်းခဲ့သောကြောင့် အောင်မြင်ဖြစ်ထွန်းမှုနည်းပြီး တောင်သူများအရှုံးပေါ်ခဲ့သော်လည်း ယခုဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် နှမ်းစိုက်ခင်းများမှာမူ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် စိုက်ခင်းများရိတ်သိမ်းရတော့မည်ဖြစ်ကြောင်း ညောင်ဦး မြို့နယ် မင်းနန်သူကျေးရွာမှ တောင်သူများထံမှ သိရသည်။

ပုဂံ-ညောင်ဦးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်နေသဖြင့် နှစ်စဉ် မိုးရွာသွန်းမှုအခြေအနေ အားနည်းကြောင်း၊ ပြီးခဲ့သည့် နှစ်နှင့် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုမကောင်းခဲ့သဖြင့် မိုးဦးနှမ်းစိုက်ခင်းများမှာ ပျက်စီးဆုံးရှုံးခဲ့ပြီး မြို့နယ်အတွင်းမှ နှမ်းစိုက်တောင်သူများ အရှုံးပေါ်ခဲ့ကြောင်း၊ မိုးဦးနှမ်းစိုက်ခင်းများတွင် အရှုံးပေါ်ခဲ့သဖြင့် ဆောင်းသီးနှံအဖြစ် နှမ်းပြန်စိုက်ပျိုးရန် အဆမတန်ဈေးပေးပြီး ဝယ်ယူစိုက်ပျိုးခဲ့ကြရကြောင်း သိရသည်။ "ကျွန်တော်တို့ရွာက နှမ်းစိုက်တောင်သူတွေအနေနဲ့ မိုးဦးတုန်းက နှမ်းစိုက်ခင်းတွေ ပျက်စီးဆုံးရှုံးလို့ ဆောင်းသီးနှံ နှမ်းစိုက်ပျိုးတဲ့အခါအလေးထား စိုက်ပျိုးခဲ့ကြတာပါ။ ပြီးတော့ ဒီနှမ်းခင်းတွေက မိုးရေလည်း သောက်ထားရတော့ အသီးရင့်မှည့်ဖို့အတွက်လည်း စိတ်ချနေရပါပြီ၊ မကြာခင်ရိတ်သိမ်း ရတော့မှာပါ"ဟု မင်းနန်သူကျေးရွာမှ နှမ်း စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်း နေသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ်တွင် မင်းနန်သူကျေး ရွာသာမက ဖွားစောကျေးရွာနှင့် တောင်ဘီလယ်ယားကျေးရွာများတွင်လည်း ဒေသခံတောင်သူများမှာ ယခုနှစ် ဆောင်းသီးနှံအဖြစ် နှမ်းများကို အလေးထား စိုက်ပျိုးခဲ့ကြပြီး အောင်မြင်ဖြစ် ထွန်းလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်အပေါ် သတင်းစာရှင်းလင်းပွဲနှင့် ကျွန်မ

**ဒေါက်တာခိုင်ခိုင်ဝင်း**

နိုဝင်ဘာ ၁၈ ရက်က ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ Forum-Asia ရဲ့ "မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်၏ ဆောင်ရွက်ချက်နှင့် ပတ်သက်သည့်အပေါ် သတင်းစာရှင်းလင်းပွဲ" ကို ကျွန်မတက်ရောက်ခဲ့ပါတယ်။ ကျွန်မ ပွဲစချိန်ထက် ၂၅ မိနစ်ခန့်စောပြီး ရောက်သွားချိန်မှာ သတင်းသမားတော်တော်များများလည်း ရောက်ရှိနေတာ တွေ့ရပြီး ညီမျှခြင်းမြန်မာမှ ဦးအောင်မျိုးမင်းကို အင်တာဗျူးနေကြသည်ကို တွေ့ရပါတယ်။ သူက ပွဲစီစဉ်သူဆိုတော့လည်း မေးမြန်းကြသည်ပေါ့။

ရှင်းလင်းပွဲကို Ms. Betty Yolanda (အထူးတာဝန်ခရီးစဉ်ခေါင်းဆောင် ဖိုရမ်အေးရှားနိုင်ငံဆိုင်ရာ လုပ်ငန်းမန်နေဂျာ)၊ Professor Kyong Whan (ကိုရီးယားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌဟောင်း) လက်ပံတန်းကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူ ကိုအောင်မင်းခန့်၊ Mr.Nur Kholis (အင်ဒိုနီးရှား အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ)၊ ဦးမျိုးဝင်း (စမိုင်းလ်ပညာရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း) တို့က ဆောင်ရွက်ခြင်းဖြစ်ပြီး ဒေါ်ခင်ဥမ္မာ (မြန်မာအရေး ပူးပေါင်းဆောင်ရွက်သူများ)ကတော့ online မှ ဝင်ရောက်ဆွေးနွေးခဲ့ပါတယ်။

ခေါင်းစဉ်က တကယ်ပဲ စိတ်ဝင်စားဖွယ် ကောင်းပါတယ်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်၏ ဆောင်ရွက်ချက်လို့ ဖော်ပြထားပါတယ်။ အဓိက ပြောကြားသွားတာတွေကတော့ လူ့အခွင့်အရေးကော်မရှင်သည် လွတ်လပ်မှုမရှိ၊ ပါရီအခြေခံမူများနှင့်မညီ၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်မှုများ ထိရောက်စွာ လုပ်နိုင်မှုမရှိလို့ ပြောကြားသွားပြီး ကော်မရှင်အပေါ် အကြံပြုချက်၊ အစိုးရအပေါ် အကြံပြုချက်များ ပြုလုပ်ခဲ့ပါတယ်။

ဆွေးနွေးပွဲအပြီးမှာတော့ ကျွန်မကို အင်တာဗျူးသူများက ယနေ့ပွဲကို မည်သို့မြင်ပါသနည်း။ မည်သို့ပြန်လည်ပြောကြား လိုသနည်းလို့ မေးမြန်းကြရာမှာ ကျွန်မကလည်း ယနေ့ပွဲဟာ အမှန်ပင် ကောင်းပါကြောင်း၊ ဒါမျိုးပွဲများ လိုအပ်ပါကြောင်း၊ ဒါသည် ဒီမိုကရေစီနည်းကျကျ လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုက ၎င်းတို့၏ ထင်မြင်ယူဆချက်ကို လွတ်လပ်စွာ ပြောခြင်းဖြစ်ပါကြောင်း၊ ကျွန်မတို့အတွက် ၎င်းတို့ရဲ့ အသံများကို နားထောင် ခွင့်ရသလို တစ်ချိန်တည်းမှာပဲ ကျွန်မတို့ ကော်မရှင် ဘာတွေလုပ်နေတယ်၊ ဘယ်လိုတွေလုပ်နေတယ် ဆိုတာကို ရှင်းပြခွင့်ရတဲ့အတွက် အကျိုးရှိတဲ့ သတင်းစာရှင်းလင်းပွဲလို့ ဖြေခဲ့ပါတယ်။

ကျွန်မကို တစ်ယောက်က မေးပါတယ်။ "ကော်မရှင်ကို ရှုတ်ချတဲ့အပေါ် မည်သို့ပြန်လည်ပြောချင်ပါသလဲ"တဲ့။ ကျွန်မက ပြန်ဖြေခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံမှ မဟုတ်ပါဘူး။ လူ့အခွင့်အရေးကော်မရှင်ရှိတဲ့ နိုင်ငံတိုင်းဟာ ဝေဖန်မှုတွေ၊ ထိုးနှက်မှုတွေနဲ့ မကင်းပါဘူးလို့။ ဒီနေ့ လာရောက်ရှင်းလင်းကြတဲ့ ကိုရီးယားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေရဲ့ လူ့အခွင့်အရေး ကော်မရှင်တွေမှာ သူတို့လည်း သူတို့အလျောက် ပြဿနာတွေရှိပါတယ်။

ပွဲမှာ အခုသူတို့ပြောသွားတဲ့ ANNI (Asian NGO Network on NHRIs)ဆိုတာအာရှဒေသတွင်းမှာရှိတဲ့ လူ့အခွင့်အရေး အဖွဲ့အစည်းတွေကို လေ့လာစောင့်ကြည့်အကဲဖြတ်တဲ့ NGO Network တစ်ခုပါ။ ANNI ရဲ့ ၂၀၁၅ အစီရင်ခံစာကို ကြည့်မယ်ဆိုရင် ကျွန်မတို့မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အပေါ် သုံးသပ်ချက်၊ အလားတူ အင်ဒို နီးရှားနဲ့ ကိုရီးယား လူ့အခွင့်အရေးကော်မရှင်အပေါ် သုံးသပ်ချက်တွေကို တွေ့ရမှာဖြစ်တယ်။ ANNI ရဲ့ ၂၀၁၅ အစီရင်ခံစာကို အင်တာနက်မှာ အလွယ်တကူဖတ်ရှုနိုင်ပါတယ်။

ကိုရီးယား လူ့အခွင့်အရေးကော်မရှင်ကို တည်ထောင်ခဲ့တာ ၂၀၀၁ ခုနှစ်ကဆိုတော့ အခုဆို ၁၄ နှစ်ရှိပါပြီ။ အင်ဒိုနီးရှားဆိုရင် ၁၉၉၃ က စတည်ထောင်ခဲ့တာဆိုတော့ ၂၂ နှစ်တောင်ရှိပါပြီ။ ကျွန်မတို့ကတော့ ၂၀၁၁ ခုနှစ်မှာ စတည်ထောင်ခဲ့တာဆိုတော့ လေးနှစ်ပဲရှိပါသေးတယ်။ တကယ်ပြောကြစတမ်းဆိုရင် ကျွန်မတို့ကော်မရှင်ကို စတည်ထောင်ခါစက သမ္မတရဲ့ အမိန့်ဒီဂရီနဲ့ တည်ထောင်ခဲ့တာဖြစ်ပြီး ၂၀၁၄ ခုနှစ်ရောက်မှ ဥပဒေထုတ်ပြန်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေဟာ ပါရီအခြေခံမူများအတိုင်း ရေးဆွဲခဲ့တာဖြစ်ပြီး အာရှမှာ အကောင်းဆုံးဥပဒေလို့ နိုင်ငံတကာမှပညာရှင် တချို့က သုံးသပ်မှုများ ရှိပါတယ်။ ဒီဥပဒေကြောင့် လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်စောင့်ရှောက်ရေးတွေမှာ လုပ်ပိုင်ခွင့်တွေ ပိုမိုရရှိခဲ့တာ ဖြစ်ပါတယ်။ ကော်မရှင်အနေနဲ့ ဥပဒေနဲ့ လုပ်ပိုင်ခွင့် ပိုမိုရရှိလာတာဟာ တစ်နှစ်စွန်းစွန်းပဲ ရှိပါသေးတယ်။

သတင်းစာရှင်းလင်းပွဲမှာ အင်ဒိုနီးရှား လက်ရှိကော်မရှင်ဥက္ကဋ္ဌက ပြောကြားရာမှာ ၎င်းတို့နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲသွားပြီးနောက် နိုင်ငံတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ အခြားသော တိုးတက်မှုတွေ ရှိခဲ့သော်လည်း လူ့အခွင့်အရေးနဲ့ ပတ်သက်လာလျှင်တော့ အခုချိန်ထိ လူ့အခွင့်အရေးတွေ အပြည့်အဝမရရှိသေးဘဲ ပြဿနာတွေရှိနေဆဲဆိုတာကိုပါ။ ဆိုလိုတာက လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းတည် ထောင်တာ ၂၂ နှစ်ရှိပါပြီဆိုတဲ့ နိုင်ငံမှာတောင် ပြဿနာတွေဟာ ရှိနေဆဲ ပါ။ ဒါဟာ ပုံမှန်ပါ။ လူတွေရှိနေသရွေ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိနေမှာပါ။ ဒါတွေ လုံးဝပျောက်ကွယ်သွားဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စပါ။ လျော့နည်းသွားအောင်သာ လုပ်လို့ရတာပါ။

ဒါကြောင့် လူတိုင်းလူ့အခွင့်အရေးကို ပိုမိုသိရှိနားလည်လာပြီး လူ့အခွင့်အရေးတွေနဲ့ အခြေခံလွတ်လပ်ခွင့်တွေအပေါ် လေးစားမှုကို ပိုမိုခိုင်မာလာစေဖို့၊ လူ့အခွင့်အရေး အခြေခံသဘောတရားတွေ အသိပညာ၊ ဗဟုသုတတွေကို ထပ်ဆင့်ပြန့်ပွားအောင် ဆောင်ရွက်ဖို့နဲ့ မိမိတို့လူမှုအသိုက်အဝန်းအတွင်းမှာဖြစ်စေ၊ ဌာနလုပ်ငန်းတွေ ဆောင်ရွက်ရာမှာဖြစ်စေ၊ လူ့အခွင့်အရေး သဘောတရားတွေကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးကြစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်မတို့ကော်မရှင်ဟာ လူ့အခွင့်အရေး အသိပညာပေးအစီအစဉ်တွေကို နည်းလမ်းမျိုးစုံနဲ့ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာမှာ ယနေ့အချိန်အထိ မြို့နယ်ပေါင်း ၇၀ ကျော်ကို သွားရောက်ခဲ့ပြီးဖြစ်သလို ဆက်လက်၍လည်း လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကို ဆောင်ရွက်နေသလို တစ်ဖက်မှလည်း လူ့အခွင့်အရေး အသိပညာ မြှင့်တင်ခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ လျော့နည်းသွားစေလိုတာဖြစ်ပါတယ်။

ကျွန်မအနေနဲ့ သတင်းစာရှင်းလင်းပွဲ တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ကျွန်မတို့ ကော်မရှင်ရဲ့ ဆောင်ရွက်ချက်အပေါ် သုံးသပ်ချက်များကို နားထောင်ခွင့်ရရှိခဲ့သလို ကျွန်မတို့ကော်မရှင်ရဲ့ လူ့အခွင့်အရေးအသိပညာပေး လှုပ်ရှားမှုအမျိုးမျိုးကိုလည်း မေးမြန်းလာတဲ့သူရှိတဲ့အတွက် ရှင်းလင်းပြောပြခွင့်ရခဲ့ပါတယ်။ လူ့အခွင့်အရေး ကော်မရှင်တွေရဲ့ အဓိကလုပ်ငန်း နှစ်ရပ်ဖြစ်တဲ့ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးတို့ကို ကော်မရှင်ဥပဒေနဲ့အညီ ကော်မရှင်အဖွဲ့ဝင် ၁၁ ဦး၊ ဝန်ထမ်း ၆၀ တို့ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေပေမယ့် ကျွန်မတို့ ဒီထက်ပိုပြီးလုပ်ဖို့ လိုအပ်တယ်။ မီဒီယာတွေနဲ့ ထိတွေ့မှု ပိုမိုလိုအပ်တယ်။ မီဒီယာတွေဘက်ကလည်း ဘက်မလိုက်ဘဲ မှန်မှန်ကန်ကန်ရေးသားဖို့နဲ့ အပြုသဘောဆောင်တဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်နေသေးတယ်ဆိုတာ အမှန်ပါပဲလို့ ရေးသားရင်း နိဂုံးချုပ်ပါရစေ။

> လူ့အခွင့်အရေး ကော်မရှင်တွေရဲ့ အဓိကလုပ်ငန်း နှစ်ရပ်ဖြစ်တဲ့ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးတို့ကို ကော်မရှင်ဥပဒေနဲ့အညီ ကော်မရှင်အဖွဲ့ဝင် ၁၁ ဦး၊ ဝန်ထမ်း ၆၀ တို့ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေပေမယ့် ကျွန်မတို့ ဒီထက်ပိုပြီးလုပ်ဖို့ လိုအပ်တယ်။ မီဒီယာတွေနဲ့ ထိတွေ့မှု ပိုမိုလိုအပ်တယ်။ မီဒီယာတွေဘက်ကလည်း ဘက်မလိုက်ဘဲ မှန်မှန်ကန်ကန်ရေးသားဖို့နဲ့ အပြုသဘောဆောင်တဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်

# ပြင်ဦးလွင်၌ ပွင့်လင်းရာသီ ခရီးသွားချိန်အမီ ဟိုတယ်များ တိုးချဲ့ဖွင့်လှစ်လျက်ရှိ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၃**

နှစ်စဉ် ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံအနှံ့မှ လာရောက်လည်ပတ်အပန်းဖြေသူ များပြားသော ပြင်ဦးလွင်ဒေသတွင် ယခုနှစ် ပွင့်လင်းရာသီ ခရီးသွားချိန်အမီ ဟိုတယ်နှင့် တည်းခိုခန်းများ တိုးချဲ့ဖွင့်လှစ်လာလျက်ရှိကြောင်း သိရသည်။

ယခင်က ပြင်ဦးလွင်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ဖွင့်လှစ်ထားရှိသော အစိုးရဟိုတယ်များနှင့် ပုဂ္ဂလိကဟိုတယ်၊ တည်းခိုခန်း အနည်းငယ်သာရှိနေရာမှ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း တရားဝင်လုပ်ငန်းလိုင်စင်ဖြင့် ဖွင့်လှစ်ထားသော ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းပေါင်း ၄၄ လုံးအထိ ရှိလာခဲ့ပြီး ယခုနှစ်ခရီးသွားရာသီအမီ ထပ်မံဖွင့်လှစ်သော ဟိုတယ် ငါးလုံးနှင့် ပေါင်းလိုက်လျှင် ၄၉ လုံးအထိ တိုးချဲ့ဖွင့်လှစ်ထားနိုင်ကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပြင်ဦးလွင်သို့ နေ့စဉ်ခရီးသွားဧည့်သည်အများအပြား ဝင်ရောက်မှုကြောင့် ယခင်က ဒေသထွက်ကုန်များဖြစ်သည့် ဆွယ်တာ၊ မက်မန်း၊ နေကြာ၊ ဝိုင်၊ သီးစုံ၊ မလိုင်မုန့်၊ ယိုမျိုးစုံ စသည့် လုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်သည့် လုပ်ငန်းများသာရှိခဲ့ကြသော်လည်း ယခုအခါ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းများသည်လည်း အောင်မြင်လာသည့် အတွက်ကြောင့် စီးပွားရေးလုပ်ငန်းရှင်များက အထူး စိတ်ဝင်စားလာ၍ ထပ်မံတိုးချဲ့ဖွင့်ကြကြောင်း ၎င်းမှ ဆက်လက် ပြောကြားခဲ့သည်။

ပြင်ဦးလွင်သို့ မိုးဦးကျကာလ ဝါဆိုလပြည့်နှင့် တန်ဆောင်တိုင်ပွဲတော် ဒီဇင်ဘာပန်းပွဲတော်၊ သင်္ကြန်ရက်တို့တွင် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်တို့ အမြဲမပြတ် လာရောက်လေ့ရှိကြပြီး အထူးသဖြင့် ခရီးသွားကာလဖြစ်သည့် ပွင့်လင်းရာသီတွင် ဧည့်သည် အများအပြား လာရောက်လည်ပတ်ကြကြောင်း သိရသည်။

ပြင်ဦးလွင်ဒေသရှိ တန်ခိုးကြီးဘုရားများနှင့် နာမည်ကျော် အထင်ကရနေရာများသို့ မြန်မြန်ဆန်ဆန်လည်ပတ်လျှင် တစ်ရက်နှင့်လုံလောက်နိုင်သော်လည်း အေးအေးဆေးဆေးအနားယူ အပန်းဖြေလေ့လာလိုသူတို့မှာ ဟိုတယ်၊ မိုတယ်တို့တွင် ညအိပ်တည်းခို၍ နေရာအနှံ့လည်ပတ်လေ့ရှိကြရာ အခါကြီးရက်ကြီးများနှင့် ပွဲတော်



ပြင်ဦးလွင်၌ ရထားလုံးစီး၍ လည်ပတ်နေသော နိုင်ငံခြားသားများ။

ကာလတို့တွင် ဧည့်သည် များပြားလွန်းသောကြောင့် တည်းခိုခန်းငှား၍ မရနိုင်လောက်အောင် ဖြစ်တတ်လေ့ရှိကြောင်း သိရသည်။

ပွဲတော်ရက်ရှည်ကာလဖြစ်သည့် တန်ဆောင်တိုင်၊ သင်္ကြန်၊ ပန်းပွဲတော်အချိန်ကာလများတွင် တည်းခိုခန်းခ ဈေးနှုန်း အနည်းငယ်မြင့်တက်သော်လည်း ကြိုတင်ချိတ်ဆက်ငှားရမ်းသူ အများအပြားရှိနေသောကြောင့် ပြင်ဦးလွင်ရှိ တည်းခိုခန်းတိုင်းတွင် နေ့စဉ် ဧည့်သည် အပြည့်ရှိနေတတ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# တောင်ငူမြို့ မဟာမုနိကေလဇာတီစေတီတော်ကြီးမှ ထူးခြားသောဘုရားများ

မြန်မာနိုင်ငံသမိုင်းတွင် ကေတုမတီတောင်ငူမြို့မှာ ထင်ရှားကျော်ကြားသော မြို့တစ်မြို့ဖြစ်သည်။ တောင်ငူမြို့သည် နှစ်သက်တမ်းအားဖြင့် ယခု ၂၀၁၅ ခုနှစ်တွင် ၅၀၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင် မြို့ကြီးတစ်မြို့ဖြစ်သည်နှင့်အညီ ရှေးမင်းများအဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော သာသနိကအဆောက်အအုံများ၊ စေတီပုထိုးများစွာ ကျန်ရစ်သည့်အနက် တောင်ငူမြို့ ရပ်ကွက်(၅)ရှိ မဟာမုနိကေလဇာတီ မင်္ဂလာစေတီတော်ကြီးသည် အထူးထင်ရှားသည့် စေတီတော်တစ်ဆူဖြစ်သည်။

ဘုရင့်နောင်မင်းတရားကြီးနှင့် မိဖုရားတို့ လက်ထပ်မင်္ဂလာပြုခဲ့သည့် ကေလာသကုန်းတွင် ဘုရားတည်ပါက အသက်ရှည်ကာ ဘုန်းကြီးမည်ဟု မြို့ကြီးသာသနာပိုင်ဆရာတော်ကြီး၏ မိန့်ကြားချက်အရ ဘုရင့်နောင်မင်းတရားကြီးသည် မဟာမုနိကေလဇာတီ မင်္ဂလာစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ သက္ကရာဇ် ၉၁၄ ခုနှစ် တော်သလင်းလဆန်း ၁၅ ရက်တွင် ပြီးစီးခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရသိရသည်။

မဟာမုနိကေလဇာတီမင်္ဂလာစေတီတော်ကြီး အာရုံခံမွှာရုံတော်အတွင်း၌ ရှေးခေတ်အဆက်ဆက်လက်ရာ ဘုရားများကို ဖူးမြော်နိုင်သည်။ ထိုအထဲတွင် အမြဲပြုံးနေသည့် ရုပ်ပွားတော်နှင့် မြေအောက်မှတူးဖော်ရရှိသော ပေါ်တော်မူဘုရားကြီး ရုပ်ပွားတော်များမှာ ထူးခြားသော ရုပ်ပွားတော်များဖြစ်သည်။ "ဒီမတ်တတ်ရပ်နေတဲ့ ရုပ်ပွားတော်ကြီးကို သေချာဖူးကြည့်။ ဘာထူးခြားသလဲ တွေ့လိမ့်မယ်"ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးကပြော၍ သေချာဖူးမြော်ကြည့်သည့်အခါ အမှန်ပင် မျက်နှာတော်မှာ သက်ရှိအလား ပြုံးနေသည်ကိုတွေ့ရှိရသည်။ဘုရားများ ကိန်းဝပ်စံပယ်လျက်ရှိသည့် မွှာရုံတောင်ဘက်အစွန်တွင်လည်း မြေအောက်မှတူးဖော်တွေ့ရှိရသော ဗုဒ္ဓရုပ်ပွားတော် ကြေးဆင်းတုကို ထူးခြားစွာ ဖူးတွေ့ရသည်။ "သံလျင်စား ငဇင်ကာနဲ့ မုတ္တမစားတို့ တောင်ငူကိုဝင်တိုက်ပြီး မီးရှို့ဖျက်ဆီးတုန်းက သံရည်ကြိုမှာစိုးလို့ မြေအောက်မှာဝှက်ထားခဲ့တဲ့ပုံစံနဲ့ တွေ့ရတာပါ။ ၂၀၀၄ ခုနှစ်က ဘုရားကြီးပလ္လင်တော်အတွက် မြေကျင်းတူးရာကနေ တွေ့ရတာ"ဟု အထက်ပါ ဂေါပကအဖွဲ့ဝင်ကပင် ရှင်းပြသည်။

မဟာမုနိကေလဇာတီမင်္ဂလာစေတီတော်ကြီးသည် တောင်ငူမြို့တွင် နှစ်စဉ်ကျင်းပသော နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ၌ ရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ကာ မြို့ပေါ်ရပ်ကွက်အလိုက် ဒေသစာရီပင့်ဆောင်ကြွချီသော ဘုရားကြီးလည်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ချောင်းခြားချောင်းကူးတံတား တည်ဆောက်လျက်ရှိ



**ကန့်ဘလူ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း မိုင်တိုင် အမှတ်(၄/၂)နှင့် (၄/၃)ကြား၌ တံတားအမှတ် (၁/၅)ချောင်းခြားချောင်းကူးတံတားကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ချောင်းခြားချောင်းကူးတံတားကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၈၃၀ ဖြင့် လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်နေခြင်း ဖြစ်ပြီး အရှည် ၃၅၀ပေ၊ အကျယ် ၂၄ပေရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကြောင်း သိရသည်။ ချောင်းခြားချောင်းသည် မိုးရာသီ ချောင်းရေလာချိန်တွင် ရေစီးသန်ပြီး ချောင်းရေကျချိန်တွင်လည်း ရေမှာခါးဝက်ခန့်ရှိနေသဖြင့် ဖြတ်သန်းသွားလာရန် ခက်ခဲကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများ သွားလာရာတွင်နှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင်ပါ အဆင်ပြေချောမွေ့ပြီး ဒေသတွင်း ကျေးရွာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ကျွဲကောသီးစိုက်ပျိုးမှု တိုးတက်ရေးနှင့် သီးနှံဈေးကွက်ရေရှည်တည်တံ့ရေး



မွန်ပြည်နယ်သည် ဥယျာဉ်ခြံစိုက်ပျိုးမှုများပြားသော ပြည်နယ်တစ်ခုဖြစ်ပြီး ဥယျာဉ်ခြံထွက် သီးနှံတစ်ခုဖြစ်သော ကျွဲကောသီးသည် မွန်ပြည်နယ်၏ အဓိက သီးနှံထွက်ကုန်တစ်ခုလည်း ဖြစ်သည်။

မွန်ပြည်နယ်အတွင်း ကျွဲကောသီး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးနည်းပညာများ တိုးတက်ရေး၊ ထွက်ရှိသော အသီးများ အရည်အသွေးကောင်းမွန်ရေးနှင့် ဈေးကွက်ရေရှည်တည်တံ့ရေး၊ ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်ရေးတို့အတွက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (ဗဟို)က ဦးဆောင်၍ မွန်ပြည်နယ် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ၊ အသင်းနှင့် ကျွဲကောခြံစိုက်ပျိုးသူများ၊ လုပ်ငန်းရှင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ်အတွက် ကျွဲကောသီးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စိမ်းလဲ့တင် ဥယျာဉ်ခြံခန်းမ၌ နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က အမှာစကားပြောကြားပြီး မွန်ပြည်နယ် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအေးသန်းက ကျွဲကောသီးအကြောင်းနှင့် အသင်းဝင် ကျွဲကောသီးလုပ်ငန်းအစုအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းရွှေက ကျွဲကောသီးစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကျွဲကောသီး စိုက်ပျိုးထုတ်လုပ်နေသော ကျွဲကောခြံပိုင်ရှင်များအနေဖြင့် ၂၀၁၅ ခုနှစ်တွင် လုပ်ဆောင်ခဲ့သော လုပ်ဆောင်ချက်များနှင့် ၂၀၁၆ ခုနှစ်တွင် အဓိကထား၍ လုပ်ဆောင်ရမည့် အချက်သုံးချက်ကို ဆွေးနွေးခဲ့ကြသည်။

ကျွဲကော စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် အဓိကထား၍ လုပ်ဆောင်ရမည့် အချက်သုံးချက်မှာ အရည်အသွေးကောင်းမွန်သော ကျွဲကောသီးများ ရရှိရေးအတွက် နည်းပညာသင်တန်းများဖွင့်လှစ်ရန်၊ ကျွမ်းကျင်ဝန်ထမ်းများ ရရှိရေးအတွက် သင်တန်းများဖွင့်လှစ်ရန်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ၂၀၂၀ ခုနှစ်တွင် ပြည်တွင်းဈေးကွက်သာမက အာဆီယံနိုင်ငံဈေးကွက်များသို့ အဆင့်အတန်းမီကျွဲကောသီးများ တင်ပို့ရောင်းချနိုင်ရန် ဖြစ်သည်။

ကျွဲကောသီးတွင် ပန်းရောင်နံပါတ်(၁)နှင့် သကြားသီးဟုခေါ်သော အဖြူရောင် အမျိုးအစားသည် အရည်အသွေးအကောင်းဆုံးနှင့် အရောင်းရဆုံးဖြစ်ကာ အခြားကျွဲကောသီးများထက် ဈေးနှစ်ဆပိုရကြောင်း မော်လမြိုင်မြို့ ကျွဲကောသီးလုပ်ငန်းအစုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးဖုန်းဝင်းက အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် လေ့လာတင်သွင်းသည့် စာတမ်းအရ သိရသည်။

မြန်မာနိုင်ငံတွင် ကျွဲကောသီးသည် အမျိုးအစား ၂၀ ခန့်ရှိကာ ကျွဲကောသီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများစိတ်ကြိုက်ရွေးချယ်သော ကျွဲကောမျိုးများမှာ ပန်းရောင်(၁)၊ ပန်းရောင်(၂)၊ သောင်ဒီ၊ ပတ္တမြား၊ ခွံပါးဖြူနှင့် ကျောက်စိမ်းတို့ဖြစ်ပြီး အဆိုပါမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း ကျိုက်ထိုဒေသခံ ကျွဲကောခြံစိုက်ပျိုးသူတစ်ဦးက ပြောသည်။

မုဒုံမြို့နယ် အဇင်းဆည်ရေသောက် ဒေသများဖြစ်သော ဘဲရမ်းကျေးရွာရှိ ခြံ ၂၈ ခြံမှ ကျွဲကောပင် ၃၄၄၀ တွင် ကျွဲကောသီး ၁၄၅၁၅၀ လုံး၊ ကွမ်တာကျေးရွာတွင် ခြံ ၈ ခြံရှိ အပင် ၁၀၄၅ ပင်မှ အသီး ၄၈၂၀၀၊ မိုန်ကနိမ်းကျေးရွာရှိ ခြံ ၁၁ ခြံမှ အပင် ၁၆၆၀ တွင် အသီး ၈၄၄၀၀ လုံး ထွက်ရှိခဲ့ကြောင်း၊ အဆိုပါ အသီး ထွက်ရှိမှုများတွင် ရောင်းတန်းဝင် ၈၇ ရာခိုင်နှုန်းရှိကြောင်းနှင့် ဈေးကွက်အကောင်းဆုံး ပန်းရောင်(၁)အမျိုးအစားအသီး ၂၄၂၆၅၀ လုံး ပါဝင်ကြောင်း ယခုနှစ် မတ်လအတွင်းက မုဒုံမြို့ ကန်ကလေး ဥယျာဉ်ခြံ၌ ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲမှ အချက်အလက်များအရ သိရသည်။

ကျွဲကောသီးများကို ဈေးကွက်တွင် ရောင်းချရာ၌ ပထမတန်းစားသည် အလေးချိန် နှစ်ကီလိုဂရမ်၊ ဒုတိယတန်းစားသည် တစ်ကီလိုဂရမ်ခွဲ၊ တတိယတန်းစားသည် တစ်ကီလိုဂရမ်ဖြစ်ကာ အဆိုပါ အတန်းအစားသုံးခုသည် ရောင်းတန်းဝင်သည်။ ထို့ထက် အလေးချိန်နည်းသော အသီးများမှာမူ စတုတ္ထတန်းစား အကျသီးဟု သတ်မှတ်၍ ဝယ်ယူကြသည်။

အကျသီးအမျိုးအစားတွင် အသီးများမရင့်မီ ကိုင်းကျိုးကျမည်စိုး၍ ခူးသောအသီးများ၊ ကြွေကျသော အသီးများ၊ နေလောင်ကွက်ပါနေသော အသီးများ၊ ပိုးထိုးကွက်ပါနေသောအသီးများ၊ အသေးဆုံး အသီးများ ပါဝင်သည်။ အကျသီးများကို ဈေးကွက်အတွင်းသို့ ဈေးပေါပေါနှင့် ရောင်းချသဖြင့် အသီးကောင်းများ၏ ဈေးကွက်ကိုပါ ထိခိုက်နေကြောင်း သိရသည်။

ကျွဲကောသီးများကို ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် အသီး၏ အရည်အသွေးကောင်းမွန်ရုံသာမက ထုတ်ပိုးမှုများကိုလည်း ပိုမို ကောင်းမွန်အောင်ဆောင်ရွက်ကာ ထုတ်ကုန်အမည်၊ အမှတ်တံဆိပ်များ တပ်ဆင်ပြီး ရောင်းချခြင်းဖြင့် ဈေးကွက်တွင် ပိုမိုအောင်မြင်မှု ရရှိလာမည်ဖြစ်သည်။ အသီးများကို ထုပ်ပိုးရာတွင် ကြာရှည်အထားခံနိုင်အောင် နည်းပညာပံ့ပိုးမှုများဖြင့် ပေါင်းစပ်လုပ်ကိုင်နိုင်မှသာ အရည်အသွေးမြင့်မားလာပြီး ဈေးကွက်တွင် ဈေးကောင်းရမည်ဖြစ်ကြောင်း ကျွဲကောသီးရောင်းဝယ်နေသူတစ်ဦးက ပြောသည်။

ကျွဲကောသီးသည် အရည်အသွေးကောင်း အသီးမျိုးကို စိုက်ပျိုးပါက စိုက်ပျိုးသူများအတွက် အမြတ်ကျန်ပြီး ရေရှည်ဈေးကွက်လည်းရှိသည့် သီးနှံအမျိုးအစားဖြစ်ကြောင်း သိရသည်။

မိုန်ကနိမ်းကျေးရွာ အုပ်စုမှ ကျွဲကောခြံပိုင်ရှင်တစ်ဦး ဖြစ်သူ ဦးချစ်ညွှန့်က ကျွဲကောပင် ၂၀၀ တွင် အသီး ၁၇၀၀၀ ထွက်ရှိပြီး ရောင်းရငွေမှာ ကျပ်သိန်း ၁၄၀ ရရှိကြောင်း၊ ကုန်ကျစရိတ် စုစုပေါင်း ကျပ် ၂၅ သိန်းဖယ်ပြီး အသားတင်ဝင်ငွေ ကျပ် ၁၁၅ သိန်းအထိ ရှိကြောင်း ပြောသည်။ ကျွဲကောခြံစိုက်ပျိုးသူတစ်ဦးကလည်း ကျွဲကောတစ်ပင်မှ နှစ်စဉ်ရရှိသည့် အကျိုးအမြတ်မှာ ကျပ် ၃၅၇၀၀ အထိရှိကြောင်း ပြောသည်။

ကျွဲကောပင်များစိုက်ပျိုးရာတွင် မျိုးပွားစိုက်ပျိုးနည်းဖြင့် လျင်မြန်စွာ အသီးသီးနိုင်သည့် နည်းလမ်းများကိုလည်း အသုံးပြုစိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။ ကျွဲကောပင် အကိုင်းတစ်ကိုင်းတွင် မျိုးကောင်းအဖူးကိုသွင်းပြီး ဟော်မုန်းဆေးကို သုတ်လိမ်းပေးပါက တစ်ပတ်၊ နှစ်ပတ်အတွင်း အတက်ထွက်လာနိုင်ကြောင်း၊ အပင်သစ်များ ပျိုးထောင်ပြီး ပျိုးပင်များရောင်းချခြင်း၊ မိမိခြံတွင် စိုက်ပျိုးခြင်းဖြင့် ခြံရှင်များအနေဖြင့် ကျွဲကောသီးဈေးကွက် ရေရှည်တည်တံ့ခိုင်မြဲအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ။

**သတင်းဆောင်းပါး–မုဒုံမောင်မောင်**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့

Shangri-La Hotel, Grand Ballroom ၌ ကျင်းပပြုလုပ်သော

(၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်ထိပ်သီးအစည်းအဝေးပွဲ၏

ASEAN Winner for the ASEAN Business Awards (2015)

အာဆီယံစီးပွားရေးထူးချွန်ဆုချီးမြှင့်ပွဲတွင် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်

**"အမျိုးသမီးစီးပွားရေး ထူးချွန်လုပ်ငန်းရှင်–ပထမဆု"**

**(ASEAN Woman Entrepreneur of the Year 2015 Award)** ကို

**မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ်**

**"KBZ BANK နှင့် KBZ Group of Companies" ၏ ဒုတိယဥက္ကဋ္ဌ**

**"သီဟသုဓမ္မ သိင်္ဂီ၊ သီရိသုဓမ္မ သိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီ**

**ဒေါ်နန်းသန်းထွေး–လူမှုထူးချွန်ပထမဆင့်"** မှ

လက်ခံရရှိခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**အချစ်ဆုံးသူငယ်ချင်းများ**

**ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ခင်မေရီထွန်း၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်အေးအေးသိန်း၊ ဒေါ်အေးအေးသန်း**

1980 - BEd.


CONSTRUCTION, POWER & MINING
Myanmar 2015

The 3rd International Construction, Power & Mining Exhibition
တတိယအကြိမ်မြောက် နိုင်ငံတကာ ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေး ကုန်စည်ပြပွဲ

Visit

The 3rd international exhibition for the building & construction, electrical power & renewable energy and mining & minerals recovery for Myanmar.

Including:
- Over 160 leading companies from around the world
- 6 international groups from China, France, Germany, Korea, Singapore and Taiwan
- Industry Conferences & Seminars

26-28 November 2015

Myanmar Convention Centre (MCC)
Yangon • 9.00-17.00 Hrs.
စီးပွားရေးလုပ်ငန်းရှင်များသာ၊ အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု



Visitors can pre-register online or onsite at the exhibition
www.cpmmyanmar.com

Supported by: MCEA, REAM, Myanmar Engineering Society, Yangon Electricity Supply Board
Acknowledged by: Ministry of Commerce, Ministry of Electric Power, Ministry of Construction, Ministry of Mines
Platinum Sponsor: Z&A
Gold Sponsor: SANY
Supporting Media: Oxford Business Group
Organised by: BES, Allworld Exhibitions

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌

ကျင်းပပြုလုပ်သော (၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီး အစည်းအဝေးပွဲ၏

ASEAN Winner for the ASEAN Business Awards (2015)

အာဆီယံစီးပွားရေးထူးချွန် ဆုချီးမြှင့်ပွဲတွင် အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက်

**အမျိုးသမီးစီးပွားရေး ထူးချွန်လုပ်ငန်းရှင် -ပထမဆု**

**(ASEAN Woman Entrepreneur of the Year 2015 Award)**ကို

မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ်

**"KBZ BANK နှင့် KBZ Group of Companies"** ၏ဒုတိယဥက္ကဋ္ဌ

**"သီဟသုဓမ္မ သိင်္ဂီ၊ သီရိသုဓမ္မ သိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီ**

**ဒေါ်နန်းသန်းထွေး - လူမှုထူးချွန်ပထမဆင့်"**

မှလက်ခံရရှိခြင်း အတွက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နောင်အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို

ဆထက်တံပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

AYA Bank
ရာဝတီဘဏ်

ဦးဇော်ဇော် + ဒေါ်ဌေးဌေးခိုင်

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတား ဒါယိကာမကြီး**
## ဒေါ်ညွန့်တင်(ခ)လူလေဟွန်း အသက်(၈၄)နှစ်
**စိန်မြားကြာဆံစက်၊ သုံးခွမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အမှတ် ၉၅၊ အောင်ဇေယျလမ်းနေ ဦးသန်းမြင့်-ဒေါ်မြင့်မြင့်ကြည်(LASER MEDIA)တို့၏ချစ်လှစွာသောမိခင် ဒေါ်ညွန့်တင်(ခ)လူလေဟွန်းသည် ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒေါ်လင်းလင်းတင်နှင့်မိသားစု**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးမြတ်ထွန်း အသက်(၇၈)နှစ်
**တိုင်းရင်းဆေးသမားတော်ကြီး**

ဒေါက်တာကျော်စိုး(သစ်တောနှင့် စွမ်းအင်ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)-ဒေါ်လဲ့လဲ့အေးတို့၏ဖခင်၊ ဒေါ်စိုးစိုးလင်း၏ခင်ပွန်း ဦးမြတ်ထွန်း အသက် (၇၈)နှစ်သည် ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးဝင်းရှိန်
**ပညာရေးမှူး(ငြိမ်း)၊ ရေးမြို့**
**ဥက္ကဋ္ဌ၊ မာရဒေဝီပညာရေးဖောင်ဒေးရှင်း၊ ရေးမြို့**
**အသက်(၇၃)နှစ်**

ဦးဝင်းရှိန်(ပညာရေးမှူး၊ ငြိမ်း၊ ဥက္ကဋ္ဌ၊ မာရဒေဝီပညာရေးဖောင်ဒေးရှင်း သည် ၂၀-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ**
**မာရဒေဝီပညာရေးဖောင်ဒေးရှင်း၊ ရေးမြို့**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးထွန်းအောင်ကျော်
**အသက်(၇၃)နှစ်**

ရန်ကုန်အဲဝေးစ်၊ ပျံသန်းရေးဌာနမှ Captain လင်းနိုင်အောင်၏ဖခင် ဦးထွန်းအောင်ကျော်သည် ၂၁-၁၁-၂၀၁၅ရက် ညနေ ၃း၃၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်အဲဝေးစ် မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်မူမူနိုင်
**အသက်(၇၀)**

ကိုငြိမ်းချမ်း-မရွှေဝါဖူးတို့၏မိခင် ဒေါ်မူမူနိုင် အသက်(၇၀)သည် ၂၁-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**EMBA (14th Batch)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) အသက်(၆၆)နှစ်
**O.T.S-43၊ စီမံထူးချွန်(ဒုတိယဆင့်)၊ ဒုမန်နေဂျင်းဒါရိုက်တာ**
**ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်**
**မြန်မာစီးပွားရေးဦးပိုင်လီမိတက်**
**နာယက(ဘိုကလေးမြို့နယ်အသင်း)**

(ဒေါ်ဖြူဖြူ)၏ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးဇော်ဦး-မယဉ်မင်းထိုက်၊ ကိုမျိုးသီဟတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်သည် ၁၈-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၃နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးခင်မောင်ထွန်း(ပဲခူး) အသက်(၅၉)နှစ်

ပဲခူးမြို့နေ (ဦးခင်ဇော်-ဒေါ်နုနုခင်)တို့၏သား၊ မိတ္ထီလာမြို့နေ (ဦးမြင့်အောင်-ဒေါ်ဝင်းကြည်)တို့၏သားသမက်၊ ပဲခူးမြို့၊ မဟာမြိုင်မြို့သစ်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၈/၆၃)နေ ဒေါ်မာမာဦး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်၊ ဒေါ်အမာ၊ ဒေါ်မြမြတို့၏တူ၊ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း(ငြိမ်း) ကာကွယ်ရေးဦးစီးချုပ်-လေ၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန) - ဒေါ်ထွေးထွေးညွန့်တို့၏ညီ/မောင်၊ ဗိုလ်လောင်းရဲမိုးအောင်(စစ်တက္ကသိုလ်)၊ မောင်စိုးမိုးအောင် (အထက-၃၊ ပဲခူး) တို့၏ဖခင်သည် ၂၁-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးစောထူးသာ (ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်အမာကြူ**

**သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးခင်မောင်ထွန်း(ပဲခူး) အသက်(၅၉)နှစ်

ဒေါ်မာမာဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း(ငြိမ်း) ကာကွယ်ရေးဦးစီးချုပ်(လေ)-ဒေါ်ထွေးထွေးညွန့်တို့၏ညီ/မောင်၊ ဗိုလ်လောင်းရဲမိုးအောင်(စစ်တက္ကသိုလ်)၊ မောင်စိုးမိုးအောင်(အထက-၃၊ ပဲခူး)တို့၏ဖခင်သည် ၂၁-၁၁-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သိန်းရွှေ (ဓနုဖြူမြို့နယ်အသင်း၊ ရန်ကုန်)
**အသက်(၁၀၀)**

ဓနုဖြူမြို့နယ်အသင်း၊ ရန်ကုန်၏ရာသက်ပန်မိခင်၊ ဓနုဖြူမြို့၊ (၄)ရပ်ကွက်၊ အောင်စုမင်္ဂလာလမ်း၊ အမှတ် ၂၄နေ (ဦးစိန်သီး)၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၁၇နေ တိုင်းရင်းဆေးသမားတော်ကြီး ဒေါက်တာအောင်ဇေယျာမင်း(ခ)ဦးစောညွန့်မြိုင်(အောင်ဇေယျာမင်းဆေးတိုက်၊ အောင်ဇေယျာမင်းကုမ္ပဏီလီမိတက်၊ ဈေးချို၊ တိုင်းရင်းဆေးအထူးကုဆေးခန်း၊ မန္တလေး)၏မိခင်ကြီးသည် ၂၂-၁၁-၂၀၁၅ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့ တောင်အင်း မြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မန္တလေးမြို့၊ ၈၄လမ်း×၂၇လမ်းထောင့်ရှိ တိုင်းရင်းဆေးကုခန်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်ရွှေ (ကွမ်းခြံ)
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကွမ်းခြံမြောက်ပိုင်း၊ လှည်းတန်းလမ်းမကြီး၊ တိုက် ၂၀၈/၂၁၂၊ အခန်း ၁၀၁၊ (ဟံသာရိပ်မွန်)နေ (ဦးစိန်-ဒေါ်ရင်)တို့၏သမီး၊ (ဦးကံထွန်း-ဒေါ်စိန်စိန်)၊ (ဒေါ်သန်းရီ)၊ (ဦးလှအောင်-ဒေါ်လှတင်)၊ (ဒေါ်သန်းကြည် ၊ ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏ညီမ၊ (ဦးကျော်ညွန့်-ဒေါ်မြကြီး)၊ ဒေါ်မြရွှေ(ဆရာမ၊ငြိမ်း)၊(ဒုတိယဗိုလ်မှူးကြီးလှိုင်အောင်-ဒေါ်သန်းတင်)၊ ဒေါ်သန်းသန်းငွေ(ကျောင်းအုပ်ဆရာမကြီး၊ အထက-၄၊ အလုံ၊ ငြိမ်း) တို့၏အစ်မကြီးသည် ၂၃-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်းမယ်တော်ကြီး**
## ဒေါ်ခင်အေး (သန်လျင်)
**အသက်(၇၄)နှစ်**

ပဲခူးမြို့၊ မြို့မဇေယျဝတီကျောင်းတိုက်၏ပဓာနနာယကာ ဘဒ္ဒန္တကုန္တက၏အဒေါ်၊ ကော့မှူးမြို့နယ်၊ပိန္နဲကုန်းကျေးရွာ၊ အောင်မင်္ဂလာဒက္ခိဏာရုံသီကျောင်းဆရာတော် ဘဒ္ဒန္တကောဏ္ဍည (အနုရက္ခိတ ပရဟိတဆရာတော်)၏ရဟန်းမယ်တော်၊ သန်လျင်မြို့၊ ကျောင်းကုန်းဆိပ်ကြီး၊ အေးသစ္စာရပ်ကွက်၊ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာလောက၏ဘွားလေး၊ ဆရာကြီးဦးကြည်သိန်း၏ဇနီး၊ ဦးအေးချို-ဒေါ်စန်းစန်း၊ ဦးအေးလွင်-ဒေါ်နီနီထွန်း၊ ဦးအေးသွင်-ဒေါ်ခင်မာဆွေ၊ ဦးစိန်အေး-ဒေါ်သန်းသန်းမော်၊ ကိုဇော်မင်းထွန်း-မမိုးမိုးထွန်း၊ ကိုကျော်မင်းထွန်း-မကြည်ကြည်ခိုင်တို့၏ချစ်လှစွာသောမိခင်၊မြေး ၁၁ယောက်တို့၏အဘွားသည် ၂၃-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် သန်လျင်မြို့၊ အေးမေတ္တာရပ်ကွက်နေအိမ်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စောကြည် (ဒေးဒရဲ)
**အသက်(၇၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ဝါးကမယ်ကျေးရွာနေ (ဦးဖိုးစိန်-ဒေါ်သိန်းလှ)တို့၏သမီး၊ (ဦးချစ်-ဒေါ်စိန်မှင်)တို့၏ချွေးမ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဓမ္မာရုံလမ်း၊ (၁၂)ရပ်ကွက်၊ အမှတ်(၃၃/က)နေ (ဦးအေးသောင်)၏ဇနီး၊ မအေးဝင်း၊ ကိုဝင်းနိုင်၊ ကိုမြင့်ဇော်၊ ကိုမြင့်စန်းတို့၏မိခင်သည် ၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၆း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စန်းရီ အသက်(၇၃)နှစ်
**(မော်ဝန်း၊ ကျောက်တန်း) (ကွင်းပေါက်ကျေးရွာ)**

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ ၂၁လမ်းအနောက်၊ အမှတ် ၅နေ (ဦးထွန်းမောင်-ဒေါ်တင်မြင့်)တို့၏သမီး၊ ဦးသောင်းအေး-ဒေါ်ခင်ခင်၊ ဦးတင်ရှိန်(ရတနာနည်းပြ)-(ဒေါ်တင်တင်ညို)၊ဦးဉာဏ်မြင့်-(ဒေါ်တင်မို)၊ ဦးမြင့်ဆန်း-(ဒေါ်နှင်းရီ)၊ဦးနုဝင်း-(ဒေါ်စန်းစန်းသော်)၊ ဦးသိန်းထွန်း-ဒေါ်မြင့်ဌေးတို့၏အစ်မ၊ တူ၊တူမ ၁၅ယောက်တို့၏ကြီးကြီးသည် ၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၈း၃၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းတည့်၁၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးခင်မောင်ထွန်း (ပဲခူး)
**အသက်(၅၉)နှစ်**

ပဲခူးမြို့နေ (ဦးခင်ဇော်-ဒေါ်နုနုခင်)တို့၏သား၊ မိတ္ထီလာမြို့နေ (ဦးမြင့်အောင်-ဒေါ်ဝင်းကြည်)တို့၏သားသမက်၊ ပဲခူးမြို့၊ မဟာမြိုင်မြို့သစ်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၈/၆၃)နေ ဒေါ်မာမာဦး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်၊ ဒေါ်အမာ၊ ဒေါ်မြမြတို့၏တူ၊ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း(ငြိမ်း) ကာကွယ်ရေးဦးစီးချုပ်-လေ၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန) - ဒေါ်ထွေးထွေးညွန့်တို့၏ ညီ/မောင်၊ ဗိုလ်လောင်းရဲမိုးအောင်(စစ်တက္ကသိုလ်)၊ မောင်စိုးမိုးအောင်(အထက-၃၊ ပဲခူး) တို့၏ဖခင်သည် ၂၁-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ**

---

## ဒေါ်စန်းမြ(ခ)ဒေါ်စန်း
**အလှကုန်ဆိုင်နှင့်အထည်ချုပ်ဆိုင်၊ (၇)ဈေး၊ သာကေတ**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အနောက်၊ အောင်ချမ်းသာ ၆လမ်း၊ အမှတ် ၇၀၀နေ (ဦးတင်အောင်-ဒေါ်တင်နု)တို့၏သမီး၊ (ဦးဘစီ-ဒေါ်စောရီ)တို့၏သမီးချွေးမ၊ ဦးဝင်းမြင့်(ခ)ဦးတိုးချို၏ဇနီး၊ မောင်ပြည့်ဖြိုးအောင်-မတိုးတိုး၊ မစုစုမာတို့၏မိခင်၊ မောင်တည်ခန့်ထည်၏အဘွားသည် ၂၃-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဒေးဒရဲမြို့နယ်အသင်း**
**သက်ကြီးကန်တော့ခံ**
## ဒေါ်စိန်တင် (ဒေးဒရဲ)
**အသက်(၉၇)နှစ်**

ဒေးဒရဲမြို့နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ အမှတ် ၁၅၁ နေ ဦးစံယု၏ဇနီး၊ ဒေးဒရဲအသင်းဝင်များ ဖြစ်ကြသော ဒေါ်သန်းမြင့်၊ (ဦးကြည်)၊ ဦးမြင့်ကြည်(USA)-ဒေါ်ညွန့်ညွန့်မေ (USA)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၁၅ရက်(သောကြာနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၄-၁၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဒေးဒရဲအသင်းဝင်များလိုက်ပါပို့ဆောင်နိုင်ရန်အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ဒေးဒရဲမြို့နယ်အသင်း

အမှုဆောင်အဖွဲ့

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်တင်ရွှေ (မြိတ်)
**အသင်းဝင်အမှတ်(၅၀၄၁)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ကောက်လျင်လမ်း၊ တိုက် ၁၇၁/၇နေ ဦးဟံတင်၏ဇနီးသည် ၂၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြည်မေသက်(ခ) ဒေါ်ကြည်ကြည် (ပဲခူး)
**အသက်(၈၆)နှစ်**

ပဲခူးမြို့နေ (ဦးဘသက်-ဒေါ်တင်မေ)တို့၏သမီး၊ (ဦးစိန်ဝင်း-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ အမှတ် ၄၇၇၊ ဓမ္မာရုံလမ်းနေ ဦးလှကြည်၏ချစ်လှစွာသောဇနီး၊ ယန္တရားတပ်ခွဲ(တောင်)၊ စာရင်းကိုင်အုပ်(ငြိမ်း) ဒေါ်ခင်စိန်၏အစ်မ၊ (ဦးတင်ညွန့်)-ဒေါ်သစ်သစ်ဦး(အလပြ၊ အထက-၄၊ မ/ဒဂုံ)၊ ဦးတင်မောင်မောင်ဦး(မန္တလေး)၊ ဦးကျော်နိုင်ဌေး - ဒေါ်စပယ်ဦးတို့၏မိခင်၊ မောင်စည်သူထက်၊ မောင်ခန့်ဇေယျာတို့၏အဘွားသည် ၂၃-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၁-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ဇရပ်၊ စောင်းတန်း၊ရေကန်ဒါယကာကြီး**
## ဦးတင်စိန်(ခ)ဦးတိတ်ဘိန်း
**(မော်လမြိုင်၊ ဖက်တန်းရပ်)**
**အသက်(၆၈)နှစ်**

မော်လမြိုင်မြို့၊ တောင်ပေါ်တန်းရပ်ကွက်၊ ပဲဆီရုံလမ်းကြားနေ(ဦးတင်လှ-ဒေါ်ပန်း)တို့၏သား၊ ဒေါ်ရင်မြင့်(ထုံးအိုင်၊ ဘားအံ)၏ခင်ပွန်း၊ [မောင်ကျော်ခိုင်ဦး(ခ)မောင်ခင်ဝင်း]၊ မောင်မျိုးထွန်းဦး-မအေးအေးမော်၊ မခင်သီတာဦး(ခ)မမီး၊ [မောင်ညီညီထွန်း(ခ)အန်းကူလေး)-မရီရီမြင့် (ငါးဆူတောင်)]၊ မိတ်ကပ် မသူဇာလွင် (ခ) မသဲသဲ (MRTV NRC)၊ မောင်ရန်နိုင်ထွန်း(ခ) မိတ်ကပ် M မလိုင်း၊ မအေးစန္ဒာလှိုင်(ခ)ပိပိ၊ မောင်ဇေယျာထွန်း၊ မောင်ဖြိုးသက်ပိုင်(ခ)မိတ်ကပ် ပိုးပိုးတို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)ည ၁၁း၀၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)တွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [တိုက် ၂၆၊ အခန်း ၈၊ ပေါ်ဆန်းမွှေးလမ်းသွယ်-၂၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသောမာစာရ
**သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာတိုက်၊ ခေမာဘယ(ထားဝယ်) ကျောင်း ပဓာနနာယက လဋ္ဌီပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော ဘဒ္ဒန္တသောမာစာရ ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) ၂၁-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) ၂၇-၁၁-၂၀၁၅ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျောင်းတိုက်ဆရာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တနာရဒ(ပုတီးကုန်း) (ဝိနယဓရ၊ သာသနဓဇဓမ္မာစရိယ)
**သက်တော်(၅၇)နှစ်၊ သိက္ခာတော်(၃၇)ဝါ**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ်အောင်မင်္ဂလာစာသင်တိုက်ကြီး၌ သီတင်းသုံးတော်မူသော စာချနာယကဆရာတော် ဘဒ္ဒန္တနာရဒ (ဝိနယဓရ၊ သာသနဓဇဓမ္မာစရိယ)သည် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) ၂၁-၁၁-၂၀၁၅ရက်(စနေနေ့)ည ၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) ၂၉-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) စျာပနကော်မတီ

---

## ဦးအုန်းဟန်(ဖိုးသာထူး) အသက်(၈၁)နှစ်
**ကျောင်းကုန်း**

ကျောင်းကုန်းမြို့နေ (ဦးချမ်းအေး-ဒေါ်ခင်သွင်)တို့၏သားလတ်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ယုဇနလမ်း၊ အမှတ် ၃၄(သုံးလွှာ)နေ ဒေါ်အေးသန်း၏ခင်ပွန်း၊ ဦးစိုးညွန့်လွင်-ဒေါ်တင့်တင့်အုန်း၊ Mr. Yap Poo Tham-ဒေါ်ဆွေဆွေအုန်း၊ ဦးကျော်ကျော်ဟန်၊ ဦးမောင်မောင်အောင်-ဒေါ်မော်မော်အုံး၊ ဦးမင်းဦး-ဒေါ်စန္ဒာစိုး၊ (ဦးကျော်စိုးမိုး)-ဒေါ်သီတာ၊ ဦးသိန်းထိုက်စိုး-L ဂျိုနူးတို့၏ဖခင်၊ မြေးရှစ်ယောက်၏အဘိုးသည် ၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်း ဒါယကာကြီး**
## ဦးအောင်သန်းလွင်(ကိုလတ်)(ခ)စောဘွားကြီး
**စုံစမ်းစစ်ဆေးရေးမှူး၊ စစစ(ငြိမ်း)၊အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ယုဇနကုမ္ပဏီ**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ ၄လမ်းနေ (ဦးအုန်းကြိုင်)-ဒေါ်စိန်တင်တို့၏သား၊ ရွှေပေါက်ကံမြို့သစ်နေ(ဦးသိန်းလွင်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဦးတင်ထွန်းအောင်-ဒေါ်ချိုချိုလွင်တို့၏ညီ/မောင်၊(ဦးတင့်လွင်)၊ ဒေါ်နီလာကြိုင်တို့၏အစ်ကို၊ အမှတ် ၇၀၉-၁၄/၆၊ ဟံသာဝတီလမ်း၊ ရွှေပေါက်ကံမြို့သစ်နေ ဒေါ်ခင်မြလွင်(အလက-၁၀၊မ/ဥ)၏အစ်ကို၊ ဒေါ်မြမြလွင်၏ခင်ပွန်းသည် ၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၁၁း၂၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၄-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၅နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (ရွှေပေါက်ကံနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍၂၈-၁၁-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေပေါက်ကံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမြသောင်း (ရန်ကင်း)
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် ၄လမ်း၊ အမှတ် ၄၃နေ(ဦးလှသိန်း-ဒေါ်ပု)တို့၏သား၊ ဒေါ်အေးသန်း၊ ဦးထွန်းစိန်တို့၏အစ်ကို၊ ဦးမောင်မောင်သက်၊ ဦးမျိုးတင့်၊ (ဒေါ်ခင်သက်ဆွေ)၊ ဒေါ်လဲ့လဲ့တို့၏ဖခင်၊ (ဒေါ်ရင်ရင်မြင့်)၏ခင်ပွန်းသည် ၂၂-၁၁-၂၀၁၅ရက် ညနေ ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၅ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ဝင်း
**ပါတီဌာနချုပ်(ငြိမ်း)၊ မှတ်တမ်း**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် ၁၂၁၊ မှန်ခန်း၊ ဝဲဘက်ခြမ်းနေ ဒေါ်ခင်ကြည် (တရားလွှတ်တော်ရှေ့နေ)၏ခင်ပွန်း၊ ဦးစိန်ဝင်း(ငြိမ်း၊ ဗဟိုပုံနှိပ်တိုက်)-(ဒေါ်မေသန်းတင်)၊ ဒေါ်သန်းစိန်(ငြိမ်း၊ အထက-၂၊ တာမွေ)၊ ဦးမြင့်စိုး(တရားလွှတ်တော်ရှေ့နေ)-ဒေါ်နုနု (တရားလွှတ်တော်ရှေ့နေ)၊ ဦးမြင့်ထွန်း(ငြိမ်း၊ကျန်းမာရေးဦးစီး)-ဒေါ်သန်းသန်းအေး၊ ဒေါ်ရီရီမြင့် (ငြိမ်း၊ အထက-၁၊ ဒလ)တို့၏အစ်ကို၊ ဗိုလ်ကြီးကျော်ကျော်(တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်)၏ဖခင်ကြီး၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏ဘိုးလေးသည် ၂၃-၁၁-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတား ဒါယိကာမကြီး**
## ဒေါ်ညွန့်တင်(ခ) လူလေဟွန်း
**စိန်မြားကြာဖံစက်၊ သုံးခွမြို့**
**အသက်(၈၄)နှစ်**

ပဲခူးမြို့နေ (ဦးဟုတ်ရာ-ဒေါ်ဟွန်းနား)တို့၏သမီး၊ (ဦးဟေရာ-ဒေါ်ခင်စိန်)၊ (ဦးခင်)-ဒေါ်လှကျင်၊ (ဦးဖိုးကောက်)-ဒေါ်ကြင်ငွေ၊ (ဦးစံရင်)-ဒေါ်ရီရီအေးတို့၏ညီမ၊ (ဦးလွန်းမောင်)-ဒေါ်ကြင်မြင့်၊ ဦးမြင့်ဝေ-ဒေါ်စောတင်တို့၏အစ်မ၊ သုံးခွမြို့နေ [ဦးဟိုးကြီး(ခ)ဦးမောင်ခိုင်]၏ ဇနီးသည် ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးတင်ထူး
**(လ/ထ အင်ဂျင်နီယာ၊ ငြိမ်း)**
**အသက်(၆၅)နှစ်**

သထုံမြို့၊သိမ်ကုန်းရပ်ကွက်၊ ရေစက်ပိုင်ဆောက်လုပ်ရေးဝင်းနေ ဦးမောင်ကြီး-ဒေါ်ခင်တီတို့၏သား၊ ဒေါ်ခင်သန်းဦး (ခ) ဒေါ်ခင်ခင်ဦး၏ ခင်ပွန်း၊ ဦးသန့်ဇင်ဝင်း - ဒေါ်ဌေးဌေးအောင်၊ ဦးခိုင်ထွန်းဝင်း - ဒေါ်ရတနာအောင်၊ မခိုင်သန္တာငြိမ်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၃-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ဂေါ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁၁-၂၀၁၅ရက် (သောကြာနေ့)နံနက် ၆နာရီတွင် သိမ်ကုန်းရပ်ကွက်၊ ရေစက်ပိုင်ဆောက်လုပ်ရေးဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရန်ကုန် JUNCTION SQUARE ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၇) ရပ်ကွက် ပြည်လမ်းပေါ်ရှိ JUNCTION SQUARE ကုန်တိုက်၌ နိုဝင်ဘာ ၂၃ ရက် ည ၈နာရီခန့်က မီးလောင်မှုဖြစ်ပွားသည်။

JUNCTION SQUARE ဒုတိယအထပ်ရှိ YKKO ကြေးအိုးဆိုင်မှ မျက်နှာကြက်တွင် တပ်ဆင်ထားသော လေးပေမီးချောင်းပြုတ်ကျရာမှ ရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ကျွမ်းရခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့မှ အရာရှိတစ်ဦးက မီဒီယာများသို့ ရှင်းပြခဲ့သည်။

"ပတ်ဝန်းကျင်က ညှော်နံ့ရလို့ အကြောင်းကြားတော့ မီးသတ်ကားစေလွှတ်မှုကို Level 2 အထိစေလွှတ်ခဲ့တယ်။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာ YKKO ကြေးအိုးဆိုင်အတွင်းက မီးခိုးတွေထွက်နေတာကို တွေ့လို့ အတွင်းကို ဝင်ရောက်ငြိမ်းသတ်မှုတွေလုပ်ခဲ့တယ်။ မိနစ်ပိုင်းလောက်ပဲ လောင်ခဲ့တာပါ။ လတ်တလောအခြေအနေမှာတော့ ဆိုင်အတွင်းမျက်နှာကြက်က မီးချောင်းပြုတ်ကျနေတာတွေ့ရလို့ မီးချောင်းကနေ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး လောင်တာလို့ ယူဆရပါတယ်။ သေချာအောင် မျက်နှာကြက်အတွင်းမှာ ရှာဖွေမှုတွေလုပ်နေပါတယ်"ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက ပြောသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖




JUNCTION SQUARE မီးလောင်ရာတွင် အဆင့်မြင့်လှေကားပါ မီးငြိမ်းသတ်ရေးယာဉ်များ မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

# ဟားခါးမြို့တွင် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် လူခြောက်ဦးသေဆုံး



သတင်း - ခင်ရတနာ
ဓာတ်ပုံ - The Hakha Post



**ဟားခါး နိုဝင်ဘာ ၂၃**

ချင်းပြည်နယ်မြို့တော် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် သီတာလမ်း အိမ်အမှတ်-၃၉၅ ဦးယောနသန်၏ နေအိမ်တွင် နိုဝင်ဘာ ၂၂ ရက် ည ၁၀နာရီ မိနစ် ၄၀ က ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် လူခြောက်ဦးသေဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း၊ ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ယမ်းနှင့် ဆက်စပ်ပစ္စည်းများ လျှို့ဝှက်သယ်ဆောင် ထိန်းသိမ်းထားစဉ် မတော်တဆပေါက်ကွဲမှု ဖြစ်ပွားရခြင်းဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန် ထားသည်။

"သတင်းရတာနဲ့တစ်ပြိုင်နက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနဲ့ တာဝန်ရှိသူတွေအားလုံး ရောက်ရှိလာခဲ့ပါတယ်။ ဒဏ်ရာရသူတွေကို အမြန်ဆုံး ဆေးရုံပေါ် တင်ပို့ထားတယ်။ ပေါက်ကွဲတဲ့နေအိမ်က နှစ်ထပ်အိမ်ဖြစ်ပါတယ်။ ထန်တလန်ကနေ လာပြီးငှားနေကြသူတွေရဲ့ နေရာကနေ

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐


ယနေ့ ဖတ်စရာ

ဖားကန့်မြေပြိုမှု တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းများနှင့် ဒေသခံများပူးပေါင်းကာ ဆက်လက်ရှာဖွေနေ စာ » ၁၂

သပိတ်ကျင်းမြို့နယ်မှ ရွှေတူးဖော်တွေ့ရှိနေသည့်နေရာတွင် တရားမဝင်တူးဖော်ခြင်း ဆက်မပြုရန် အသိပေးထား စာ » ၁၁

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၅၊ ဖက်စ် ၀၆၇-၃၆၁၃၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၃။

I. E. M Company Limited
Total Power Solution for YOU
(Better Solutions Always)
Official distributor of
Schneider Electric



Schneider Electric ပစ္စည်းများ၏
Retail Promotion Campaign
1st Oct - 31st Dec 2015
အရောင်းကိုယ်စားလှယ် (Authorised reseller) ဆိုင်များတွင် စတင်နေပါပြီ။
Contact No: 01 430043, 01 430060 , 01 543037 ,09 5188568 ,09 421101033